ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၇ ခုနှစ် ၊ နယုန်လပြည့်ကျော် (၂)ရက် ၊ ကြာသပတေးနေ့ ၊ (12-6-2025) ၊ အတွဲ (၃၄) ၊ အမှတ် (၀၄၃)

ဒီတာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်

ပြင်ဦးလွင်ဒေသ ရေဖူလုံစွာရရှိရေး၊ ပညာရေးကဏ္ဍမြင့်မားရေး၊ သာယာလှပရေးဆောင်ရွက်ထားရှိမှုကို လိုက်လံကြည့်ရှုစစ်ဆေး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဆင်လမ်းရေလှောင်တမံအတွင်း ရေသိုလှောင်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

နေပြည်တော် ၆နိ ၁၁

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူတို့လိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် ပြင်ဦးလွင်ဒေသ ရေဖူလုံစွာရရှိရေး၊ ပညာရေးကဏ္ဍမြင့်မားရေးနှင့် သန့်ရှင်းသာယာလှပရေးဆောင်ရွက်ထားရှိမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဆင်လမ်းရေလှောင်တမံ ရေပိုမိုသိုလှောင်ထားရှိနိုင်ရေး

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဆင်လမ်းရေလှောင်တမံသို့ ရောက်ရှိကြပြီး ပြင်ဦးလွင်ဒေသ ရေဖူလုံရေးအတွက် ရေလှောင်တမံအား အဆင့်မြှင့်တင်ဆောင်ရွက်သွားနိုင်မည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်နှင့် **စာမျက်နှာ ၁၆ ကော်လံ ၁** ☞

ရတနာပုံ
၂၀၂၅ ခုနှစ် ဇွန် ၁၂ ရက်
အယ်ဒီတာ့အာဘော်

ကိုဗစ်-၁၉ ရောဂါ ကျန်းမာရေးအသိ၊ သတိဖြင့် ကာကွယ်ပါ

ကိုဗစ်-၁۹ ရောဂါကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့က နိုင်ငံတကာ ပြည်သူ့ကျန်းမာရေးအရေးပေါ်အခြေအနေအဖြစ် ကြေညာခြင်းကို ၂၀၂၃ ခုနှစ် မေလက ရုတ်သိမ်းခဲ့သော်လည်း ကမ္ဘာအနှံ့၌ ကိုဗစ်-၁۹ ရောဂါကူးစက်မှုများ ကျန်ရှိနေဆဲဖြစ်သည်။ ယခုအခါ အဓိကကူးစက်ပျံ့နှံ့နေသည့် ကိုဗစ်-၁۹ ဗိုင်းရပ်မျိုးကွဲမှာ ကူးစက်လွယ် အိုမီခရွန်အုပ်စုမှ မျိုးဗီဇပြောင်းလာသော XEC မျိုးကွဲဖြစ်ပြီး မြန်မာနိုင်ငံ၏ အိမ်နီးချင်း ထိုင်းနိုင်ငံတွင် ကူးစက်မှုနှုန်း မြင့်မားလျက်ရှိသည်။

လက်ရှိတွင် ကျန်းမာရေးဝန်ကြီးဌာနသည် ကမ္ဘာတစ်ဝန်း၌ ကိုဗစ်-၁۹ ရောဂါကူးစက်ဖြစ်ပွားမှုနှင့် ဗီဇပြောင်းမျိုးကွဲသစ်များကို စဉ်ဆက်မပြတ် စောင့်ကြည့်လျက်ရှိသည်။ ယခုနှစ် ဇွန်လ ၁ ရက်မှ ဇွန်လ ၈ ရက်ထိ ဓာတ်ခွဲနမူနာပေါင်း ၂၁၅၄ ခုကို စစ်ဆေးခဲ့ရာ ကိုဗစ်-၁۹ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၃၁ ဦးတွေ့ရှိကြောင်း ဇွန် ၉ ရက်၌ ကျန်းမာရေးဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။ သတင်းထုတ်ပြန်သည့်ကာလအတွင်း ကိုဗစ်-၁۹ ရောဂါ ပြင်းထန်လူနာ၊ အထူးကြပ်မတ်ကုသမှုပေးရသောလူနာနှင့် ကိုဗစ်-၁۹ ရောဂါဖြင့် သေဆုံးသူမရှိသည့်အတွက် နိုင်ငံအတွင်း၌ ကိုဗစ်- ၁۹ ရောဂါ ကူးစက်ဖြစ်ပွား၊ သေဆုံးမှုနှင့်စပ်လျဉ်း၍ စိုးရိမ်ဖွယ်ရာအခြေအနေမရှိကြောင်း တွေ့ရှိရသည်။

မိမိတို့နိုင်ငံတွင် နိုင်ငံတော်အစိုးရ၏ ဦးဆောင်လမ်းညွှန်ပံ့ပိုးမှု၊ တာဝန်သိကျန်းမာရေးဝန်ထမ်းများ၊ နီးနွယ်ဝန်ကြီးဌာနများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပြည်သူများ၏ တက်ညီလက်ညီ ပူးပေါင်းပါဝင်ဆောင်ရွက်မှုများကြောင့် ကိုဗစ်-၁۹ ရောဂါ တတိယလှိုင်းအပါအဝင် ပြင်းထန်သည့်ကူးစက်ပျံ့နှံ့မှုများကို အချိန်တိုအတွင်း ကာကွယ်ထိန်းချုပ် ကျော်လွှားနိုင်ခဲ့သည့် မှတ်တမ်းကောင်းများရှိပြီးဖြစ်သည်။ ထို့ကြောင့် ၂၀၂၃ ခုနှစ် မေလ နောက်ပိုင်းမှစ၍ ယခု ၂၀၂၅ ခုနှစ် ဇွန်လဆန်းထိ ကိုဗစ်-၁۹ ရောဂါကြောင့် သေဆုံးရသူမရှိခဲ့ဘဲ စိုးရိမ်ဖွယ်ရာအခြေအနေမရှိခဲ့သည်မှာ နှစ်နှစ်ကျော်ပင် ရောက်ရှိခဲ့သည်ဖြစ်သည်။

သို့ရာတွင် ကိုဗစ်-၁۹ ရောဂါနှင့်စပ်လျဉ်း၍ စိုးရိမ်ဖွယ်ရာမဖြစ်သေးသော်လည်း ကမ္ဘာတစ်ဝန်း ကူးစက်ပြန့်ပွားနေသော အိုမီခရွန်မျိုးကွဲသစ် XEC ၏အန္တရာယ်ကို မပေါ့ဆမိရန် လိုအပ်ပါသည်။ မည်သည့် ကိုဗစ်ဗိုင်းရပ်ဖြစ်စေ ကြိုတင်ကာကွယ်ရာတွင် အထိရောက်ဆုံး၊ ရိုးရှင်းလွယ်ကူမှုအရှိဆုံး နည်းလမ်းများဖြစ်သည့် လူစုလူဝေးရှောင်ရှားခြင်း၊ မဖြစ်မနေသွားရောက်ရပါက ပါးစပ်နှင့်နှာခေါင်း စည်းဝတ်ဆင်ထားခြင်း၊ လက်ကိုရေနှင့်ဆပ်ပြာ သို့မဟုတ် ရေမလိုလက်သန့်စင်ဆေးရည်ဖြင့် မကြာခဏ စနစ်တကျဆေးကြောခြင်း၊ ကိုဗစ်-၁۹ ကာကွယ်ဆေး အကြိမ်ပြည့်နှင့်ထပ်ဆောင်းထိုးနှံ့မှုကို မပျက်မကွက်ခံယူခြင်း စသည့်နည်းလမ်းများနှင့် ကျန်းမာရေးဝန်ကြီးဌာန၏ ကိုဗစ်-၁۹ ရောဂါ ကာကွယ်ရေးဆိုင်ရာ ထုတ်ပြန်ချက်များကို အလေးထားလိုက်နာခြင်းတို့ကို ကျန်းမာရေးအသိ၊ ကျန်းမာရေးသတိဖြင့် စွဲစွဲမြဲမြဲလိုက်နာ၍ မိမိကိုယ်ကို ကာကွယ်နေထိုင်ကြရမည်ဖြစ်ပါသည်။

ယခု ဇွန်လ ၈ ရက်နေ့ထိ ကိုဗစ်-၁۹ ရောဂါလူနာသစ် ၃၁ ဦးတွေ့ရှိမှုသည် အိမ်နီးချင်းနိုင်ငံများ၌ ကူးစက်ပြန့်ပွားမှုများနှင့် နှိုင်းယှဉ်ပါက နည်းပါးလှ၍ စိုးရိမ်ဖွယ်ရာမရှိသေးသော်လည်း ကျန်းမာရေးဝန်ကြီးဌာန၏ထုတ်ပြန်ထားသော ရိုးရှင်းလှသည့် ကိုဗစ်-၁۹ ရောဂါ ကာကွယ်ရေးနည်းလမ်းများကို မေ့လျော့ပေါ့ဆပါက ကိုဗစ်-၁۹ မျိုးကွဲသစ်များ၏ အန္တရာယ်ပေးမှုသည် တစ်စခန်းပြန်ထလာမည်သာဖြစ်ပါသည်။ သို့ပါ၍ ကိုဗစ်-၁۹ ရောဂါဆိုးကြီးကို ယခင်ကိုဗစ်လှိုင်းများဒဏ် ကြံ့ကြံ့ခံအောင်နိုင်ခဲ့သည့် ထုံးကို နှလုံးမူ၍ မိမိကိုယ်တိုင်ကစပြီး ကျန်းမာရေးအသိ၊ ကျန်းမာရေးသတိဖြင့် ကာကွယ်တွန်းလှန်ကြရမည်ဖြစ်ပါကြောင်း အကြံပြုရေးသားလိုက်ရပါသည်။

ပြောင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၄၀၀၁ ဧက စိုက်ပျိုးမည်

ယခင်နှစ်က စပါးစိုက်ခင်းကို တွေ့ရစဉ်။

စစ်ကိုင်း ဇွန် ၁၁

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် ပြောင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၄၀၀၁ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပြောင်မြို့နယ်တွင် စပါး ၄၀၀၁ ဧကစိုက်ပျိုးရန် လျာထားပြီး အဆိုပါ စပါးစိုက်ပျိုးမှုကို ဇူလိုင်လအတွင်း စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ပြောင်မြို့နယ်အတွင်း စပါး ၄၀၀၁ ဧကစိုက်ပျိုးဖို့ လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ဆောင်ရွက်ပေးသွားမယ်။ မိုးစပါးစိုက်ပျိုးရာမှာ လိုအပ်တဲ့ နည်းပညာတွေ၊ မျိုးတွေဆောင်ရွက်ပေးမယ်။ ဒုတိယတောင်သူတွေ အနေနဲ့ မိုးစပါးတွေအချိန်မီစိုက်ပျိုးနိုင်ဖို့လဲ ကွင်းဆင်းဆောင်ရွက်ပေးမယ်"ဟု စစ်ကိုင်းခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါးစိုက်ပျိုးရာမှာ အခက်အခဲမရှိ စနစ်တကျစိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ပြောင်မြို့နယ်တွင် မိုးစပါးစိုက်ပျိုးမည့်တောင်သူများကို စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှု ကာကွယ်ရေးအသိပညာပေးခြင်း၊ သီးနှံများ ပျက်စီးဆုံးရှုံးမှုမရှိရေး အသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ပြောင်မြို့နယ်တွင် စပါးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်းကောင်းမွန်စေရန် မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှ ဝန်ထမ်းများက မျိုးကောင်းမျိုးသန့်ရွေးချယ်စိုက်ပျိုးခြင်း၊ ပိုးမွှားကျရောက်မှုကင်းထောက်ခြင်း၊ မျိုးကွဲနုတ်ပယ်ခြင်း၊ ဓာတ်မြေသြဇာ စနစ်တကျသုံးစွဲခြင်း စသည့်စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

စပါးကို အထွက်နှုန်းကောင်းမွန်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် စပါးကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွှေးကြိုးပမ်းသင့်ကြောင်း စစ်ကိုင်းခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြ၍ သိရသည်။

(၂၀၆)

မလှိုင်မြို့နယ် သိမ်ကုန်းမြောက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

မလှိုင် ဇွန် ၁၁

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများ တိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန်ရည်ရွယ်၍ သိမ်ကုန်းကျေးရွာအုပ်စု သိမ်ကုန်းမြောက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ထားရှိသော လုပ်ငန်းများကို ဇွန် ၁၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၆၃ ဒသမ ၂ သန်းဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းနှင့်အခြားလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ လအလိုက်ဖြည့်သွင်းရမည့်စာရင်းဇယားပုံစံများ ပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သိမ်ကုန်းမြောက်ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၆၃ ဦးကို ငွေကျပ် ၃၀ ဒသမ ၃ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၄၉ ဦးကို ငွေကျပ် ၂၅ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၆ ဦးကို ငွေကျပ် ၅ ဒသမ ၂ သန်းနှင့် အခြားလုပ်ငန်းလုပ်ကိုင်သူ ကိုးဦးကို ငွေကျပ် ၂ ဒသမ ၇ သန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၃၇ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၆၃ ဒသမ ၂ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

ဟိန်းထက်စိုး(မလှိုင်)

ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း ငရုတ်သီးစိမ်းပိသာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

ညောင်တုန်း ဇွန် ၁၁

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း ငရုတ်သီးစိမ်းပိသာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ညောင်တုန်းမြို့နယ် လယ်ယာထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ချိုမြင့်က ပြောပြသည်။

ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဧပြီလအတွင်း ငရုတ်သီးစိမ်းပိသာချိန် ၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး မေလအတွင်း ငရုတ်သီးစိမ်းပိသာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါဒေသမှ တင်ပို့ရောင်းချခဲ့သည့် ငရုတ်သီးစိမ်း ၁၀ ပိသာလျှင် ငွေကျပ် ၈၉၀၀၀ ဈေးပေါက်ကြောင်း သိရသည်။

''မေလအတွင်း ညောင်တုန်းမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ထဲကို ငရုတ်သီးစိမ်းပိသာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ဒေသထွက်ကုန်တွေကို ဧရာဝတီတိုင်းဒေသကြီးအတွင်းက အခြားမြို့နယ်တွေအပြင် ရန်ကုန်ဈေးကွက်ကိုလဲ တင်ပို့ရောင်းချနေတာ ဖြစ်ပါတယ်။ ညောင်တုန်းမြို့နယ်က ထွက်တဲ့ ဒေသထွက်ငရုတ်သီးစိမ်းတွေက အရည်အသွေးကောင်းပါတယ်။ ငရုတ်သီးစိမ်းက အရည်အသွေးကောင်းတော့ မှာယူမှုတွေလဲ များနေပါတယ်။ ရက်ရှည်အထား ခံပြီး တစ်ဆင့်ပြန်လည်ရောင်းချရာမှာ အဆင်ပြေပါတယ်''ဟု ညောင်တုန်းမြို့နယ် လယ်ယာထွက်ကုန်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ချိုမြင့်က ပြောပြသည်။

ညောင်တုန်းမြို့နယ်မှ ထွက်ရှိလာသော ငရုတ်သီးစိမ်းများသည် အရည်အသွေးကောင်းမွန်ကြောင်း၊ ထိုသို့ ငရုတ်သီးစိမ်းများ တင်ပို့ရောင်းချအားတက်လာခြင်း၊ ငရုတ်အရည်အသွေးကောင်းလာခြင်းကြောင့် ငရုတ်စိုက်တောင်သူများ၊ လုပ်သားများ၊ ကုန်သည်များ၊ ပွဲရုံပိုင်ရှင်များ အလုပ်အကိုင်အခွင့်အလမ်း ရရှိနေကြောင်း သိရသည်။

ကျော်ကျော်လင်း

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဧဝရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

ဝမ်းတွင်းမြို့နယ် သဘွတ်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် နို့စားနွားမွေးမြူရေးလုပ်ငန်းဆောင်ရွက်ထားရှိမှု ကွင်းဆင်းစစ်ဆေး

ဝမ်းတွင်း ဇွန် ၁၁

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့် အလမ်းနှင့် မိသားစုဝင်ငွေများတိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန် ရည်ရွယ်၍ သဘွတ်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် နို့စားနွားမွေးမြူရေးလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှုကို ဇွန် ၁၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် သန်း ၃၀ ဖြင့် ဆောင်ရွက်ထားသော နို့စားနွားမွေးမြူရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက် ဖြည့်သွင်းရမည့် စာရင်းဇယားပုံစံများ ပြည့်စုံမှုရှိ၊ မရှိကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးက လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ သဘွတ်ကုန်းကျေးရွာ၌ နို့စားနွားမွေးမြူရေးလုပ်ငန်းကို အဖွဲ့စနစ်ဖြင့် ဆောင်ရွက်လျက်ရှိပြီး ထူးခြားအောင်အဖွဲ့၊ အောင်ချမ်းသာအဖွဲ့၊ အောင်ပြည့်စုံအဖွဲ့၊ အောင်မြင်သူအဖွဲ့ စုစုပေါင်းအဖွဲ့လေးဖွဲ့မှ တစ်ဖွဲ့လျှင် အသင်းသား ငါးဦး စုစုပေါင်းအသင်းသား ဦးရေ ၂၀ ကို စီမံကိန်းရန်ပုံငွေကျပ် သန်း ၃၀ ထုတ်ချေးပေးထားကြောင်း ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးထံမှ သိရသည်။

အောင်ရဲကျော်

မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝတဒါနသံဃာ့ဆေးရုံကြီးတွင် မန္တလေးမြို့ တမ္ဘဝတီရပ်နေ ဦးကျော်မြင့်-ဒေါ်ပိုပို၊ သမီး လပြည့်မိုးမြင့် မိသားစုက ဆွမ်းအလှူငွေ ကျပ် ၅၀၀၀၀၀ လှူဒါန်းရာ ဆွမ်းကွမ်းဝေယျာဝစ္စဆပ်ကော်မတီ အတွင်းရေးမှူး ဦးဝဏ္ဏနှင့် ဆွမ်းကွမ်းအဖွဲ့ဝင် ဦးဝင်းမြင့်တို့က လက်ခံရယူစဉ်။

ယင်းမာပင်ခရိုင်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ငရုတ် ၁၀၉၅ ဧက စိုက်ပျိုးမည်

ယခင်နှစ်က ငရုတ်စိုက်ခင်းကို တွေ့ရစဉ်။

ယင်းမာပင် ဇွန် ၁၁

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ငရုတ် ၁၀၉၅ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယင်းမာပင်ခရိုင်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ငရုတ်စိုက်ပျိုး ရန်အတွက် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ယင်းမာပင်မြို့နယ်တွင် ၃၈၅ ဧက၊ ကနီမြို့နယ်တွင် ဧက ၆၉၀ နှင့် ပုလဲမြို့နယ်တွင် ဧက ၂၀ စုစုပေါင်း ၁၀၉၅ ဧကဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ယင်းမာပင်ခရိုင်မှာ ငရုတ် ဧက ၁၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီလထဲမှာ စတင်စိုက်ပျိုးသွားမှာပါ။ လျာထား ဧကပြည့်မီအောင် စိုက်ပျိုးနိုင်ရေး ဆောင်ရွက်သွားပါမယ်။ ငရုတ် စိုက်ပျိုးမှုတွေကတော့ အခြေအနေ ကောင်းမွန်ပါတယ်။ ငရုတ်ကို စီးပွားဖြစ်စိုက်ပျိုးကြဖို့ အတွက် ဆောင်ရွက်ပေးသွားပါမယ်"ဟု ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။

ငရုတ်စိုက်တောင်သူများ အနေဖြင့် ငရုတ်အထွက်နှုန်း ကောင်းစေရန်နှင့် ဈေးကွက်ရရှိစေရန် စိုက်ပျိုးနည်းစနစ်များ နည်းပညာပေးခြင်း၊ ပိုးမွှားကာကွယ်နှိမ်နင်းရန် နည်းပညာပေးခြင်း၊ မြေဆီလွှာအာဟာရဖွံ့ဖြိုးတိုးတက်ရန် နည်းပညာပေးခြင်းတို့ကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ငရုတ်ကို စတင်စိုက်ပျိုးချိန်မှ အသီးသီးချိန်ထိ ကုန်ကျစရိတ်မှာ ကိုယ်ပိုင်ယာမြေဆိုလျှင် ၁၅ သိန်း၊ မြေငှားစိုက်ပျိုးလျှင် ၂၅ သိန်းခန့် ကုန်ကျကြောင်း၊ ငရုတ်သီးနှံသည် ၁၅ ရက် တစ်ကြိမ်ခူးဆွတ်ရပြီး ခြောက်လထိခူးဆွတ်၍ရကြောင်း၊ အထွက်နှုန်းမှာ တစ်ဧကလျှင် စတင်ခူးဆွတ်ချိန်၌ ပိဿာ ၁၀၀ ခန့်ထွက်ပြီး နောက်အပတ်များတွင် ပိဿာ ၄၀၀ နှင့် ၅၀၀ ကြားရရှိကြောင်း သိရသည်။

ငရုတ်အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေရုံမျှမက ပိုလျှံမှုကိုရောင်းချနိုင်မည်ဖြစ်ပြီး ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ငရုတ်ကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းကြရမည် ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြ၍ သိရသည်။

(၂၀၆)

သနပ်ပင်မြို့နယ် ကလိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

သနပ်ပင် ဇွန် ၁၁

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် သနပ်ပင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကလိုင်ကျေးရွာအုပ်စု ကလိုင်ကျေးရွာ၌ သတ္တမအကြိမ် မြစိမ်းရောင်ကျေးရွာ စီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဇွန် ၁၀ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သနပ်ပင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကေသီထွန်းက ကျေးရွာရှိ ရပ်မိရပ်ဖများ၊ အသင်းသား၊ အသင်းသူများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များ နှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ ရည်ရွယ်ချက်များ၊ စီမံကိန်း ဆောင်ရွက်ရခြင်း၏ အကျိုးကျေးဇူးများ၊ လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး ကလိုင်ကျေးရွာရှိ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် သိန်း ၅၈၀ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ကလိုင်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၉၆ ဦးကို ငွေကျပ် ၂၈၈ သိန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၅၃ ဦးကို ငွေကျပ် ၁၄၅ သိန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ဦးရေ ၅၀ ကို ငွေကျပ် ၁၄၇ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၉၉ ဦးကို ရန်ပုံငွေကျပ် သိန်း ၅၈၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

နွဲ့ယဉ်

ကျောင်းကုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း မိကျောင်းကွမ်းဖတ် ပိဿာချိန် ၇၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

ကျောင်းကုန်း ဇွန် ၁၁

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း မိကျောင်းကွမ်းဖတ် ပိဿာချိန် ၇၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျောင်းကုန်းမြို့နယ် မိကျောင်းကွမ်းဖတ်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သန်းသန်းဆွေက ပြောပြသည်။

ကျောင်းကုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဧပြီလအတွင်းက မိကျောင်းကွမ်းဖတ် ပိဿာချိန် ၅၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး မေလအတွင်း မိကျောင်းကွမ်းဖတ်ပိဿာချိန် ၇၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"မိကျောင်းကွမ်းဖတ်တွေကို ကျောင်းကုန်းမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ထဲကို တင်ပို့ရောင်းချနေပါတယ်။ မေလအတွင်း မိကျောင်းကွမ်းဖတ် ပိဿာချိန် ၇၀၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ရန်ကုန်ဈေးကွက်ကနေတစ်ဆင့် ပြည်ပဈေးကွက်ကို တင်ပို့ရောင်းချတယ်လို့ သိရပါတယ်။ မိကျောင်းကွမ်းဖတ်တွေ တင်ပို့ရောင်းချအားတက်လာတော့ စိုက်တဲ့သူတွေလဲ တော်တော်အဆင်ပြေနေပါတယ်။ ပြည်ပဈေးကွက် ဝယ်လိုအားရှိလာတာကြောင့် တင်ပို့ရောင်းချအားတက်လာပါတယ်။ မိကျောင်းကွမ်းဖတ်လုပ်ငန်းက ကျောင်းကုန်းမြို့နယ်ဘက်မှာ အရင်ကထက် လုပ်ကိုင်သူတွေ ပိုများလာပါတယ်" ဟု ကျောင်းကုန်းမြို့နယ် မိကျောင်းကွမ်းဖတ်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သန်းသန်းဆွေက ပြောပြသည်။

အဆိုပါ မိကျောင်းကွမ်းဖက် တစ်ပိဿာလျှင် ငွေကျပ် ၁၇၀၀၀ မှ ၂၂၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ ကျောင်းကုန်းမြို့နယ်တွင် မိကျောင်းကွမ်းဖတ်များကို ပင်လယ်ကမ်းစပ်နှင့်နီးစပ်သည့် ကျေးရွာများတွင် အများဆုံးစိုက်ပျိုးကြပြီး မိကျောင်းကွမ်းဖတ်များသည် စိုက်ပျိုးပြီး ချိန်မှစတင်ပြီး လိုအပ်သော ပိုးသတ်ဆေး၊ မှိုသတ်ဆေးများဖျန်းပေးရပြီး လိုအပ်ပါက ရေတင်ပေးရကြောင်း၊ အဆိုပါ မိကျောင်းကွမ်းဖတ်တစ်ဧကလျှင် ပျမ်းမျှအထွက်နှုန်း ၁၈ တင်းမှ ၂၇ တင်းထိ ထွက်ရှိကြောင်း သိရသည်။

ကျော်ကျော်လင်း



အင်းဝမြို့တည်နန်းတည်သွင်းစာများ

ပိုလ်ရှိတ်(ရတနာပူရ)

သွင်းစာဟူသော ရှေးစာပေတစ်မျိုးကို သိသူနည်းကြမည်ထင်ပါသည်။ ပုဂံဝန်ထောက်မင်း ဦးတင်ပြုစုသော ကဗျာဗန္ဓသာရကျမ်းကို သေချာစေ့ငုဖတ်ဖူးသူများအတွက် တောင်ဖီလာဆရာတော်က သာလွန်မင်းတရားထံ ဆက်သွင်းသော သွင်းစာသုံးစောင်ကို သတိပြုမိမည်ဖြစ်သည်။ ထိုသွင်းစာသုံးစောင်သည် ညောင်ရမ်းခေတ် သွင်းစာများပေမူမှ ကူးယူထည့်သွင်းထားခြင်းဖြစ်သည်။ သွင်းစာဆိုသည်မှာ ရှင်ဘုရင်ထံ ဆက်သွင်းရသော မေတ္တာစာတစ်မျိုးပင်ဖြစ်သည်။ ရှင်ဘုရင်ထံ ဆက်သွင်းသည့်စာဖြစ်သောကြောင့် သွင်းစာဟုခေါ်ကြခြင်းဖြစ်သည်။ ရှင်ဘုရင်သည် မိမိသိလိုသည့်အကြောင်းအရာတို့ကို ဆရာတော်၊ အမတ်ပညာရှိတို့ထံ မေးမြန်းကြသည်။ ရှင်ဘုရင်သိလို၍ မေးသောအမေးများကို ဆရာတော်များ၊ မှူးမတ်ပညာရှိများက ဖြေဆို၍ ရှင်ဘုရင်ထံဆက်သွင်းကြရသည်။ ထိုကဲ့သို့သောစာများကို သွင်းစာဟုခေါ်ကြခြင်းဖြစ်သည်။ ထိုကဲ့သို့သောသွင်းစာများကို မေတ္တာစာများဟုလည်း ခေါ်ဆိုနိုင်သည်။ အချို့သွင်းစာတို့၏ အဆုံးတွင် "မေတ္တာစာဆက်သွင်းသည် တရားမင်းမြတ်"ဟူသော အသုံးများပါရှိသောကြောင့်ဖြစ်သည်။

သွင်းစာကျမ်းများ

ရှေးကသွင်းစာများကို ပေတစ်စောင်တစ်ဖွဲ့ထိများစွာရေးသားပြုစုခဲ့ကြမည်ဖြစ်သည်။ သို့သော် ယခုအခါတွင် သွင်းစာများကို များစွာရှာဖွေမတွေ့နိုင်တော့ပေ။ သို့သော်လည်း သွင်းစာကျမ်းသုံးစောင်ကို ရှားရှားပါးပါးတွေ့ရှိထားသည်။ ထိုသွင်းစာသုံးစောင်မှာ

၁။ ညောင်ရမ်းခေတ်သွင်းစာများ

၂။ လောကုတ္တရာတစ်ကျိပ်နှစ်ပါးသွင်းစာ

၃။ မြို့တည်မြို့ပြောင်း ဆရာတော်သွင်းစာ

တို့ဖြစ်ပါသည်။

ညောင်ရမ်းခေတ် သွင်းစာများသည် ညောင်ရမ်းမင်းဆက်များဖြစ်သည့် သာလွန်မင်း၊ စနေမင်းတို့ သိလို၍ မေးလျှောက်ချက်များကို တောင်ဖီလာဆရာတော်၊ ဘုံကျော်တုလွတ်ကျောင်းဆရာတော် သီရိသဒ္ဓမ္မဃောသ မဟာရာဇဂုရုတို့က ဖြေကြားဆက်သွင်းထားသော မေတ္တာစာများဖြစ်သည်။ ဤကျမ်းတွင် အမေးအဖြေပေါင်း ၃၂ ချက်ထိပါရှိသည်။ စေတီတော်များအကြောင်း၊ အင်းဝမြို့အကြောင်း တိုက်ခုနစ်တိုက် နေရာအပိုင်းအခြားများ၊ ဆည်မြောင်းများအကြောင်း၊ ရာဇပလွင်ဥကင်သဖွင့်ရန် အခါတော်များအကြောင်း စသည်ဖြင့် စုံလင်စွာမေးထား၊ ဖြေထားသည့် သွင်းစာကျမ်းတစ်စောင်ဖြစ်သည်။ ညောင်ရမ်းခေတ် ထီးဓလေ့နန်းဓလေ့များ၊ အထွေထွေဗဟုသုတများဖြင့် လွှမ်းခြုံထားသော ကျမ်းဟုဆိုနိုင်ပါသည်။ ဤကျမ်းပြုစုပြီးသောနှစ်ကို တိတိကျကျမသိရပေ။ နိဂုံးတွင် "ညောင်ရမ်းခေတ် သွင်းစာပြီး၏"ဟူ၍သာ မှတ်တမ်းတင်ထားသည်။

လောကုတ္တရာ တစ်ကျိပ်နှစ်ပါး သွင်းစာကျမ်းသည် ညောင်ရမ်းခေတ် မင်းတို့မေးထားသည့် အမေးများကို ဆရာတော်တစ်ကျိပ်နှစ်ပါး (၁၂) ပါးက ဖြေထားသောကျမ်းဖြစ်သည်။ ပင်းတလဲမင်း၊ စနေမင်းတို့က မေးသမျှကို တောင်ဖီလာဆရာတော်၊ လောကုတ္တရာဆရာတော်၊ တောင်ဘီလူးစံကျောင်းဆရာတော်တို့က ဖြေကြားထားသော သွင်းစာများကို စုစည်းထားသည့်ကျမ်းဖြစ်သည်။ သီဟိုဠ်ကရောက်ရှိလာသော စွယ်တော်နှင့် သမီးတော်ကို ကြိုဆိုရေး၊ ယာယီသက်ငယ်နန်းစံသင့်သည့်အကြောင်း၊ မဟာသင်္ကြန်တော်ကြီး ခေါ်တော်မူသည့်အကြောင်း၊ အင်းဝမြို့နှင့်စပ်လျဉ်းသည့်အကြောင်း စသည်တို့ကိုမေးဖြေ ဆက်သွင်းထားသောကျမ်းဖြစ်သည်။ ဤကျမ်းပြုစုပြီးစီးသောနှစ်ကို တိတိကျကျမသိရပါ။ လောကုတ္တရာ တစ်ကျိပ်နှစ်ပါး သွင်းစာကျမ်းသည် လက်နှိပ်စက်မူဖြင့်ရှိနေသောကျမ်းဖြစ်သည်။ ပုံနှိပ်မူဖြင့်မရှိသေးသည့် ရှားပါးကျမ်းတစ်စောင်ဖြစ်သည်။

မြို့တည်မြို့ပြောင်းဆရာတော်တို့ မေတ္တာစာ၊ သွင်းစာကျမ်းသည် ပေမူဖြင့်တည်ရှိနေသောကျမ်းဖြစ်သည်။ ကိုးကြောင်းရေးပေကြမ်းဖြစ်ပြီး က အစ ဂေ အဆုံး နှစ်အင်္ဂါနှင့် လေးချပ်ရှိသည်။ ဤကျမ်းကို ပေမူမှ လက်ရေးမူသို့ ကူးယူစုဆောင်းရရှိခဲ့သည်။ ဤကျမ်းတွင် အင်းဝမြို့တည်အကြောင်းအရာများမှ စ၍ နောက်ဆုံးရတနာပုံ မန္တလေးမြို့ကို မင်းတုန်းမင်းတည်သည့်အကြောင်းအရာများကို ဖော်ပြပါရှိသော ကျမ်းဖြစ်သည်။ အလွန်တိမ်မြုပ်နေသော ကျမ်းဖြစ်သည်။ ဤကျမ်းစုဆောင်းပြုစုခဲ့သူကိုလည်း မသိရ သကဲ့သို့ ကျမ်းပြုသူလည်း မသိရပါ။

❖သွင်းစာများသည် သမိုင်းတန်ဖိုးကြီးသော မှတ်တမ်းများဖြစ်သည်။ မြန်မာနန်းဓလေ့တွင် ရဟန်းနှင့် ရှင်ဘုရင်၊ ဆရာနှင့်တပည့် တိုင်ပင်မေးမြန်းဆွေးနွေးကာ နန်းတွင်းရေးကို ဖြေရှင်းကြသောဓလေ့ကို တွေ့မြင်နိုင်သည်။ ရှင်ဘုရင်သည် မိမိသဘော ဆန္ဒအရ လုပ်ချင်သလိုမလုပ်ဘဲ လုပ်သင့်၊ မလုပ်သင့်ကို ရဟန်းတော်များနှင့် တိုင်ပင်မေးမြန်းပုံကို သွင်းစာများတွင် တွေ့နိုင်သည်။ ထို့ကြောင့် သွင်းစာများသည် ဆရာနှင့်တပည့် နီးနှောတိုင်ပင် ဆွေးနွေးစာများဟု ဆိုနိုင်သည်။ သွင်းစာများတွင် သမိုင်းမှတ်တမ်းများစွာပါရှိနေပါသည်။ ရာဇဝင်ကြီးများတွင်မပါသော မှတ်တမ်းများကို သွင်းစာများတွင် တွေ့ရပါသည်။❖

အင်းဝမြို့တည်နန်းတည်သွင်းစာများ

အထက်တွင်ဖော်ပြခဲ့သော သွင်းစာကျမ်းသုံးစောင်တွင် အင်းဝမြို့နှင့် စပ်လျဉ်းသောသွင်းစာများကို တွေ့ရပါသည်။ များသောအားဖြင့် ညောင်ရမ်းခေတ် သွင်းစာများနှင့် လောကုတ္တရာတစ်ကျိပ်နှစ်ပါးသွင်းစာ ကျမ်းတို့မှ အင်းဝမြို့တည်၊ နန်းတည်အကြောင်းအရာ သွင်းစာများကို တွေ့ရပါသည်။ အင်းဝမြို့နှင့်ဆိုင်သော သွင်းစာများကို စုစည်းစာရင်းကောက်ကြည့်ရာ အောက်ပါအတိုင်း တွေ့ရပါသည်။

၁။ အင်းဝမြို့နန်းတည်သော သန်လျက်ကျွန်းနေရာတွင် ထီးနန်းကနက်တည်ခဲ့ပုံ

၂။ အင်းဝမြို့ကို ကျယ်အောင်ချဲ့သင့်၊ မချဲ့သင့်

၃။ ပဟိုရ်စည်၊ အိမ့်ရှင်စည်တို့ကို မည်သို့ပြုလုပ်စီရင်သင့်သည်၊ မြို့တံခါးတို့တွင် မည်သည့် အင်းများ စီရင်သင့်သည်

၄။ အင်းဝမြို့တည်အနှစ် ၃၀၀ ကိန်းအကြောင်း

၅။ ရတနာပူရမြို့သည် သက်သာပန်ဝေကင်းပေ လောဟူသော သိုက်စာအကြောင်း

၆။ ဂူတော်သစ်မြစ်အလယ် ဟူသောသိုက်စာ အကြောင်း စသည်ဖြင့်တွေ့ရပါသည်။

အင်းဝမြို့နှင့်ဆိုင်သော မှတ်သားဖွယ်ရာ အမေးအဖြေများဖြစ်သည့် တချို့အမေးအဖြေများသည် ရှင်ဘုရင်က တစ်ဦးတည်းမေးသော်လည်း ဖြေဆိုသူတို့က လေးဦး၊ ငါးဦး စသည်ဖြင့် မိမိတို့အမြင်ကို ဖြေဆိုဆက်သွင်းကြရသည်။ ဥပမာအားဖြင့် အင်းဝမြို့ အနှစ် ၃၀၀ ကိန်းအကြောင်းကို သိလို၍ "သက္ကရာဇ် ၁၀၁၉ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၉ ရက် ၁ နေ့နေ့တွင် ဘဝရှင်မင်းတရားကြီးဘုရား အမိန့်တော်ရှိသည်။ ဆရာတော်၊ တံဆိပ်တော်ရသက်တော်ကြီး ဂိုဏ်းဆရာတော်တို့ကိုလျှောက်" ဟူ၍ ရှင်ဘုရင်က အမိန့်ထုတ်သည်။

ထိုအမိန့်အရ ဆရာတော်အသီးသီးတို့က မေတ္တာစာ ဖြေဆိုဆက်သွင်းရသည်။ ထိုအမိန့်တော်အရ အင်းဝမြို့ အနှစ် ၃၀၀ ကိန်းနှင့်စပ်လျဉ်း၍ ဖြေဆိုကြရသူတို့မှာ -

၁။ ဇမ္ဗူသီရိ

၂။ လက်ံသာရသူမြတ်

၃။ ဓမ္မပါလသူမြတ်

၄။ ပြာသာဒ်ကျောင်း ဘားမဲ့အကျော်နေရာသူမြတ် (ဘားမဲ့ဆရာတော်တပည့်ကိုဆိုသည်။)

၅။ အာစာရအကျော်အရာနေသူမြတ် (အာစာရ အကျော်တပည့်)

၆။ လောကုတ္တရာဆရာတော် အရာနေသူမြတ် ဖြစ်သည်။ ခြောက်ဦးထိ ရှင်ဘုရင်အမေးကို ဖြေဆိုထားသည်ကို တွေ့ရပါသည်။ တချို့ သွင်းစာများမှာ ရှင်ဘုရင်က ရဟန်းတော် တစ်ပါးပါးကို ဘွဲ့အမည်နှင့် တစ်ပါးတည်း ကိုသာမေးသဖြင့် တစ်ပါးတည်း ဖြေဆိုဆက်သွင်းရသည့် မေတ္တာစာလည်းရှိပါသည်။

သွင်းစာမှ အင်းဝသမိုင်းမှတ်တမ်းများ

သွင်းစာများသည် သမိုင်းတန်ဖိုးကြီးသော မှတ်တမ်းများဖြစ်သည်။ မြန်မာနန်းဓလေ့တွင် ရဟန်းနှင့် ရှင်ဘုရင်၊ ဆရာနှင့်တပည့် တိုင်ပင်မေးမြန်းဆွေးနွေးကာ နန်းတွင်းရေးကို ဖြေရှင်းကြသောဓလေ့ကို တွေ့မြင်နိုင်သည်။ ရှင်ဘုရင်သည် မိမိသဘော ဆန္ဒအရ လုပ်ချင်သလိုမလုပ်ဘဲ လုပ်သင့်၊ မလုပ်သင့်ကို ရဟန်းတော်များနှင့်တိုင်ပင်မေးမြန်းပုံကို သွင်းစာများတွင် တွေ့နိုင်သည်။ ထို့ကြောင့် သွင်းစာများသည် ဆရာနှင့်တပည့် နီးနှောတိုင်ပင် ဆွေးနွေးစာများဟု ဆိုနိုင်သည်။ သွင်းစာများတွင် သမိုင်းမှတ်တမ်းများစွာပါရှိနေပါသည်။ ရာဇဝင်ကြီးများတွင် မပါသော မှတ်တမ်းများကို သွင်းစာများတွင် တွေ့ရပါသည်။ ညောင်ရမ်းခေတ်တွင် စိုးစံခဲ့သော ပင်းတလဲမင်း လက်ထက်တွင် အင်းဝမြို့ကိုချဲ့ရန် ကြံစည်ခဲ့သည်။ အင်းဝမြို့ကို ချဲ့သင့်၊ မချဲ့သင့်ကို ဆရာဖြစ်သူ တောင်ဖီလာဆရာတော်အား မေးမြန်းခဲ့သည်။ ထိုအကြောင်းအရာများသည် ရာဇဝင်ကြီးများတွင် တွေ့ရမည်မဟုတ်ပေ။ သွင်းစာ၏သဘောကို သိစေရန်နှင့် တိမ်မြုပ်နေသောသမိုင်းတစ်ကွက်ကို အများသိစေရန်။ အင်းဝမြို့ကို ချဲ့သင့်၊ မချဲ့သင့်မေတ္တာစာကို မူရင်းအတိုင်း ဖော်ပြလိုက်ပါသည်။

ညောင်ရမ်းခေတ်သွင်းစာ- ဒုတိယပိုင်း

(၁၆) မြို့ကို ကျယ်အောင်ချဲ့လျှင် သင့်၊ မသင့်ကို သိလိုပါသည်။

ရေမြေရှင်လျှောက်သည်ဆရာတော်။

နန်းမြို့တော်ကို အရှေ့ အနောက် တောင်မြောက် နှစ်တာစီတိုး၍ ချယ့်မည့်အကြံတော်ရှိသည်။ စက်တော်ခေါ်ရာတွင် မြင်မက်တော်မူသည်။ တခုသောတောင်ကို အမြစ်ပေါ်အောင် တူးစေသည်။ အမြစ်မပြတ်နိုင် ခိုင်ခံ့မြဲမြံသည်။ ဤအရာများသည် ပြောင်းချီသော်လည်းကောင်း၊ ချယ့်သော်လည်းကောင်း အကြောင်းနှစ်ပါးသည် အယူတော်အသို့ ရှိမည်နည်း။ ကျယ်သည်အရာကိုသာ မခြုန်းသင့်၊ ကျဉ်းသည့်အရာကို ကျယ်အောင်ချယ့်ခြင်းသည် သင့်ပါမည်လော။ လောကဓမ္မမှုကို သိသာအောင် မိန့်တော်မူပါ ဆရာတော်။ ။

သပြေလှစား၊ကြာပန်းညိုစားတို့ကို စေတော်မူသည်။

မှာလိုက်သည်ကား -

ဘိုးတော်ညောင်ရမ်းမင်းသည် ဌာဝရကိန်းနှင့် တည်ထားသောမြို့တော် နန်းမြို့တော်ဖြစ်သည်။ မြို့တော်ကို ချယ့်သော်လည်းကောင်း၊ နန်းမြို့တော်ကို ချယ့်သော်လည်းကောင်း၊ ဌာဝရကိန်းခန်းမပျက်ချေပြီလော။ ဌာဝရကိန်းခန်းပျက်ချေက သန်လျက်ခုံတွင် လာလတံ့သော မင်းတို့လက်ထက် ဟိမဝန္တာဖြစ်ချေတုံ၊ နန်းနေဖြစ်ချေတုံ၊ ရန်မျိုးအပေါင်းတို့သည် မပုံန်ခဲ့ပြီလော၊ အိမ်မက်တော်ကပင် တောင်ခြေကိုတူးသည်။ အမြစ်မပြတ်နိုင်ရှိသောအရာကို မြင်မက်တော်မူရင်းကပင် ဌာဝရကိန်းမပျက်မပြတ်သောအရာသည် ကောင်းသော နိမိတ်ပင်ယူရမည်။ ဌာဝရကိန်းကိုစောင့်ကုန်သော သမ္မာဒေဝတို့သည် သုပိနကို မြင်ချေသည်။ ရှေးထုံးစံကို စုံစမ်းသော် မဟာသမတမင်းအဆက် စေတီယမင်းသည် မဟာသမတမင်းတို့နေသော မြို့နန်းကိုချယ့်၍တည်သည်။ ခြုံး၍တည်သည်။ နန်းမြို့တော်ကိုဘည်း ခြုန်း၍တည်သည်။ ချယ့်၍ တည်ပြန်သည်အရာများကိုလည်း ရှေးပညာရှိတို့ မကြိုက်ဆိုကုန်သည်။ ဌာဝရကိန်းရမြိုရာကလွဲ၍ မြို့နန်းမြို့များကို ဇင်္ဂမကိန်း၌ တည်ထောင်သည် ဖြစ်မူကား ဌာဝရကိန်းမဟုတ်သောကြောင့် တည်ပိုင်သည်၊ ဖြတ်ပိုင်သည်။ ပုဂံမြို့၌ သက္ကရာဇ် ၃၂၂ ခု တပို့တွဲလပြည့်ကျော် ၁၂ ရက်နေ့ ကွမ်းထမ်းမင်းရာဇလက်ထက် နန်းမြို့ကို အနောက်မြောက် ထောင့် မြောက်ကကျည်းသည်ဟူ၍ ချယ့်၏။ အလောင်းစည်သူမင်းလက်ထက်လည်း မင်္ဂလာတံဆိပ်တံခါးကိုရွှေ့၍ မြို့ရိုးချယ့်ပြီးလျှင် ထိုတံခါးနှင့် ဆီတည့်တံခါးစီရင်ချေ၏။ ထိုသို့စီရင်သောအရာ ဌာဝရကိန်း၊ ဇင်္ဂမကိန်းများနည်းစီရင်ပြန်သောအရာ တို့ကို ပညာရှိမကြိုက်ဆိုသည်များကိုလည်း တို့ဆရာများပြောဆိုသည့်စကားကိုကြားဖူး၏။ တည်ရင်းနန်းမြို့ခြေရင်းတွင် ကျုံးစီရင်၍ နန်းမြို့တည်ပြန်လျှင်လည်း သင့်ရာ၏။ နန်းမြို့တော်ကို ချယ့်တော်မူမည်ကြံတော်မမူသင့်ချေ။ တက်သစ်သောနေမင်းကဲ့သို့ဖြစ်သော မင်းဇကရာဇ်တို့၌ ဌာဝရကို ယာယီမဖြစ်စေသင့်။ဌာဝရအရာကို ဌာဝရ၊ ယာယီအရာကို ယာယီစီရင်မှသင့်မည်။ မြို့တည်ရင်းကစီရင်သော မဟာယတရာကြီးများသည် ခမည်းတော်လက်ထက်လည်းကောင်း၊ ဘကြီးတော်လက်ထက်လည်းကောင်း၊ အယိုအယွင်းမရှိလေ။ ရေမြေရှင်လက်ထက်မှာမှ အထူးမဖြစ်စေသင့်ထင်သည်။ **စာမျက်နှာ ၅ သို့ ➤**

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

"လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်ကြောင်း။"

(၃-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက်)

စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဝါ ၁၄၀၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

စစ်ကိုင်း ဇွန် ၁၁

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဝါ ၁၄၀၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြ၍ သိရသည်။

စစ်ကိုင်းမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဝါ ၁၆၈၂၁ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ်မေလမှစတင်၍ စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၄၀၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ စစ်ကိုင်းမြို့နယ်မှာ ဝါသီးနှံဧက ၁၆၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပြီး ဒီနေ့ထိ ၁၄၀၅ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ဆက်လက်ပြီးတော့လဲ စိုက်ပျိုးနေပါတယ်။ ဝါသီးနှံတွေ စိုက်ပျိုးထုတ်လုပ်ရာမှာ မျိုးကောင်းမျိုးသန့်တွေကို တောင်သူတွေလွယ်ကူစွာ စိုက်ပျိုးရာသီအမီစိုက်ပျိုးနိုင်ဖို့ ဝါမျိုးစေ့တွေ ပံ့ပိုးပေးနေပါတယ်"ဟု စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြသည်။

စစ်ကိုင်းမြို့နယ်တွင် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ဝါသီးနှံများ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ရေး၊ သဘာဝပိုးသတ်ဆေး၊ ဓာတ်မြေသြဇာများ ပြုလုပ်သုံးစွဲတတ်စေရေးတို့ကို အသိပညာပေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် ဝါသီးနှံစိုက် တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ဝါမျိုးကောင်းမျိုးသန့်များ ရရှိစေရေး၊ ဝါသီးနှံဖြစ်ထွန်း အောင်မြင်စေရန် ပိုးမွှားရောဂါကြိုတင်ကာကွယ်နိုင်ရေး၊ အထွက်နှုန်းကောင်းမွန်ရေးနှင့် စိုက်နည်းစနစ်မှန်ကန်စေရေးတို့ကို နည်းပညာပေးသင်တန်းများ ဖွင့်လှစ်ပို့ချပေးခဲ့ကြောင်း သိရသည်။

ဝါသီးနှံစိုက်ပျိုးမှုအနေဖြင့် ဝါသီးနှံတစ်ဧက စိုက်ပျိုးလျှင် ငွေကျပ် သုံးသိန်းခွဲခန့် ကုန်ကျစရိတ်ရှိပြီး ဝါတစ်ဧကလျှင် ဝါပိသာချိန် ၁၀၀၀ ခန့် ထွက်ရှိကြောင်း သိရသည်။

ဝါသီးနှံကို စစ်ကိုင်းတိုင်းဒေသကြီးရှိ စစ်ကိုင်း၊ မုံရွာ၊ ယင်းမာပင်၊ရွှေဘို၊ ကန့်ဘလူခရိုင်အတွင်းရှိ မြို့နယ် ၁၉ မြို့နယ်တွင် အောင်မြင်စွာ စိုက်ပျိုးထုတ်လုပ်လျက်ရှိကြောင်း သိရသည်။

ဝါသီးနှံကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း သုံးစွဲမှုဖူလုံမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ရာ ဝါသီးနှံကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြ၍ သိရသည်။ (၂၀၆)

တန်ဖိုးရှိသူ

- လင်းအရုဏ် နံနက်ခင်း
ကောင်းမြတ်ခြင်း ဖြစ်ဖို့ရာ၊
ဘုရားကို အာရုံပြု
ကောင်းမှုပြုပါ၊
ဆွမ်းလောင်းလျက် လှူဒါန်းကာ
မြတ်သဒ္ဓါ ဖြန့်ကြက်၊
မေတ္တာဝေ ဝန်းကျင်အနှံ့
သန့်ရှင်းဆောင်ရွက်။

- စိတ်စေတနာ ဖြူစင်လျက်
အလုပ်မပျက် တွေးရှုစေ၊
အလုပ်ခွင် အလုပ်ကြိုးစား
ရိုးသား မိတ်ဆွေ၊
အတ္တစိတ် ပယ်ဖျောက်လေ
သောကတွေ ကင်းစေဖို့၊
ကူညီပါ ပရဟိတကို
လုပ်ကြပါစို့။

- အေးငြိမ်းစွာ စီးပွားလမ်း
သင်လျှောက်လှမ်း နေ့စဉ်ဝယ်၊
ဖြတ်လမ်းကို စိတ်မကူးနဲ့
ကြည်နူးစေမယ်၊
ချင့်ချိန်လျက် တွေးဆကွယ်
ဖေးမသယ် မေတ္တာထား၊
တန်ဖိုးဝင် လူသားအဖြစ်
ထုဆစ်စေသား။ ။

ရွှေမြိုင်သူ(မြန်မာစာ)

➤ **စာမျက်နှာ ၄ မှအဆက်**

နန်းမြို့တော် ဗဟိုစင် နာရီမောင်း တန်ဆောင်း ကျောင်းရာ သိမ်ရာ နန်းတော်ရာ လွတ်ရာရှေ့ရုံး၊ နောက်ရုံးရာများလည်း ဌာဝရဖြစ်သည်။ ပျက်စေ၍မသင့်၊ ဘိုးတော်မင်းတရားမင်းလက်ထက် ဘိုးတော်လည်း အဆင်အခြင် အစူးအစမ်း အထောက်အထား အယူအင၀ထိုးထွင်းလှသောမင်းမြတ်ဖြစ်သည်။ စီရင်သောဆရာလည်း ဘားမဲ့အကျော် အာစာရသူမြတ် မြတ်မုနိသယ်ရာဇာတို့ကို ဇမ္ဗူဒီပါကျွန်းအပြင်ဝယ် မဟာယတရာနှင့်စပ်သည်ကို အတုမရှိဖြစ်သည်။ အဟောင်းကို မပြောင်းသင့်ပြီ၊ ထပ်၍ အသစ်စီရင်တော်မူလိုသော်ကား သင့်၏။ ဆရာတော်ယူသည်။

ဤဘဒ္ဒကပ်ကမ္ဘာထက် ကောက္ကသံဘုရားပွင့်တော်မူသော မဟာဗောဓိပင် ရွှေပလွင်သတ္တဌာနအရာ၊ ကောဏာဂုံဘုရား၊ ဂေါတမ ဘုရား၊ အရိမိတေယျဘုရား ၅ ဆူတိုင် အရာမပြောင်း အဟောင်းအရာတွင်သာ ပွင့်တော်မူသည်များကိုထောက်၍ ဆင်ခြင်ကောင်းသောအကြောင်းတို့ကို ဆင်ခြင်သင့်သည် မဟာမမ္မရာဇ"။ သက္ကရာဇ် ၁၀၁၇ ခုနှစ်၊ နယုန်လဆန်း ၇ ရက်နေ့၊ တောင်ဘီလာပုဂ္ဂိုလ်ကျော် ဆရာတော် ဘုရားက သွင်းသည်။ (မူရင်းသတ်ပုံအတိုင်း)

သွင်းစာများသည် သမိုင်းတန်ဖိုးကြီးမားသည့် မှတ်တမ်းများဖြစ်သော်လည်း ယခုအချိန်ထိ ပုံနှိပ်မူဘဝသို့ မရောက်သေးသည်မှာ ဝမ်းနည်းဖွယ်ရာကောင်းလှပါသည်။ သွင်းစာများကို စုပေါင်းပြီး သွင်းစာပေါင်းချုပ်ဟူ၍ ကျမ်းကြီးတစ်စောင် စုစည်းထုတ်ဝေနိုင်လျှင် သုတေသနပညာရှင်များ၊ ဝါသနာရှင်များအတွက် လွန်စွာအကျိုးများမည်ဖြစ်သည်။ သွင်းစာပေါင်းချုပ်စာတစ်အုပ်ထုတ်ဝေနိုင်အောင် သုတေသနပညာရှင်များက ကြိုးစားသင့်ပေကြောင်း ရေးသားလိုက်ရပါသည်။

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

နာနတ်သီးထဲတွင်ပါရှိသော သဘာဝဓာတ်တိုးဆန့်ကျင်ပစ္စည်းက အသက်ရှူလမ်းကြောင်းကို တိုးတက်ကောင်းမွန်စေသည်။

နိုင်ငံတကာ သတင်းများ

အီရန်၏ ပိုလျှံနျူကလီးယားကုန်ကြမ်းများကို ရွှေ့ပြောင်းပေးရန်အသင့်ရှိကြောင်း ရုရှားကမ်းလှမ်း

တီဟီရန် ဇွန် ၁၁

အီရန်နိုင်ငံ၏ လက်ဝယ်ရှိ နျူကလီးယား ကုန်ကြမ်းများကို ရွှေ့ပြောင်းပေးပြီး ယင်းကုန်ကြမ်းများအား နျူကလီးယားလောင်စာများအဖြစ် ပြောင်းလဲပေးရန် ရုရှားနိုင်ငံကအဆင်သင့်ရှိကြောင်း ရုရှားဒုတိယနိုင်ငံခြားရေးဝန်ကြီးဆာဂေးယက်ကော့ဗ်က ယနေ့တွင် ကမ်းလှမ်းခဲ့သည်။

အီရန်နျူကလီးယားအစီအစဉ်နှင့်ပတ်သက်၍ အမေရိကန်အစိုးရနှင့် အီရန်အစိုးရတို့ကြား သဘောထားကွဲပြားမှုများကို လျှော့ချနိုင်ရန်ရည်ရွယ်ချက်ဖြင့် ရုရှားနိုင်ငံက အဆိုပါအတိုင်း ကမ်းလှမ်းခဲ့ခြင်းဖြစ်သည်။

အီရန်နိုင်ငံအနေဖြင့် နျူကလီးယားစွမ်းအင်အား ငြိမ်းချမ်းစွာ အသုံးပြုပိုင်ခွင့်ရှိကြောင်း အီရန်အစိုးရက ပြောကြားထားသည်။

သို့ရာတွင် အီရန်အစိုးရအနေဖြင့် ယူရေနီယံလောင်စာသန့်စင်မှုလုပ်ငန်းကို အရှိန်မြှင့်တင်လာမှုကြောင့် အီရန်နိုင်ငံအနေဖြင့်နျူကလီးယားလက်နက် တည်ဆောက်ရန်ရည်ရွယ်ချက်ရှိကြောင်း အမေရိကန်နိုင်ငံနှင့်အနောက်အုပ်စုနိုင်ငံများက သံသယဝင်လျက်ရှိသည်။

သို့ရာတွင် အီရန်နိုင်ငံ၏ လက်ဝယ်တွင်ရှိသော ပိုလျှံနျူကလီးယားလောင်စာများကို နေရာရွှေ့ပြောင်း၍ နျူကလီးယားလောင်စာများအဖြစ် ရုရှားနိုင်ငံကပြောင်းလဲပေးခြင်းဖြင့် အမေရိကန်နိုင်ငံနှင့် အီရန်တို့ကြား အမြင်ကွဲပြားမှုကို လျှော့ချနိုင်မည်ဖြစ်ကြောင်း ရုရှားဒုတိယနိုင်ငံခြားရေးဝန်ကြီးက ပြောကြားထားသည်။

အမေရိကန်နိုင်ငံကမူ အီရန်နိုင်ငံ၏ အထူးသန့်စင်ပြီး ယူရေနီယံလောင်စာအားလုံးကို အီရန်နိုင်ငံ ပြင်ပသို့ ရွှေ့ပြောင်းထားရန် ဆန္ဒရှိနေကြောင်း သိရသည်။

Ref : RT
Trs : KKO

အသက် ၁၅ နှစ်အောက်ကလေးများ လူမှုမီဒီယာသုံးစွဲမှု ပိတ်ပင်ရန်ကြိုးစားမည်ဖြစ်ကြောင်း ပြင်သစ်သမ္မတပြောကြား

ပဲရစ် ဇွန် ၁၁

ပြင်သစ်နိုင်ငံ အရှေ့ပိုင်းစာသင်ကျောင်း တစ်ကျောင်း၌ ဓားထိုးမှု ဖြစ်ပွားခဲ့ပြီးနောက် အသက် ၁၅ နှစ်အောက် ကလေးများ လူမှုမီဒီယာသုံးစွဲမှုပိတ်ပင်ရေးစည်းမျဉ်း ကျင့်သုံးရေးအတွက် ဥရောပသမဂ္ဂကို တွန်းအားပေးမည်ဖြစ်ကြောင်း ပြင်သစ်သမ္မတ မက်ခရွန်က ဇွန် ၁၀ ရက်တွင် ထုတ်ဖော်ပြောကြားခဲ့သည်။

ပြင်သစ်နိုင်ငံ အရှေ့ပိုင်းနိုးကျန့်နယ်မြေရှိ စာသင်ကျောင်း တစ်ကျောင်း၌ ဇွန် ၁၀ ရက်က အသက် ၁၃ နှစ်အရွယ်ကျောင်းသား တစ်ဦးက အသက် ၃၁ နှစ်အရွယ် ကျောင်းဝန်ထမ်းတစ်ဦးကို ဓားဖြင့် ထိုးခဲ့သည်။

အဆိုပါဖြစ်စဉ်ကဲ့သို့ လူငယ်များကြား အကြမ်းဖက်မှုများ ဖြစ်ပွားနေမှုအတွက် လူမှုမီဒီယာများကို ပြင်သစ်အစိုးရက အပြစ်တင်ထားသည်။

သို့ဖြစ်ရာ မိမိအနေဖြင့် အသက် ၁၅ နှစ်အောက်ကလေးများ လူမှုမီဒီယာသုံးစွဲမှုပိတ်ပင်ရေးစည်းမျဉ်းကိုကျင့်သုံးရေးအတွက် ဥရောပသမဂ္ဂကို မိမိတွန်းအားပေးမည်ဖြစ် ကြောင်း ပြင်သစ်သမ္မတက မီဒီယာများနှင့်တွေ့ဆုံစဉ်ထုတ်ဖော်ပြောကြားထားသည်။

ယင်းအပြင် အသက် ၁၅ နှစ်အောက်ကလေးများ လူမှုမီဒီယာသုံးစွဲမှုပိတ်ပင်ရေးစည်းမျဉ်းကျင့်သုံးရေးလုပ်ငန်းစဉ်မှာ လာမည့်လအနည်းငယ်အတွင်း ရုပ်လုံးပေါ်လာနိုင်မည်ဟု မိမိမျှော်လင့်ထားကြောင်း ပြင်သစ်သမ္မတက ပြောကြားခဲ့သည်။

ကမ္ဘာတစ်ဝန်းရှိ အခြားနိုင်ငံများသည်လည်း ကလေးများကြား လူမှုမီဒီယာသုံးစွဲမှုကို ကန့်သတ်ရေးအတွက် စည်းမျဉ်းများ ချမှတ် ကျင့်သုံးလျက်ရှိကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

၂၀၂၅ ခုနှစ် ကမ္ဘာလုံးဆိုင်ရာစီးပွားရေးဖွံ့ဖြိုးမှုနှုန်း ကမ္ဘာ့ဘဏ်ပြန်လည်လျှော့ချ

ဝါရှင်တန် ဇွန် ၁၁

၂၀၂၅ ခုနှစ်အတွက် ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးဖွံ့ဖြိုးမှုနှုန်းကို အမေရိကန်နိုင်ငံ ဝါရှင်တန်အခြေစိုက် ကမ္ဘာ့ဘဏ်က ပြန်လည်လျှော့ချထားကြောင်း ဇွန် ၁၀ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

ကမ္ဘာ့ဘဏ်က ဇွန် ၁၀ ရက်တွင် ထုတ်ပြန်ခဲ့သော ကမ္ဘာ့စီးပွားရေးဖွံ့ဖြိုးမှုနှုန်း အလားအလာအစီရင်ခံစာတွင် ၂၀၂၅ ခုနှစ် တစ်ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးဖွံ့ဖြိုးမှုနှုန်းကို ၂ ဒသမ ၃ ရာခိုင်နှုန်းထိလျှော့ချထားကြောင်း သိရသည်။

ယင်းအပြင် ကမ္ဘာ့ဘဏ်၏ အဆိုပါအစီရင်ခံစာတွင် အမေရိကန်နှင့် တရုတ်အပါအဝင် စီးပွားရေးအင်အားကြီးနိုင်ငံ ၇၀ ရာခိုင်နှုန်း၏ ယခုနှစ်စီးပွားရေးဖွံ့ဖြိုးမှုနှုန်းများကို ပြန်လည်လျှော့ချထားကြောင်း သိရသည်။

အမေရိကန်အစိုးရ၏ကုန်သွယ်ရေးအခွန်စည်းကြပ်မှု မူဝါဒများကြောင့် ကုန်သွယ်ရေးတင်းမာမှုများမြင့်တက်နေချိန်တွင် ၂၀၂၅ ခုနှစ် တစ်ကမ္ဘာလုံးဆိုင်ရာစီးပွားရေးဖွံ့ဖြိုးမှုနှုန်းကို ကမ္ဘာ့ဘဏ်က ပြင်ဆင်သတ်မှတ်ခဲ့ခြင်းဖြစ်သည်။

ကမ္ဘာ့ဘဏ်သည် ကမ္ဘာ့စီးပွားရေးဖွံ့ဖြိုးနှုန်းမျှော်မှန်းချက် အစီရင်ခံစာကို တစ်နှစ်လျှင် နှစ်ကြိမ် ထုတ်ပြန်လေ့ရှိသည်။

အမေရိကန်အစိုးရသည် အမေရိကန်နိုင်ငံအတွင်းသို့ တင်သွင်းမည့်နိုင်ငံတကာပို့ကုန်များအပေါ် အခွန်စည်းကြပ်မှုများ မြှင့်တင်ခဲ့ရာ ကုန်သွယ်ရေးတင်းမာမှုများ ပေါ်ထွက်လာခဲ့ရကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

အမေရိကန်မရိန်းတပ်ဖွဲ့ဝင်များ လော့စ်အိန်ဂျလိစ်မြို့သို့ ရောက်ရှိ

လော့စ်အိန်ဂျလိစ် ဇွန် ၁၁

လော့စ်အိန်ဂျလိစ်မြို့၌ ဖြစ်ပွားနေသည့် ဆန္ဒပြပွဲများကို ထိန်းချုပ်ရေးအတွက်သမ္မတ ဒေါနယ်ထရန့်၏ ညွှန်ကြားချက်အရ အမေရိကန်မရိန်းတပ်ဖွဲ့ဝင်များ ဇွန် ၁၀ ရက်တွင် စတင်ရောက်ရှိလာပြီဖြစ်ကြောင်း သိရသည်။

အမေရိကန်အစိုးရ လူဝင်မှုကြီးကြပ်ရေးနှင့် အကောက်ခွန်ဌာနတာဝန်ရှိသူများက မြို့တွင်းစီးနင်းမှုများပြုလုပ်၍ အထောက်အထားမဲ့ ရွှေ့ပြောင်းဝင်ရောက်သူများကို ဖမ်းဆီးခဲ့ပြီးနောက် လော့စ်အိန်ဂျလိစ်မြို့၌ ဇွန် ၅ ရက်မှစ၍ လူဝင်မှုကြီးကြပ်ရေးမူဝါဒ ဆန့်ကျင်ရေးဆန္ဒပြပွဲများဖြစ်ပွားခဲ့ရသည်။

လော့စ်အိန်ဂျလိစ် ဆန္ဒပြပွဲများကိုထိန်းချုပ်ရာတွင် အမျိုးသားအစောင့်တပ်ကို ကူညီရေးအတွက် မရိန်းတပ်ဖွဲ့ဝင် ၇၀၀ခန့် စေလွှတ်ဖြန့်ကြက်ရန် အမေရိကန်သမ္မတ ဒေါနယ်ထရန့်က ဇွန် ၉ ရက်တွင် ညွှန်ကြားထားသည်။

သမ္မတဒေါနယ်ထရန့်သည် ဆန္ဒပြပွဲများကို ထိန်းချုပ်ရေးအတွက် လော့စ်အိန်ဂျလိစ်မြို့၌ အမျိုးသားအစောင့်တပ်ဖွဲ့ဝင် ဦးရေ ၄၀၀၀ထိ ဖြန့်ကြက်ရန်လည်း ညွှန်ကြားထားပြီးဖြစ်သည်။

လော့စ်အိန်ဂျလိစ် ဆန္ဒပြပွဲများအတွင်း အကြမ်းဖက်မှုများနှင့် လုယက်မှုများလည်းဖြစ်ပွားခဲ့ပြီး ဇွန် ၅ ရက်မှ ဇွန် ၁၀ ရက်ထိ ငါးရက်တာကာလအတွင်း လူပေါင်း ၁၉၇ ဦးကို ဖမ်းဆီးထားကြောင်း လော့စ်အိန်ဂျလိစ် ရဲတပ်ဖွဲ့က သတင်းထုတ်ပြန်ထားသည်။

ယင်းအပြင် လော့စ်အိန်ဂျလိစ်မြို့တာဝန်ရှိသူများသည် မြို့ဆန္ဒပြပွဲများကို ထိန်းချုပ်ရေးအတွက် မြို့လယ်ပိုင်း၌ ညမထွက်ရအမိန့် ထုတ်ပြန်ထားကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

အမေရိကန်နှင့်ရုရှား ဆွေးနွေးပွဲသစ်များကို အစ္စတန်ဘူလ်မှ မော်စကိုမြို့သို့ နေရာရွှေ့ပြောင်းကျင်းပမည်

မော်စကို ဇွန် ၁၁

အမေရိကန်နိုင်ငံနှင့် ရုရှားနှစ်နိုင်ငံဆက်ဆံရေးပြဿနာများ ဖြေရှင်းရေးဆွေးနွေးပွဲသစ်များကို တူရကီယဲနိုင်ငံ အစ္စတန်ဘူလ်မြို့၌ ကျင်းပတော့မည်မဟုတ်ဘဲ ရုရှားနိုင်ငံ မော်စကိုမြို့သို့ နေရာရွှေ့ပြောင်းကျင်းပမည် ဖြစ်ကြောင်း ရုရှားမီဒီယာများက ယနေ့တွင် ရေးသားဖော်ပြထားသည်။

ရုရှား-အမေရိကန် အနာဂတ်ဆွေးနွေးပွဲများအား မော်စကိုမြို့သို့ နေရာရွှေ့ပြောင်း ကျင်းပမည့် အစီအစဉ်ကို အမေရိကန်နိုင်ငံ ဆိုင်ရာ ရုရှားသံအမတ်ကြီးအလက်ဇန်းဒါးဒါချီဘက်ဗ်က အတည်ပြုပြောကြားခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

ရုရှားနှင့် အမေရိကန်နိုင်ငံတို့ကြား ဆက်ဆံရေးပုံမှန်အခြေအနေ ပြန်ရောက်ရေးအတွက် များစွာကြိုးပမ်းရဦးမည် ဖြစ်ကြောင်း ရုရှားသံအမတ်ကြီးက သုံးသပ်ခဲ့သည်။

သို့ရာတွင် အမေရိကန်ကွန်ဂရက်လွှတ်တော်အတွင်းရှိ ရုရှားဆန့်ကျင်ရေးအင်အားစုများကြောင့် လက်ရှိအမေရိကန်အစိုးရ၏ ရုရှားနှင့်ထိတွေ့ဆက်ဆံရေးကြိုးပမ်းမှုများမှာ ခရီးမရောက်ဖြစ်နေကြောင်း ရုရှားသံအမတ်ကြီးက ဝေဖန်ခဲ့သည်။

ရုရှားနှင့် အမေရိကန်နိုင်ငံတို့သည် နှစ်နိုင်ငံဆက်ဆံရေးပြဿနာများဖြေရှင်းရေးဆွေးနွေးပွဲများကို တူရကီယဲနိုင်ငံ အစ္စတန်ဘူလ်မြို့၌ ဖေဖော်ဝါရီ ၂၇ ရက်နှင့် ဧပြီ ၁၀ ရက်တို့တွင် ကျင်းပခဲ့ပြီးဖြစ်သည်။

၂၀၂၂ ခုနှစ်က စတင်ဖြစ်ပွားခဲ့သည့် ယူကရိန်းပဋိပက္ခကို အကြောင်းပြု၍ ရုရှားနှင့် အမေရိကန်နိုင်ငံတို့ကြား ဆက်ဆံရေးမှာ စစ်အေးတိုက်ပွဲနောက်ပိုင်း အဆိုးရွားဆုံးအခြေအနေသို့ ရောက်ခဲ့ရကြောင်း သိရသည်။

Ref : RT
Trs : KKO

SCIENCE AND TECHNOLOGY

အမ် ၈၇ ကြယ်စု၏ ဗဟိုချက်ဌာနတည်ရှိသော မဟာအာကာသတွင်းနက်က အလင်းမြန်နှုန်း၏ ၁၄ ရာခိုင်နှုန်းနှင့်ညီမျှသော အမြန်နှုန်းဖြင့် မွှတ်မွှတ်လည်နေ



ဝါရှင်တန် ဌနိ် ၁၁

အမ် ၈၇ အမည်ရှိ ကြယ်စု၏ ဗဟိုချက်ဌ တည်ရှိသော မဟာအာကာသတွင်းနက်သည် အလင်းမြန်နှုန်း၏ ၁၄ ရာခိုင်နှုန်းနှင့် ညီမျှသော အမြန်နှုန်းဖြင့် မွှတ်မွှတ်လည်နေကြောင်း သိပ္ပံပညာရှင်များက ဌနိ် ၁၀ ရက်တွင် ပြောကြားခဲ့သည်။

အမေရိကန် သိပ္ပံပညာရှင်များ၏ တွက်ချက်မှုအရ အမ် ၈၇ မဟာအာကာသ တွင်းနက်သည် အလင်းမြန်နှုန်း၏ ၁၄ ရာခိုင်နှုန်း တစ်နည်းအားဖြင့် တစ်စက္ကန့်လျှင် မီတာ ၄၂ သန်းနှုန်းဖြင့် မွှတ်မွှတ်လည်နေကြောင်း သိရသည်။

ထို့ပြင် အဆိုပါမဟာအာကာသ တွင်းနက်အတွင်းသို့ အာကာသ ဒြပ်ထည်များ တိုးဝင်ကျဆင်းမှု အမြန်နှုန်းမှာလည်း အလင်းမြန်နှုန်း၏ ၂၃ ရာခိုင်နှုန်း တစ်နည်းအားဖြင့် တစ်စက္ကန့်လျှင် မီတာ သန်း ၇၀ ထိရှိကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

အမ် ၈၇ မဟာအာကာသတွင်းနက်သည် ကမ္ဘာပေါ်မှတစ်ဆင့် Event Horizon ရေဒီယိုတယ်လီစကုပ်စနစ်ဖြင့် တိုက်ရိုက်ဓာတ်ပုံရိုက်ကူးနိုင်ခဲ့သည့် ပထမဆုံးမဟာအာကာသတွင်းနက်ဖြစ်သည်။

အမ် ၈၇ မဟာအာကာသတွင်းနက်သည် ဒြပ်ထုအားဖြင့် နေ ဒြပ်ထုထက် အဆပေါင်း ၆ ဒသမ ၅ ဘီလီယံ ပိုကြီးမားကြောင်း၊ အမ် ၈၇ ကြယ်စုသည် ကမ္ဘာမြေနှင့် အလင်းနှစ် ၅၅ သန်းအကွာတွင် တည်ရှိသော ကြယ်စုဖြစ်ကြောင်း သိရသည်။

Ref : Russia Today
Trs : KKO

Space-X ကုမ္ပဏီက ပုဂ္ဂလိကအာကာသခရီးသည်များလိုက်ပါမည့် Ax-4 မစ်ရှင် လွှတ်တင်မည့်အစီအစဉ်ကို ဆိုင်းငံ့ထား

ဝါရှင်တန် ဌနိ် ၁၁

အမေရိကန်နိုင်ငံ အခြေစိုက် Space-X ကုမ္ပဏီသည် ပုဂ္ဂလိက အာကာသခရီးသည်များ လိုက်ပါမည့် Ax-4 မစ်ရှင်လွှတ်တင်မည့် အစီအစဉ်ကို ဆိုင်းငံ့ထားကြောင်း ဌနိ် ၁၀ ရက် သတင်းများအရ သိရသည်။

Space-X ကုမ္ပဏီသည် မူလက Ax-4 မစ်ရှင်ကို ဌနိ် ၁၀ ရက်တွင် လွှတ်တင်ရန် စီစဉ်ထားသော်လည်း ကနေဒီအာကာသစခန်းနယ်မြေ၌ ရာသီဥတုအခြေအနေကြောင့် ဆိုင်းငံ့ခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

Ax-4 မစ်ရှင်ကို ယနေ့တွင် နိုင်ငံတကာ အာကာသစခန်းသို့ လွှတ်တင်ရန် ထပ်မံကြိုးပမ်းဖွယ်ရှိကြောင်း သိရသည်။

Space-X ကုမ္ပဏီသည် Ax-4 ကို ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် မစ်ရှင်အရ ပုဂ္ဂလိကအာကာသခရီးသည် လေးဦးလိုက်ပါမည့် Crew Dragon အာကာသလူသယ်ယာဉ်

ကနေဒီအာကာသစခန်းမှ လွှတ်တင်ရန် စီစဉ်ထားသည်။

လွှတ်တင်ပြီးချိန်တွင် Ax-4 မစ်ရှင် အာကာသခရီးသည်များသည် နိုင်ငံတကာအာကာသစခန်း၌ သီတင်းနှစ်ပတ်ကြာနေထိုင်၍ သိပ္ပံပညာ စမ်းသပ်မှုများပြုလုပ်မည်ဖြစ်ကြောင်း၊ မစ်ရှင်ပြီးဆုံးချိန်တွင် အာကာသခရီးသည်လေးဦး ပြန်လည်လိုက်ပါလာမည့် Crew Dragon အာကာသလူသယ်ယာဉ်သည် ပစိဖိတ်သမုဒ္ဒရာအတွင်း ပြန်လည် ဆင်းသက်မည်ဖြစ်ကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO

စတားလိုင်နာအာကာသလူသယ်ယာဉ်ကို ထပ်မံလွှတ်တင်ရေးအတွက် နာဆာက တစ်စုံတစ်ရာပြတ်ပြတ်သားသား ဆုံးဖြတ်ရသေးခြင်းမရှိ

ဝါရှင်တန် ဌနိ် ၁၁

ဘိုးရင်းကုမ္ပဏီ၏ စတားလိုင်နာ အာကာသလူသယ်ယာဉ်ကို ထပ်မံလွှတ်တင်ရေးအတွက် အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ) က တစ်စုံတစ်ရာပြတ်ပြတ်သားသား ဆုံးဖြတ်ရသေးခြင်း မရှိကြောင်း ဌနိ် ၁၀ ရက် သတင်းများအရ သိရသည်။

လက်ရှိအချိန်တွင် စတားလိုင်နာ အာကာသလူသယ်ယာဉ် လွှတ်တင်ရေး နည်းလမ်းများကို စဉ်းစားနေဆဲဖြစ်ကြောင်း နာဆာက သတင်းထုတ်ပြန်ထားသည်။

နာဆာအဖွဲ့အနေဖြင့် စတားလိုင်နာအာကာသလူသယ်ယာဉ်ကို ၂၀၂၆ ခုနှစ် နှစ်စဉ်ပိုင်းတွင် လွှတ်တင်နိုင်ဖွယ်ရှိပြီး ၎င်းမစ်ရှင်၌ အာကာသယာဉ်မှူးများ ထည့်သွင်းလိုက်ပါစေရန် သင့်၊ မသင့်ကို စဉ်းစားနေကြောင်း သိရသည်။

နာဆာနှင့် ဘိုးရင်းကုမ္ပဏီတို့သည် အာကာသယာဉ်မှူးများ လိုက်ပါသွားသောပထမဆုံးစတားလိုင်နာ အာကာသလူသယ်ယာဉ်ကို ၂၀၂၄ ခုနှစ် ဌနိ်လတွင် နိုင်ငံတကာအာကာသစခန်းသို့ လွှတ်တင်ခဲ့သည်။

သို့ရာတွင် စတားလိုင်နာ အာကာသလူသယ်ယာဉ်ဓာတ်ငွေ့ယိုစိမ့်မှုပြဿနာနှင့် ဒုံးကန်အားစနစ်ပြဿနာများကြောင့် စတားလိုင်နာအာကာသယာဉ်မှူးနှစ်ဦးတို့မှာ နိုင်ငံတကာအာကာသစခန်း၌ လပေါင်းများစွာ သောင်တင်ခဲ့ရကြောင်း၊ သို့ဖြစ်ရာ ၂၀၂၄ ခုနှစ် သြဂုတ်လတွင် အာကာသယာဉ်မှူးများ ပြန်လည်လိုက်ပါခြင်းမရှိဘဲ ကမ္ဘာပေါ်သို့ ပြန်လည်ဆင်းသက်ခဲ့ရကြောင်း သိရသည်။

Ref : Xinhua News
Trs : KKO

HEALTH

တစ်ရက်လျှင် ၁၀ မိနစ်ခန့် လမ်းလျှောက်ခြင်းဖြင့် အသည်းအဆီဖုံးရောဂါဖြစ်နိုင်ခြေ လျှော့ချပေးနိုင်

လန်ဒန် ဌနိ် ၁၁

တစ်ရက်လျှင် ၁၀ မိနစ်ခန့် လမ်းလျှောက်ပေးခြင်းဖြင့် အသည်းအဆီဖုံးရောဂါ ဖြစ်ပွားနိုင်ခြေကို လျှော့ချပေးနိုင်ကြောင်း သုတေသနပညာရှင်များက ဌနိ် ၁၀ ရက်တွင် ပြောကြားသည်။

ကျန်းမာရေးနှင့်မည်ညွှတ်သည့် အစားအစာများ စားသုံးမှုနှင့် အထိုင်များသည့် ဘဝနေထိုင်မှုပုံစံတို့ကြောင့် အသည်းအဆီဖုံးရောဂါ ဖြစ်ပွားတတ်ကြောင်း သိရသည်။

သို့ရာတွင် ဗြိတိန်နိုင်ငံ အောက်စဖို့ဒ်တက္ကသိုလ်မှ သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ နေ့စဉ် ကိုယ်လက်လှုပ်ရှားမှုအဆင့်မှာ အသည်းအဆီဖုံးရောဂါဖြစ်နိုင်ခြေ ကျဆင်းမှုနှင့် ဆက်စပ်နေကြောင်း သိရသည်။

နေ့စဉ် ခြေလှမ်း ၁၀၀၀ တစ်နည်းအားဖြင့် ၁၀ မိနစ်ကြာ လမ်းလျှောက်ပေးပါက အသည်းအဆီဖုံးရောဂါ ဖြစ်နိုင်ခြေကို ၁၂ ရာခိုင်နှုန်း လျှော့ချပေးနိုင်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

ထိုနည်းတူ လမ်းလျှောက်ချိန် ပိုများလေလေ အသည်းအဆီဖုံးရောဂါဖြစ်နိုင်ခြေကိုလည်း ပိုမိုလျှော့ချနိုင်လေလေဖြစ်ကြောင်း ဗြိတိန်သုတေသနပညာရှင်များက ပြောကြားသည်။

ဗြိတိန်သုတေသန ပညာရှင်များသည် လူပေါင်း ၉၁၀၀၀ ကျော်တို့၏ ကျန်းမာရေးအချက်အလက်များကို လေ့လာခဲ့ပြီးနောက် ၎င်းတို့၏ တွေ့ရှိချက်ကို တင်ပြခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO

ဖုန်း သို့မဟုတ် တက်ဘလက်ကို နေ့စဉ် နှစ်နာရီကျော်ကြာသုံးသည့် ဆယ်ကျော်သက်များ၌ စိုးရိမ်သောကနှင့် စိတ်ကျဝေဒနာဝင်နိုင်

အော့ဘဝါ ဌနိ် ၁၁

ဖုန်း သို့မဟုတ် တက်ဘလက်ကို နေ့စဉ်နှစ်နာရီကျော်ကြာအသုံးပြုသည့် ဆယ်ကျော်သက်များ၌ စိုးရိမ်သောကနှင့် စိတ်ကျဝေဒနာဝင်နိုင်ခြေ ပုံမှန်ထက်မြင့်တက်လာနိုင်ကြောင်း သုတေသနပညာရှင်များက ဌနိ် ၁၀ ရက်တွင် ပြောကြားသည်။

ကနေဒါ သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ တစ်ရက်လျှင် ဖုန်းသုံးစွဲချိန်နှစ်နာရီကျော်ရှိသော ဆယ်ကျော်သက်များ၌ စိုးရိမ်သောကဝေဒနာဝင်နိုင်ခြေ ပုံမှန်ထက် နှစ်ဆ၊ စိတ်ကျဝေဒနာဝင်နိုင်ခြေ ပုံမှန်ထက် လေးဆမြင့်တက်လာနိုင်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

ဆယ်ကျော်သက်များ ဖုန်းကြည့်ချိန်ကြာမြင့်မှုကြောင့် စိတ်ကျန်းမာရေးပြဿနာများပေါ်လာနိုင်ခြေ မြင့်မားလာမှုပြဿနာမှာ မျှော်လင့်ထားသည်ထက် ပိုဆိုးနေကြောင်း ကနေဒါသုတေသနပညာရှင်များက သတိပေးထားသည်။

သို့ဖြစ်ရာ မိဘအုပ်ထိန်းသူများအနေဖြင့် ဆယ်ကျော်သက်များ ဖုန်းကြည့်ချိန်ကို တစ်ရက်နှစ်နာရီထက်မပိုစေရန် ကန့်သတ်သင့်ပြီး ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ချိန်ကို မြှင့်တင်ပေးသင့်ကြောင်း၊ အသက် ၁၂ နှစ်နှင့် ၁၇ နှစ်ကြား ဆယ်ကျော်သက်လူငယ် ဦးရေ ၅၈၀ တို့ကို ကိုးလကြာအချိန်ယူလေ့လာခဲ့ပြီးနောက် ၎င်းတို့၏ တွေ့ရှိချက်ကို တင်ပြခဲ့ခြင်းဖြစ်ကြောင်း ကနေဒါ သုတေသန ပညာရှင်များက ပြောကြားသည်။

Ref : Russia Today
Trs : KKO

ကွင်းလယ်ကစားသမား ချာကီကို ငါးနှစ်စာချုပ်ဖြင့် ခေါ်ယူခဲ့ကြောင်း မန်စီးတီးအသင်းထုတ်ပြန်

မန်ချက်စတာ ဇွန် ၁၁

မန်စီးတီးအသင်းသည် လိုင်ယွန်အသင်း ကွင်းလယ်ကစားသမား ချာကီကိုခေါ်ယူရန် ဘောလုံးရာသီ ပြီးဆုံးချိန်ကတည်းက ကြိုးပမ်းခဲ့ပြီး ယခုအခါ ကစားသမားအတွက် ပြောင်းရွှေ့ကြေးစတာလင်ပေါင် ၃၄ သန်းပေးချေ၍ ငါးနှစ်စာချုပ် ချုပ်ဆိုနိုင်ခဲ့ကြောင်း တရားဝင်ထုတ်ပြန်ခဲ့သည်။

မန်စီးတီး အသင်းသည် ချာကီကိုခေါ်ယူရန် အစောပိုင်းကတည်းက ကစားသမားနှင့် သဘောတူညီမှု ရယူနိုင်ခဲ့သော်လည်း ကနဦးပြောင်းရွှေ့ကြေးစတာလင်ပေါင် ၃၀ ဒသမ ၅ သန်းသာ ပေးချေခဲ့သဖြင့် လိုင်ယွန်အသင်းက ငြင်းပယ်ခဲ့ရာ ပြောင်းရွှေ့ကြေး ထပ်မံတိုးမြှင့်၍ စတာလင်ပေါင် ၃၄ သန်းဖြင့် ကမ်းလှမ်းခဲ့ချိန်တွင် ကလပ်အသင်းနှစ်ခုကြား သဘောတူညီမှုရရှိခဲ့ပြီး လာမည့် ၂၀၃၀ ပြည့်နှစ်ထိ ငါးနှစ်စာချုပ် ချုပ်ဆိုနိုင်ခဲ့ကြောင်း သိရသည်။

ကွင်းလယ် ကစားသမား ချာကီသည် ပြီးခဲ့သည့်နှစ်ဘောလုံးရာသီက ယူရိုပါလီဂ်ပြိုင်ပွဲတွင် ဂိုးဖန်တီးမှု အများဆုံးပြုလုပ်နိုင်ခဲ့ပြီးနောက် တစ်နှစ်တာအကောင်းဆုံး လူငယ်ကစားသမားဆုကို ရယူနိုင်ခဲ့သူဖြစ်သဖြင့် လိုင်ယွန်အသင်းမှ ထွက်ခွာမည်ဟု ပြောကြားခဲ့ချိန်တွင် မန်စီးတီးအသင်း အပါအဝင် ဥရောပထိပ်သီး ကလပ်အသင်းများက ကမ်းလှမ်းမှုများ ပြုလုပ်ခဲ့ရာ ချာကီအနေဖြင့် နည်းပြဂွါဒီယိုလာနှင့် တွေ့ဆုံဆွေးနွေးပြီးနောက် မန်စီးတီးအသင်းသို့ ပြောင်းရွှေ့ရန် ဆုံးဖြတ်ခဲ့သည်။

လက်ရှိတွင် မန်စီးတီးအသင်းသည် ဖီဖာကလပ် ကမ္ဘာ့ဖလားပြိုင်ပွဲမတိုင်မီ အပြောင်းအရွှေ့ကာလအတွင်း ကွင်းလယ်ကစားသမား ချာကီအပါအဝင် အေစီမီလန်အသင်း ကွင်းလယ်ကစားသမား ရိုင်ဒါးစ်၊ ချဲလ်ဆီးအသင်း ဂိုးသမား ဘက်တင်နယ်လီတို့ သုံးဦးကို ခေါ်ယူနိုင်ခဲ့ကြောင်း သိရသည်။ **Ref : Daily mail**

Trs : ML

အားကစားသတင်းအတိုအထွာများ

- အင်္ဂလန်အသင်းနှင့် ဆီနီဂေါအသင်းတို့ ကစားခဲ့သည့် ခြေစမ်းပွဲစဉ်တွင် ဆီနီဂေါအသင်းက အင်္ဂလန်အသင်းကို သုံးဂိုး တစ်ဂိုးဖြင့် နိုင်ပွဲရခဲ့သဖြင့် သမိုင်းတစ်လျှောက်တွင် အင်္ဂလန်အသင်းကို ပထမဆုံးနိုင်ပွဲရခဲ့သည့် အာဖရိကအသင်းအဖြစ် ဆီနီဂေါအသင်းက မှတ်တမ်းဝင်ခဲ့သည်။
- တောင်အမေရိကဇုန် ကမ္ဘာ့ဖလားခြေစစ်ပွဲအဖြစ် ကစားခဲ့သည့် ဘိုလီဗီးယားအသင်းနှင့် ချီလီအသင်းတို့ ပွဲစဉ်တွင် ချီလီအသင်းက ဘိုလီဗီးယားအသင်းကို နှစ်ဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည့် အတွက် ချီလီဘောလုံးအဖွဲ့ချုပ်က နည်းပြဂါစီယာကို ရာထူးမှထုတ်ပယ်ခဲ့ကြောင်း သိရသည်။
- လေဗာကူဆင်အသင်း တောင်ပံကစားသမား ဖလိုရီယန်ဝစ်ကို ခေါ်ယူရန် လီဗာပူးအသင်းက ပြောင်းရွှေ့ကြေး ယူရို သန်း ၁၃၀ ဖြင့် တိုးမြှင့်ကမ်းလှမ်းခဲ့သော်လည်း လေဗာကူဆင်အသင်းက သန်း ၁၅၀ ထိ ထပ်တိုးပေးရန် တောင်းဆိုခဲ့ကြောင်း သိရသည်။

ML

နယ်သာလန်အသင်း၏ ဂိုးသွင်းအများဆုံးစံချိန်ကို တိုက်စစ်မှူး ဒီပေးလိုက်မီ

အမ်စတာဒမ် ဇွန် ၁၁

ကမ္ဘာ့ဖလား ခြေစစ်ပွဲစဉ်အဖြစ် နယ်သာလန်အသင်းနှင့် မော်လ်တာအသင်းတို့ ကစားခဲ့သည့်ပွဲစဉ်တွင် နယ်သာလန်အသင်းက ရှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့ပြီး တိုက်စစ်မှူး ဒီပေးက အသင်းအတွက် သွင်းဂိုး နှစ်ဂိုး သွင်းယူနိုင်ခဲ့သဖြင့် ဂိုးသွင်းအများဆုံး ကစားသမားဖြစ်သည့် တိုက်စစ်မှူး ဗန်ပါစီ၏ စံချိန်ကို လိုက်မီခဲ့ကြောင်း သိရသည်။

နယ်သာလန်အသင်း သမိုင်းတွင် တိုက်စစ်မှူး ဗန်ပါစီက ပြိုင်ပွဲစုံ ၁၀၂ ပွဲပါဝင်ကစားခဲ့ရာတွင် သွင်းဂိုး ၅၀ ထိသွင်းယူ၍ ဂိုးသွင်းအများဆုံး ကစားသမားအဖြစ် ရပ်တည်နေသော်လည်း အသင်းနှင့် ၂၀၁၃ ခုနှစ်က စတင်ပွဲထွက်ခွင့် ရရှိခဲ့သည့် တိုက်စစ်မှူး ဒီပေးက အသင်းနှင့် ပြိုင်ပွဲစုံ ၁၀၂ ပွဲ ပါဝင်ကစားခဲ့ရာတွင် သွင်းဂိုး ၅၀ ထိ သွင်းယူနိုင်ခဲ့ပြီးနောက် ဗန်ပါစီ၏ စံချိန်ကို လိုက်မိနိုင်ခဲ့ခြင်းဖြစ်သည်။

လက်ရှိ နယ်သာလန်အသင်း၏ ဂိုးသွင်းအများဆုံး ကစားသမားစာရင်းတွင် တိုက်စစ်မှူး ဒီပေးနှင့် တိုက်စစ်မှူး ဗန်ပါစီတို့က သွင်းဂိုး ၅၀ ဖြင့် ထိပ်ဆုံးတွင် ပူးတွဲရပ်တည်လျက်ရှိပြီး တိုက်စစ်မှူး ဟန်တေလာက သွင်းဂိုး ၄၂ ဂိုးဖြင့် တတိယ၊ တိုက်စစ်မှူး ကလွိုက်ဗက်က သွင်းဂိုး ၄၀ ဖြင့် စတုတ္ထ၊ တိုက်စစ်မှူး ဘားကမ့်က သွင်းဂိုး ၃၇ ဂိုးဖြင့် ပဉ္စမနေရာတွင် အစဉ်လိုက်ရပ်တည်နေသော်လည်း အဆိုပါကစားသမားများမှာ ကစားသမားဘဝမှ အနားယူခဲ့သောကြောင့် တိုက်စစ်မှူး ဒီပေး အနေဖြင့် လာမည့်ပွဲစဉ်များတွင် ဂိုးရရှိပါက နယ်သာလန်အသင်းတွင် ဂိုးသွင်းအများဆုံး ကစားသမားအဖြစ် ရပ်တည်နိုင်မည် ဖြစ်သည်။

အဆိုပါ ခြေစစ်ပွဲစဉ်တွင် နယ်သာလန်အသင်းက ပွဲစကတည်းက ဖိအားပေးနိုင်ခဲ့သဖြင့် ပွဲချိန် ကိုးမိနစ် နှင့် ၁၆ မိနစ်တွင် တိုက်စစ်မှူးဒီပေး၊ ပွဲချိန် မိနစ် ၂၀ တွင် ဗန်ဒိုက်၊ ပွဲချိန် ၆၁ မိနစ်တွင် မာလန်း၊ ပွဲချိန် ၇၄ မိနစ်နှင့် မိနစ် ၈၀ တွင် ဆိုင်မွန်၊ ပွဲချိန် ၇၈ မိနစ်တွင် နိုအာလန်း၊ ပွဲချိန် မိနစ် ၉၀ တွင် ဗန်ဒီဗန်တို့က ဦးဆောင်ဂိုးများ သွင်းယူနိုင်ခဲ့ပြီး အုပ်စုပွဲစဉ် နှစ်ပွဲအပြီးတွင် ရမှတ်ခြောက်မှတ်ဖြင့် အမှတ်ပေးဇယား အဆင့်(၂) တွင် ရပ်တည်လျက်ရှိကြောင်း သိရသည်။ **Ref : Fotmob**

Trs : ML

ကမ္ဘာ့ဟဲဗီးဝိတ်တန်းချန်ပီယံဟောင်းအန်တိုနီ ဂျိုရှုအာ အနားယူရန် အချိန်နီးကပ်လာပြီဖြစ်ကြောင်း အက်ဒီဟန်းပြောကြား

လန်ဒန် ဇွန် ၁၁

ကမ္ဘာ့ဟဲဗီးဝိတ်တန်း ပြိုင်ဘက်ကင်းချန်ပီယံဟောင်းဖြစ်သူ ဗြိတိန်လက်ဝှေ့သမား အန်တိုနီ ဂျိုရှုအာသည် လက်ဝှေ့သမားဘဝမှ အနားယူရန် နီးကပ်လာပြီဖြစ်ကြောင်း လက်ဝှေ့လောကဓာ၏ နာမည်ကြီး Promoter ဖြစ်သူ အက်ဒီဟန်းက ယနေ့တွင် ပြောကြားခဲ့သည်။

အန်တိုနီ ဂျိုရှုအာသည် ၂၀၁၂ ခုနှစ် လန်ဒန်အိုလံပစ် အားကစားပွဲတော်တွင် ရွှေတံဆိပ်ဆုဆွတ်ခူးခဲ့ပြီးနောက်ပိုင်း ကမ္ဘာ့ဟဲဗီးဝိတ်တန်း ပြိုင်ဘက်ကင်းချန်ပီယံဆုအား ဆွတ်ခူးခဲ့သူဖြစ်သော်လည်း ယူကရိန်းလက်ဝှေ့သမား အူဆက်ခ် အားရှုံးနိမ့်ခဲ့သောကြောင့် ပြိုင်ဘက်ကင်းချန်ပီယံဆုအား စွန့်လွှတ်ခဲ့ရပြီးနောက် ဟဲဗီးဝိတ်တန်းစိန်ခေါ်ပွဲ လေးပွဲဆက်တိုက် ထိုးသတ်ကာ အနိုင်ရရှိခဲ့သည်။

လေးပွဲဆက်တိုက်အနိုင်ရခဲ့ပြီးနောက် IBFကမ္ဘာ့ဟဲဗီးဝိတ်တန်းချန်ပီယံအတွက် ဗြိတိန်လက်ဝှေ့သမားဒူဘွိုက်စ်နှင့် ၂၀၂၄ ခုနှစ် စက်တင်ဘာ ၂၁ရက်တွင် ထိုးသတ်ခဲ့ရာ ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။

ယင်းပွဲစဉ်အပြီးတွင် အန်တိုနီ ဂျိုရှုအာအနေဖြင့် ၎င်း၏ ကစားသမားဘဝကို စိတ်ပျက်နေပြီး ကစားသမားဘဝမှ အနားယူရန် စဉ်းစားနေကြောင်း ထုတ်ဖော်ပြောကြားခဲ့ဖူးသည်။

အက်ဒီဟန်းက "အန်တိုနီ ဂျိုရှုအာဟာ ကစားသမားဘဝကို စွန့်ခွာဖို့ စဉ်းစားနေပါပြီ။ လောလောဆယ် ဒဏ်ရာပြဿနာ ရှိနေတယ်။ ခွဲစိတ်ကုသမှုခံယူနေရတယ်။ အန်တိုနီ ဂျိုရှုအာဟာ စိန်ခေါ်ပွဲ ထိုးသတ်သွားဖို့တော့ ဆန္ဒရှိနေပါသေးတယ်။ သူ့ရဲ့ဆန္ဒကတော့ တိုင်ဆန်နဲ့ ထိုးသတ်သွားဖို့ပါ။ ဒါပေမဲ့လဲ ဒီပွဲစဉ်မဖြစ်မြောက်ခဲ့ဘူးဆိုရင်တော့ သူလဲ ကစားသမားဘဝကနေအနားယူဖို့ ပြင်ဆင်နေပါပြီ"ဟု ပြောကြားခဲ့ကြောင်း သိရသည်။**Ref : Xinhua**

Trs : AZL

BOSS Open တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်သို့ ဂျာမနီကစားသမားအန်ဂျယ်လ် တက်ရောက်

စတုဂတ် ဇွန် ၁၁

ဂျာမနီနိုင်ငံ စတုဂတ်မြို့တွင် ကျင်းပနေသည့် BOSS Open တင်းနစ်ပြိုင်ပွဲ ပထမအဆင့်ပွဲစဉ် တစ်ပွဲအဖြစ် အသက် ၁၇ နှစ် အရွယ်သာရှိသေးသည့် ဂျာမနီ တင်းနစ်ကစားသမား အန်ဂျယ်လ်သည် ဩစတြေးလျှတင်းနစ် ကစားသမား ဒက်ဝေါ့နှင့် ယှဉ်ပြိုင်ကစားခဲ့ရပြီး အန်ဂျယ်လ်က (၄-၆၊ ၆-၄၊ ၇-၆) ရလဒ်ဖြင့် အနိုင်ရရှိကာ ဒုတိယအဆင့်သို့ တက်ရောက်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

အန်ဂျယ်လ်သည် ပရော်ဖက်ရှင်နယ် ကစားသမားဘဝသို့ ကူးပြောင်းလာခဲ့ပြီးနောက် BOSS Open တင်းနစ်ပြိုင်ပွဲတွင် ပွဲဦးထွက်အနေဖြင့် ပါဝင်ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်ပြီး ဝါရင့်ကစားသမားအား အနိုင်ရရှိခဲ့ပြီး ဒုတိယအဆင့်သို့ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

အန်ဂျယ်လ်သည် ပထမပွဲငယ်တွင် ရှုံးနိမ့်ခဲ့ရသော်လည်း ဒုတိယပွဲငယ်နှင့် တတိယပွဲငယ်တို့တွင် အနိုင်ရရှိပြီး ဒုတိယအဆင့်သို့ တက်ရောက်ခဲ့သည်။

အန်ဂျယ်လ်သည် ပထမပွဲငယ်တွင် ရှုံးနိမ့်ခဲ့ရသော်လည်း ဒုတိယပွဲငယ်နှင့် တတိယပွဲငယ်တို့တွင် အနိုင်ရရှိပြီး ဒုတိယအဆင့်သို့ တက်ရောက်ခဲ့သည်။

အန်ဂျယ်လ်က "ပရော်ဖက်ရှင်နယ် ကစားသမားဘဝရဲ့ ပွဲဦးထွက်မှာ အခုလို အနိုင်ရလဒ်နဲ့ စတင်နိုင်ခဲ့လို့ ဝမ်းသာဂုဏ်ယူမိပါတယ်။ ပွဲဦးထွက်မှာ ဝါရင့် ကစားသမား တစ်ယောက်နဲ့ ကစားရမယ်ဆိုတော့ စိုးရိမ်စိတ်တော့ရှိခဲ့တယ်။ ခက်ခဲမဲ့ပွဲစဉ်ဆိုတာလဲ ကြိုတွေးမိပြီးသားပါ။ တကယ်တမ်း ကစားတဲ့အခါမှာလဲ တော်တော်လေးကို ကစားရခက်ခဲခဲ့တယ်။ ပထမပွဲငယ်မှာ ရှုံးနိမ့်သွားခဲ့တော့ အရမ်းကို ဖိအားများခဲ့တယ်။ ဒါပေမဲ့လဲ အတတ်နိုင်ဆုံး စိတ်ကိုတည်ငြိမ်အောင် ထားပြီးတော့ ကစားခဲ့တယ်။ နှစ်ပွဲဆက်တိုက် အနိုင်ရခဲ့တယ်။ ဘယ်လိုမှကိုထင်မထားတဲ့ အနိုင်ရလဒ်တစ်ခုဖြစ်ပါတယ်"ဟု ပြောကြားခဲ့သည်။

အန်ဂျယ်လ်သည် ဒုတိယအဆင့်တွင် အမေရိကန်တင်းနစ်ကစားသမား မီချဲလ်ဆန်နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သိရသည်။ **Ref : RT**

Trs : AZL

AYA Bank Women's Futsal League 2025 ပြိုင်ပွဲ Tittle Sponsor စာချုပ် ချုပ်ဆိုပွဲကျင်းပ

ရန်ကုန် ဇွန် ၁၁

AYA Bank Women's Futsal League 2025 ပြိုင်ပွဲအတွက် Tittle Sponsor စာချုပ်ချုပ်ဆိုပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက AYA ဘဏ်ရုံးချုပ် ပုသိမ်ခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ အခမ်းအနားသို့ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဖူဆယ်နှင့် သဲသောင်ပြင်ကော်မတီ ဥက္ကဋ္ဌ ဦးဝင်းသော်၊ ကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးနိုင်သောင်းထိုက်၊ ဖူဆယ်လိဂ်ကော်မတီ ဥက္ကဋ္ဌ ဦးကြည်မင်းသိန်းနှင့် ဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ AYA PAY မှ တွဲဖက်အမှုဆောင် အရာရှိချုပ် ဦးမြတ်မင်းထင်ကျော်၊ AYA Bank မှ ဒါရိုက်တာ ဒေါ်ကယ်လီမိုးလွင်နှင့် AYA Bank မှ တာဝန်ရှိသူများ ပြိုင်ပွဲဝင်အသင်းများမှ တာဝန်ရှိသူများ၊ ကစားသမားများ တက်ရောက်ခဲ့ကြသည်။

ဦးစွာ ဖူဆယ်နှင့် သဲသောင်ပြင်ကော်မတီဥက္ကဋ္ဌ ဦးဝင်းသော်က အမှတ်တရစကားပြောကြားခဲ့ပြီး စပွန်ဆာစာချုပ် လက်မှတ်ရေးထိုးခြင်းအစီအစဉ်ကို ကျင်းပခဲ့ရာ AYA PAY မှတွဲဖက်အမှုဆောင် အရာရှိချုပ် ဦးမြတ်မင်းထင်ကျော်၊ AYA Bank မှ ဒါရိုက်တာ ဒေါ်ကယ်လီမိုးလွင်နှင့် ဖူဆယ်နှင့် သဲသောင်ပြင်ကော်မတီဥက္ကဋ္ဌ ဦးဝင်းသော်၊ ဖူဆယ်လိဂ် ကော်မတီဥက္ကဋ္ဌ ဦးကြည်မင်းသိန်းတို့က သဘောတူစာချုပ် လက်မှတ်ရေးထိုးခဲ့ကြသည်။

ထို့နောက် အခမ်းအနားတက်ရောက်လာကြသူများက စုပေါင်းအမှတ်တရဓာတ်ပုံ ရိုက်ကူးကာ အခမ်းအနားကို ရပ်သိမ်းခဲ့ကြောင်း သိရသည်။

STA

ပီအက်စ်ဂျီမှထွက်ခွာရန်အစီအစဉ်မရှိဘဲ သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန် ကြိုးပမ်းမည်ဟု ဂိုးသမား ဒွန်နာရမ်မာပြောကြား

ပဲရစ် ဇွန် ၁၁

ပီအက်စ်ဂျီအသင်း အဓိက ဂိုးသမား ဒွန်နာရမ်မာက အသင်းမှ ထွက်ခွာရန် အစီအစဉ်မရှိဘဲ သက်တမ်းတိုးစာချုပ် ချုပ်ဆိုနိုင်ရန် အတွက်သာ ကြိုးပမ်းသွားမည်ဟု အနာဂတ်နှင့်ပတ်သက်ပြီး အတည်ပြုပြောကြားခဲ့ကြောင်း သိရသည်။

ဂိုးသမား ဒွန်နာရမ်မာသည် ပြီးခဲ့သည့် ၂၀၂၁ ခုနှစ်က အေစီမီလန်အသင်းမှ အလွတ်ပြောင်းရွှေ့ကြေးဖြင့် ပီအက်စ်ဂျီအသင်းသို့ ပြောင်းရွှေ့ ကစားခဲ့သူဖြစ်ပြီး အသင်းတွင် ဘောလုံးရာသီတိုင်း ပွဲထွက်ဂိုးသမားအဖြစ် ပါဝင်ခဲ့ပြီး အကောင်းဆုံး လက်စွမ်းပြသနိုင်ခဲ့သူဖြစ်သည်။

ယခုနှစ် ဘောလုံးရာသီတွင် ပီအက်စ်ဂျီအသင်း ပြင်သစ်လီဂူးဖလား၊ ပြင်သစ်ကိုပါဒယ်ရေးဖလားနှင့် ချန်ပီယံလီဂ်ဖလား စသည့် အဓိက ဆုဖလားသုံးလုံးကို တစ်ရာသီအတွင်း ဆွတ်ခူးနိုင်ခဲ့ရာတွင် အဓိက ကစားသမားအဖြစ် ပါဝင်ခဲ့သူဖြစ်သည်။

အစောပိုင်းက ဒွန်နာရမ်မာ အနေဖြင့် ပီအက်စ်ဂျီအသင်းတွင် မပျော်မရွှင် ဖြစ်နေသည့်အတွက် နွေရာသီ ကစားသမားအပြောင်းအရွှေ့ကာလတွင် အသင်းမှ ထွက်ခွာရန် ပြင်ဆင်နေပြီး မန်စီးတီးအသင်းကလည်း အန်ဒါဆန်၏နေရာတွင် အစားထိုးရန်အတွက် ဒွန်နာရမ်မာကို ပစ်မှတ်ထားနေသည်ဟု သတင်းများထွက်ပေါ်ခဲ့သော်လည်း ယခုအခါ ဒွန်နာရမ်မာက အနာဂတ်နှင့်ပတ်သက်ပြီး ပြောကြားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : Goal.com
Trs : STA

အာဆီယံ ယူ-၁၉ အမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲ အုပ်စုဒုတိယပွဲစဉ်တွင် မြန်မာအသင်းက လာအိုအသင်းကို ခြောက်ဂိုး ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရရှိ

ရန်ကုန် ဇွန် ၁၁

ဗီယက်နမ်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိနေသည့် အာဆီယံ ယူ-၁၉ အမျိုးသမီး ချန်ပီယံရှစ်ပြိုင်ပွဲ အုပ်စုဒုတိယပွဲစဉ်အဖြစ် ယနေ့မြန်မာစံတော်ချိန် မွန်းလွဲ ၂ နာရီခွဲက မြန်မာအသင်းနှင့် လာအိုအသင်းတို့ ကစားခဲ့ရာ မြန်မာအသင်းက ခြောက်ဂိုး ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် မြန်မာအသင်းက ပွဲစကတည်းက ဖိအားပေးကစားနိုင်ခဲ့ပြီး ပွဲချိန် ၁၈ မိနစ်တွင် ဒေစီအောင်ကလည်းကောင်း၊ ပွဲချိန် ၂၈ မိနစ်တွင် စုစုခိုင်ကလည်းကောင်း၊ ပွဲချိန် ၄၃ မိနစ်တွင် ယဉ်လွန်းအိန်က လည်းကောင်း မြန်မာအသင်းအတွက် ဦးဆောင်ဂိုးများသွင်းယူနိုင်ခဲ့ပြီး ပထမပိုင်းတွင်မြန်မာအသင်းက ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင် မြန်မာအမျိုးသမီးအသင်းကပင် ဆက်လက်ဖိအားပေးကစားနိုင်ခဲ့ကာ ပွဲချိန် ၃၆ မိနစ်တွင် ဒေစီအောင်က လည်းကောင်း၊ ပွဲချိန် ၅၆ မိနစ်တွင် စုစုခိုင်က လည်းကောင်း၊ ပွဲချိန် ၇၂ မိနစ်တွင် အေးအေးစိုးက လည်းကောင်း

ဦးဆောင်ဂိုးများဆက်လက်သွင်းယူနိုင်ခဲ့သည့်အတွက် ပွဲပြီးဆုံးချိန်တွင် မြန်မာအသင်းက လာအိုအသင်းကို ခြောက်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

STA

နာပိုလီအသင်းက ဒီဘရိုင်းကို နှစ်နှစ်စာချုပ်ဖြင့် ခေါ်ယူခဲ့ကြောင်း ကြေညာ

ရောမ ဇွန် ၁၁

နာပိုလီအသင်းသည် မန်စီးတီးအသင်းမှ အလွတ်ပြောင်းရွှေ့ခွင့်နှင့် ထွက်ခွာခဲ့သည့် ကွင်းလယ်ကစားသမား ဒီဘရိုင်းကို ၂၀၂၇ ခုနှစ်ထိ နှစ်နှစ်စာချုပ်ဖြင့် ခေါ်ယူနိုင်ခဲ့ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။

ဒီဘရိုင်းအနေဖြင့် ဘယ်လ်ဂျီယံအသင်းအတွက် ကမ္ဘာ့ဖလားခြေစစ်ပွဲ ပါဝင်ကစားနေသော်လည်း နာပိုလီအသင်း တာဝန်ရှိသူများက ကစားသမားနှင့် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခဲ့ရာ ၂၀၂၇ ခုနှစ်ထိ စာချုပ်သက်တမ်းဖြင့် ခေါ်ယူနိုင်ခဲ့ပြီး နိုင်ငံတကာ ပြိုင်ပွဲကာလပြီးဆုံးချိန်မှသာ အသင်းနှင့် ဆေးစစ်မှု ခံယူ၍ အသေးစိတ် ထပ်မံထုတ်ပြန်သွားမည်ဖြစ်ကြောင်း သိရသည်။

ကွင်းလယ် ကစားသမား ဒီဘရိုင်းသည် မန်စီးတီးအသင်းနှင့် ၁၀ နှစ်ကျော် ကစားခဲ့သည့် ကာလအတွင်း အသင်းအတွက် အကောင်းဆုံးခြေစွမ်း ပြသနိုင်ခဲ့သောကြောင့် ဂန္ဓဝင်ကစားသမား တစ်ဦးအဖြစ် ရပ်တည်နိုင်ခဲ့ပြီး စာချုပ်ကုန်ဆုံးချိန်တွင် အသင်းက သက်တမ်းတိုးရန် မစီစဉ်တော့ဘဲ ဖီဖာကလပ်ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ပါဝင်ကစားရန် အခွင့်အရေးရှိသော်လည်း ဒဏ်ရာပြဿနာကြုံတွေ့မည်ကို စိုးရိမ်သဖြင့် စာချုပ်ကုန်ဆုံးချိန်တွင် အသင်းမှ ထွက်ခွာခဲ့ခြင်းဖြစ်သည်။

အသက် ၃၄ နှစ်ရှိကစားသမားသည် ကမ္ဘာ့ဖလားခြေစစ်ပွဲစဉ်အဖြစ် မြောက်မက်ဆီဒိုးနီးယားအသင်းကို တစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့သည့်ပွဲစဉ်နှင့် ဝေးလ်အသင်းကို လေးဂိုး သုံးဂိုးဖြင့် အနိုင်ရခဲ့သည့် ပွဲစဉ်တို့တွင် ဘယ်လ်ဂျီယံ အသင်းအတွက် ပွဲထွက်ကစားသမားအဖြစ် ပါဝင်ကာ ခြေစွမ်းပြသနိုင်ခဲ့သောကြောင့် နာပိုလီအသင်းက ခေါ်ယူခဲ့ကြောင်း သိရသည်။

Ref : Football Italia
Trs : ML

US Open ချန်ပီယံဆုရယူရန် ပစ်မှတ်ထားနေကြောင်း မက်အီလ်ရှိုင်းပြောကြား

အီဒင်ဘာ့ဂ် ဇွန် ၁၁

ဂေါက်သီးရိုက်ရာသီတစ်ခု၏ အခမ်းနားဆုံးနှင့် ဂေါက်သီးရိုက်ကစားသမားတိုင်း၏ အိပ်မက်ဖြစ်သည့် The Masters ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ချန်ပီယံဆုကိုဆွတ်ခူးထားသည့် မြောက်အိုင်ယာလန် ဂေါက်သီးရိုက် ကစားသမား မက်အီလ်ရှိုင်းသည် The Masters ဂေါက်သီးရိုက်ပြိုင်ပွဲနီးပါး ကြီးကျယ်ခမ်းနားသည့် US Open ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ချန်ပီယံဆုကို ဆွတ်ခူးရရှိရန် ပစ်မှတ်ထားနေကြောင်း ယနေ့တွင် ထုတ်ပြန်ခဲ့သည်။

မက်အီလ်ရှိုင်းသည် The Masters ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ချန်ပီယံဆုအား ဆွတ်ခူးထားသော်လည်း အခြားသောပြိုင်ပွဲများတွင် ပုံစံကောင်းရရှိရန် ရုန်းကန်နေရသည့် ကစားသမားဖြစ်သည်။

မက်အီလ်ရှိုင်းက ပုံစံကောင်း ပျောက်ဆုံးနေသော်လည်း The Masters ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ချန်ပီယံဆုအား ဆွတ်ခူးနိုင်ခဲ့သလို US Open ဂေါက်သီးရိုက်ပြိုင်ပွဲတွင်လည်း အောင်မြင်မှုရယူသွားနိုင်မည်ကို ယုံကြည်နေကြောင်း ပြောကြားခဲ့သည်။

မက်အီလ်ရှိုင်းက "၂၀၂၅ ခုနှစ် ဂေါက်သီးရိုက် ရာသီအတွင်းမှာ ကျွန်တော့်အနေနဲ့ ခက်ခဲတဲ့ ကာလကို ဖြတ်သန်းနေရပါတယ်။ ဒါပေမဲ့ ကျွန်တော့်အနေနဲ့ ခက်ခဲတဲ့အခြေအနေကနေ The Masters ဂေါက်သီးရိုက်ပြိုင်ပွဲမှာ ချန်ပီယံဖြစ်ခွင့် ရခဲ့တယ်။ ဒါကြောင့် US Open ဂေါက်သီးရိုက်ပြိုင်ပွဲမှာလဲ ချန်ပီယံဆုကို ဆွတ်ခူးနိုင်မယ်လို့ မျှော်လင့်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : RT
Trs : AZL

ရှမ်းပြည်နယ်(အရှေ့ပိုင်း)ရှိ ကျိုင်းတုံမြို့ကို လေ့လာမိခဲ့သမျှ

မြမဉ္ဇူဝေ(ကျုံမင်း)

ရှမ်းပြည်နယ်(အရှေ့ပိုင်း)ရှိ လွိုင်မွေနှစ်တစ်ရာစံအိမ်ကို တွေ့ရစဉ်။

မြန်မာနိုင်ငံ၏ ပြည်နယ်နှင့်တိုင်းဒေသကြီးများ ထဲတွင် ဧရိယာအကျယ်ဆုံးပြည်နယ်ကို ပြပါဆိုလျှင် ရှမ်းပြည်နယ်ဟု ဆိုရပါမည်။ ရှမ်းပြည်နယ်သည် တောင်ပိုင်း၊ မြောက်ပိုင်း၊ အရှေ့ပိုင်းဟု သုံးပိုင်းရှိကာ အပိုင်းလိုက် အေးချမ်းသာယာသော ပြည်နယ်ကြီးဖြစ်သည်။ စာရေးသူအနေဖြင့် ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)ကို အခါခါရောက်ဖူးသော်လည်း ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကို တစ်ကြိမ်မှမရောက်ဖူးသေးသောကြောင့် သင်္ကြန်ကာလတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း)ရှိ ကျိုင်းတုံမြို့သို့ သွားခဲ့သည်။

ခရီးစဉ်တွင် ကျိုင်းတုံမြို့နှင့်သွားလာမှုအဆင်ပြေသော နေရာဒေသများ၊ ဘုရားစေတီများ ရှမ်းမျိုးနွယ်စုများ၏ ယဉ်ကျေးမှုရိုးရာဓလေ့များနှင့် ရှေးဟောင်းအမွေအနှစ်များနှင့် သက်တမ်းရှည်သစ်ပင်ကြီးရှိရာ သစ်တစ်ပင်တောင်၊ အမှတ်(၃) ရပ်ကွက်တွင်ရှိနေသော စော်ဘွားဂူသန်ချိုင်း၊ လွိုင်မွေမြို့ရှိ နှစ်တစ်ရာစံအိမ်၊ ရှေးမြို့ရိုးကျုံးနှင့် သက်တမ်း ၂၀၀ ကျော် တံခါးများသို့သွားရောက်လေ့လာမည်ဖြစ်သောကြောင့် ဤခရီးသည် အလွန်တန်ဖိုးရှိသော ခရီးစဉ်ဟုဆိုရမည်ဖြစ်သည်။

တစ်ခါမျှမရောက်ဖူးသေးသော ခရီးစဉ်နှင့် ဒေသအတွက် ကြိုတင်လေ့လာစရာရှိသည်ကိုလည်း ခရီးမထွက်မီ လက်လှမ်းမီသမျှ လေ့လာစုဆောင်းထားသည်။ ကျိုင်းတုံမြို့သည် ရှမ်းပြည်နယ်(အရှေ့ပိုင်း)၏မြို့တော်ဖြစ်ပြီး နာမည်ဂုဏ်သတင်းကြီးခဲ့သောမြို့ဖြစ်သည်။ ရှမ်းတိုင်းရင်းသားများ၏ မြို့ဘာသာ၊သာသနာကို လေးစားကြသူများ၏မြို့ဟု လေ့လာသိထားပါသည်။ ကျိုင်းတုံမြို့နယ်အတွင်း၌ ဘုရားစေတီပေါင်း ၁၅၉၉ ဆူ၊ ဗုဒ္ဓဘာသာဘုန်းတော်ကြီးကျောင်း ၃၂၂ ကျောင်း၊ သမိုင်းထင်ရှားတန်ခိုးကြီးမဟာမြတ်မုနိဘုရား၊ ခေမာရဋ္ဌဗျာဒိပ်လေးရပ်တော်မူဘုရား၊ ရှမ်းဘာသာဖြင့် မွန်ခမ်းစေတီတော်သို့လည်း ဘုရားဖူးသွားကြမည်ဖြစ်သည်။

ရှေးအခါက ရှမ်းပြည်နယ်(အရှေ့ပိုင်း)နှင့် ပြည်မဆက်သွယ်သွားလာမှုမှာ လေကြောင်းခရီးကိုသာ အားပြုသွားလာရသဖြင့် ဒေသအနေနှင့် ဧည့်သည်နည်းပါး၏။ ထို့ပြင် ရေလမ်း၊ မီးရထားလမ်းမရှိ၊ ကားလမ်းလည်း ကောင်းမွန်ခြင်းမရှိသောကြောင့် သွားလာသူနည်းသည်။ ယခုအခါတိုးတက်ပြောင်းလဲမှုများ၊ ဖွံ့ဖြိုးစည်ပင်မှုများနှင့် အတူ ကားလမ်းခရီးလည်း အလွန်ကောင်းမွန်နေပြီဖြစ်သည်။ ရန်ကုန်နှင့် ကျိုင်းတုံမြို့ကို မိုင်တစ်ထောင်ကျော်ခရီးနှင့် အချိန်နာရီ ၂၀ ကျော်ခန့် အတွင်း သွားလာနိုင်ပြီဖြစ်သည်။

သမိုင်းဆိုင်ရာများစွာနှင့် ကျိုင်းတုံမြို့ကို လေ့လာမိသော စာပေပညာရှင်များက မှတ်တမ်းပြုခဲ့သည်မှာ ကျိုင်းတုံမြို့သည် မြို့အမည် ငါးမျိုးတောင်ထိပ် သုံးခု၊ ကျိုင်း ခုနစ်ကျိုင်း၊ တံခါးပေါက် ၁၂ ပေါက်၊ ကန်ကြီး ကိုးကန်နှင့် တင့်တင့်တယ်တယ်နေထိုင်ရန်ကောင်းသောမြို့ဟု မှတ်တမ်းတင်ထားသည်ကိုသိလိုက်ရ၍ ကိုယ်တိုင်ရောက်ခဲ့ရသောအခါ တစ်ချိန်ကရှိခဲ့ဖူးသော ထိုနေရာများ လေ့လာသောအခါ ကျိုင်းတုံမြို့အမည် ငါးမျိုးမှာ မိုင်းစန္ဒရ၊ ဝဇိရကွမ်း၊ မိုင်းဒမ္မလပ်၊ ခေမရဋ္ဌ၊ တုံဂပူရီ၊ (တောင်ထိပ်(၃)ထိပ်မှာ စွမ်ဆတ်၊ စွမ်မွန်း၊ စွမ်တောင်း၊ ကျိုင်း(၇)ကျိုင်းမှာ ကျိုင်းအင်း၊ ကျိုင်းစံ၊ ကျိုင်းငမ်း၊ ကျိုင်းလန်း၊ ကျိုင်းစစ်၊ ကျိုင်းယင်း၊ ကျိုင်းခုံ၊ တံခါးပေါက် (၁၂)ပေါက်မှာ မင်္ဂလာတံခါး၊ ပါလျန်တံခါး၊ ကျိုင်းလန်းတံခါး၊ ဝမ်ဖတံခါး၊ ဖာယန်တံခါး၊ စဲန်းမိုင်တံခါး၊ ယန်းခမ်း တံခါး၊ နောင်လိတ်တံခါး၊ နောင်ဖာတံခါး၊ ကိုင်းဟိုက် တံခါး၊ ယန်းပိန်းတံခါး၊ ယန်းကုန်းတံခါး၊ ကန်ကြီး (၉) ကန်မှာ နောင်တုံကန်၊ နောင်ယန်းကန်၊ နောင်စေ့ကန်၊ နောင်တုံးကန်၊ နောင်ယေးကန်၊ နောင်လျန့်ကန်၊ နောင်ခိုက်ကန်၊ နောင်တာစန့်ကန်၊ နောင်ပေါင်းကန် တို့ဖြစ်ကြောင် သိရသည်။

ကျိုင်းတုံမြို့သည် ရွှေလီမြစ်၏ အရှေ့ဘက်ကမ်းတွင်တည်ရှိပြီး မြို့အနေအထားမှာ လေးမိုင် ငါးဖာလုံ အရှည်သာရှိသည်။ သက်တမ်းရှည်ခဲ့သည်နှင့်အမျှ ကျိုင်းတုံမြို့နယ်သည် စတုရန်မိုင်ပေါင်း ၁၃၂၀၀ ခန့် ကျယ်ဝန်း၍ တောင်ထူထပ်ပေါများသည်။ ကျိုင်းတုံမြို့နယ်သည် အရှေ့မှအနောက်သို့ ၆၂ မိုင်၊ တောင်မှမြောက်သို့ ၆၃ မိုင်ရှိသည်။

နယ်နိမိတ်ထိစပ်နေမှုမှာ ကျိုင်းတုံမြို့၏တောင်ဘက်တွင် မိုင်းဖြတ်၊ မြောက်ဘက်တွင် မိုင်းခတ်၊ အရှေ့ဘက်တွင် မိုင်းယောင်း၊ အနောက်ဘက်တွင် မိုင်းပျဉ်ဆိုသောမြို့များနှင့် နယ်နိမိတ်ထိစပ်နေပြီး ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၂၇၁၀ အမြင့်၌ရှိပြီး မြစ်ချောင်းမရှိသောဒေသဟုဆိုရမည်ဖြစ်သည်။ ကျိုင်းတုံမြို့နယ်၌ ပေ ၅၀၀၀ မှ ၇၅၀၀ ထိမြင့်သော တောင်တန်းများ သွယ်တန်းနေ၏။ မြေပြန့်များရှိ လယ်မြေများတွင် စပါးစိုက်ပျိုး၍ တောင်ကုန်းများတွင် တောင်ယာစိုက်ပျိုးကြသည်။

မြို့နယ်အတွင်းနေထိုင်သူများမှာ ဂုံရှမ်း၊ လူးရှမ်း၊ လားဟူ၊ လီရှော၊ ရှမ်းကြီး၊ အာခါ၊ တရုတ်၊ ဗမာလူမျိုးတို့နေထိုင်ကြသည်။ လူများစု၏ ၉၅ ရာခိုင်နှုန်းသည် ဗုဒ္ဓဘာသာကိုကိုးကွယ်ကြပြီး နတ်ကိုးကွယ်သူများ လည်းရှိသည်။ ခမ်းနားစွာတည်ဆောက်ထားသော ဘုန်းတော်ကြီးကျောင်းများနှင့် ကျောင်းဝင်းအတွင်း၌လည်း ဘုရား၊ စေတီ၊ သိမ်၊ ကျောင်းများ တွေ့ရသောကြောင့် ဘာသာရေးကိုအလေးထားကြသည်ဟု ဆိုနိုင်ပါသည်။

တောင်ယာလုပ်ငန်းဖြင့် သီးနှံမျိုးစုံ စိုက်ပျိုးခြင်း၊ မွေးမြူရေးကို တစ်ပိုင်တစ်နိုင်မှ စီးပွားဖြစ်မွေးမြူခြင်း၊ တောလိုက်သားကောင်ရှာသူများလည်းရှိသဖြင့် လူမှုစီးပွားလုပ်ငန်းများနှင့် ကျိုင်းတုံမြေဟု ဆိုချင်သည်။ ထို့ပြင် မိရိုးဖလာလက်ဆင့်ကမ်းလုပ်ကိုင်ကြသော ယွန်းလက်မှုလုပ်ငန်းများလည်း လုပ်ကိုင်နေသည်ကိုလည်း လေ့လာသိမြင်ခဲ့သည်။

ကျိုင်းတုံမြို့၏ အဓိကစီးပွားရေးသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးဖြစ်ကာ စိုက်ပျိုးနိုင်မှုမြေယာများကလည်း ဧရိယာ ၆၆၈၁၇ ဧကခန့်ရှိပြီး နှစ်ရှည်သီးနှံပင်များ၊ ရာသီသီးနှံပင်များ စိုက်ပျိုးနေကြသောကြောင့် စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်သည့်မြို့နယ်ဖြစ်သည်။ မွေးမြူရေးတွင်လည်း ကျွဲ၊ နွား၊ ဝက်၊ သိုး၊ ဆိတ်၊ ကြက်၊ ဘဲနှင့် ရေသတ္တဝါ ငါးမွေးမြူသူများလည်းရှိကြောင်း

> ❖နယ်နိမိတ်ထိစပ်နေမှုမှာ ကျိုင်းတုံမြို့၏တောင်ဘက်တွင် မိုင်းဖြတ်၊ မြောက်ဘက်တွင် မိုင်းခတ်၊ အရှေ့ဘက်တွင် မိုင်းယောင်း၊ အနောက်ဘက်တွင် မိုင်းပျဉ်ဆိုသောမြို့များနှင့် နယ်နိမိတ်ထိစပ်နေပြီး ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၂၇၁၀ အမြင့်၌ရှိပြီး မြစ်ချောင်းမရှိသောဒေသဟုဆိုရမည်ဖြစ်သည်။ ကျိုင်းတုံမြို့နယ်၌ ပေ ၅၀၀၀ မှ ၇၅၀၀ ထိမြင့်သော တောင်တန်းများသွယ်တန်းနေ၏။ မြေပြန့်များရှိ လယ်မြေများတွင် စပါးစိုက်ပျိုး၍ တောင်ကုန်းများတွင် တောင်ယာစိုက်ပျိုးကြသည်။ ❖

သိရသည်။

ထို့ပြင် စက်မှုကဏ္ဍလုပ်ငန်းများလည်းရှိကြောင်းသိရ၍ ကျိုင်းတုံဒေသသည် စီးပွားရေးလုပ်ငန်းများနှင့် လူမှုစီးပွားအခြေအနေများ တိုးတက်စည်ပင်နေသော ရှမ်းပြည်နယ်(အရှေ့ပိုင်း)ဒေသက ကျိုင်းတုံမြေဟု ဆိုချင်သည်။

စာရေးသူတို့ခရီးသွားအဖွဲ့ ကျိုင်းတုံမြို့နှင့် မြို့နယ်အတွင်းမှ မြို့ကလေးများကိုသာမက အိမ်နီးချင်း တာချီလိတ်မြို့သို့ပါ တစ်နေ့ ခရီးသွားလည်ခဲ့ရသည်။ ရှမ်းပြည်နယ်သည် ရေမြေတောတောင် သဘာဝရှုခင်းများနှင့်လည်း ရစ်သွယ်နေသောကြောင့် အေးချမ်းသာယာလှသည်။ အထူးသဖြင့် ရှေးဟောင်းသက်တမ်းရှည် ကညင်ဖြူပင်ကြီး (၁၉၉၄-၁၉၉၅)ခုနှစ်က တူးဖော်ခဲ့သည့် စွန်ဆပ်ကုန်း ကျိုင်းတုံမြို့ဟောင်းသို့ ပြည်တွင်းခရီးသွားများ အပြင် နိုင်ငံရပ်ခြားပြည်ပဧည့်သည်များပါ လာရောက်ကြမည်ဆိုပါက ဒေသအနေဖြင့် စည်ပင်မှ အပြင် ခရီးသွားများကိုအကြောင်းပြု၍ ဒေသထွက်ကုန်များရောင်းချနိုင်မည်ဖြစ်သည်။ ထိုအခါ ဒေသခံများလည်း လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာနိုင်သောကြောင့် လာရောက်လေ့လာ လည်ပတ်သည့် ခရီးသွားများကို ကြိုဆိုနေပါသည်ဟု ဒေသခံများ ကဆိုသည်။

ကျိုင်းတုံဒေသတွင် ထူးခြားသော ပွဲတစ်ပွဲရှိသည် ရှေးအစဉ်အဆက်မှသည် ယနေ့ထိရှိနေသော လူမျိုးစုပွဲဖြစ်သည်။ ၁၄၁၀ ပြည့်နှစ်တွင် စော်ဘွားဘယားကျောက်မထု ခေါ် စပ်ယီနမ်း လက်ထက်တွင် မိုးခေါင်သဖြင့် ဖားနတ်ပူဇော်ပွဲ(မင်္ဂလာစည်တော်ပို့ဆောင်ပွဲ)ကျင်းပမှ မိုးရွာသောကြောင့် နှစ်စဉ်ထိုပွဲကို ဧပြီလ သင်္ကြန်အခါတွင်း၌ ကျင်းပခဲ့ကြသည်ဟု သိရသည်။

ဤခရီးစဉ်သည် တန်ဖိုးရှိခရီးစဉ်ဖြစ်သကဲ့သို့ ရှေးဟောင်းအမွေအနှစ် သက်ရှိသက်မဲ့များ၊ ထုံးတမ်းစဉ်လာ ရိုးရာဓလေ့များနှင့်အတူ လူနည်းစုအဖြစ် တွေ့ခဲ့ရသော ဂုံရှမ်းမျိုးနွယ်စုများ၊ ရှေးဟောင်းမျိုးနွယ်စု ပီသစွာ ရိုးရာဓလေ့ကို ထိန်းသိမ်းနေထိုင်ကြသူများဖြစ်သည်။ ၎င်းတို့နှင့်လည်း အနီးကပ် တွေ့ဆုံလေ့လာခွင့်ရခဲ့ရာ ဗုဒ္ဓဘာသာကို သက်ဝင်စွာကိုးကွယ်ကြ၍ သီလမြဲသူများအဖြစ်ပါ တွေ့ခဲ့ရသောကြောင့် လေးစားမိသည်။ ဂုံရှမ်းသမိုင်းစာတမ်းကိုလည်း ကျေးရွာလူကြီးထံမှ လက်ခံရရှိခဲ့၍ စာရေးသူအတွက် တန်ဖိုးရှိကာ ဝမ်းသာပီတိဖြစ်ခဲ့ရသည်။ ကျိုင်းတုံမြို့မှပြန်ခဲ့ရသော်လည်း တန်ဖိုးမဖြတ်နိုင်သော ဗဟုသုတများရရှိပြီး မမေ့နိုင်သည့်ခရီးစဉ် အဖြစ် ဖော်ပြလိုက်ပါသည်။

မှတ်ပုံတင်မော်တော်ယာဉ်များအားလုံး ယာဉ်စစ်ဆေးပြီးမှသာ ယာဉ်မှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာ

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် မော်တော်ယာဉ်များအနက် Road Safety အရေးကြီးသည့် အများပြည်သူသယ်ယူပို့ဆောင်ရေးခရီးသည်တင်ယာဉ်များ၊ ယာဉ်မှန်၊မမှန်စစ်ဆေးခြင်း၊ ပြောင်းလဲခြင်းများအတွက် ယာဉ်စစ်ဆေးခြင်း၊ နယ်ဝင်ယာဉ်များကို စစ်ဆေးခြင်းတို့နှင့်အကျုံးဝင်သည့်ယာဉ်များ၊ Taxi အငှားယာဉ်များ၊ School Bus ယာဉ်များနှင့် နှစ်တန်နှင့်အထက် အငှားယာဉ်များကို ယာဉ်စစ်ဆေး၍ သက်တမ်းတိုးဆောင်ရွက်ပေးလျက်ရှိသည်။

၂။ ယခုအခါယာဉ်များကြီခိုင်မှုကောင်းမွန်စေရေးနှင့် အများပြည်သူဆိုင်ရာလမ်းများပေါ်တွင် အန္တရာယ်ကင်းစွာသွားလာနိုင်ရေးအတွက် မှတ်ပုံတင်မော်တော်ယာဉ်များအားလုံးကို ၁-၁-၂၀၂၅ ရက်မှစ၍ ယာဉ်သက်တမ်းတိုးခြင်းအပါအဝင် ယာဉ်မှတ်ပုံတင်လုပ်ငန်းများအတွက် ယာဉ်စစ်ဆေးပြီးမှသာ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

ကုမုဒြာရုပ်ရှင်ထုတ်လုပ်ရေးမှ ပထမဆုံး ရိုက်ကူးထုတ်လုပ်သည့် သူကြောက်ကိုယ်ကြောက်ရုပ်ရှင် ဇာတ်ကားကြီးကိုလာမည့် ဇွန် ၁၃ ရက်တွင် ရုံတင်ပြသသွားမည်ဖြစ်

ရန်ကုန် ဇွန် ၁၁

ကုမုဒြာ ရုပ်ရှင်ထုတ်လုပ်ရေးမှ ပထမဆုံး ရိုက်ကူးထုတ်လုပ်သည့် သူကြောက်ကိုယ်ကြောက် ရုပ်ရှင်ဇာတ်ကားကို ဇွန် ၁၃ ရက်တွင် နိုင်ငံတစ်ဝန်းရှိ ရုပ်ရှင်ရုံကြီးများတွင် ရုံတင်ပြသွားမည်ဖြစ်ကြောင်း သိရသည်။

သူကြောက်ကိုယ်ကြောက် ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို ဒီဒီထက်အောင်က ရေးသားထားကာ ဒါရိုက်တာနိုရာကို ကုမုဒြာရုပ်ရှင်ထုတ်လုပ်ရေးအတွက် တာဝန်ယူပုံဖော် ရိုက်ကူးပေးထားကြောင်းလည်း သိရသည်။

" ဒီရုပ်ရှင်ဇာတ်ကားမှာ ယမုံကနွေးအိစံဆိတ့ဲ ကာရိုက်တာနဲ့ ပါဝင်ထားပါတယ်။ ဒီကားထဲက အိမ်ကြီးမှာ ဦးခင်လှိုင်၊ ကိုမြင့်မြတ်၊ ကိုဖြိုးငွေစိုး၊ ကိုတင်မောင်ဆန်း၊ မင်းဝင်းရယ် မိတ်ကပ်လင်းလင်းရယ်က သရဲငါးကောင်ပေါ့နော်။ ဇာတ်လမ်းက ဟာသသရဲဇာတ်လေးမို့ ပရိသတ်အကြိုက်တွေ့မှာပါလို့ပြောချင်ပါတယ် "ဟု သရုပ်ဆောင် ယမုံမြင့်မြတ်က ပြောပြသည်။

သူကြောက်ကိုယ်ကြောက် ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင်များအဖြစ် မြင့်မြတ်၊ ဖြိုးငွေစိုး၊ ချာလီ၊ အရိုင်း၊ ခင်လှိုင်၊ တင်မောင်ဆန်းမင်းဝင်း၊ ကေညီ၊ မိတ်ကပ်လင်းလင်း၊ နေ့သစ်အေးအောင်၊ ယမုံမြင့်မြတ်၊ တက္ကသိုလ်ဂွမ်းပုံနှင့်သရုပ်ဆောင်များစွာ ပါဝင်ထားကြောင်း သိရသည်။

ကုမုဒြာရုပ်ရှင် ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်သည့် သူကြောက်ကိုယ်ကြောက် ရုပ်ရှင်ဇာတ်ကား Premiere Show ပွဲအခမ်းအနားကို ပြီးခဲ့သည့် ဇွန် ၉ ရက်က သမ္မတအဆင့်မြင့် ရုပ်ရှင်ရုံတွင် ကျင်းပခဲ့ကြောင်း သိရသည်။

ASH

The Man Across the Street ဇာတ်ကား၌ မင်းသမီး တီရီပိုလို ပါဝင်မည်

နယူးယောက် ဇွန် ၁၁

The Man Across the Street အမည်ရှိ ထိတ်လန့်သည်းဖို ရုပ်ရှင်ဇာတ်ကားသစ်တွင် မင်းသမီး တီရီပိုလို၊ ဂျေမီလင်းဆစ်လာနှင့် မင်းသားဒီလန်းဝဲတို့ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း ဇွန် ၁၀ ရက် သတင်းများတွင်ဖော်ပြထားကြောင်းသိရသည်။

အဆိုပါ ဇာတ်ကားသည် ခင်ပွန်းဆုံးပါးပြီးကာစ အမျိုးသမီး၊ ပြန်ပေးဆွဲလူသတ်သမား အမျိုးသားတစ်ဦးနှင့် အိမ်နီးချင်းဖြစ်ရချိန်တွင်ကြုံတွေ့ရမည့် အဖြစ်အပျက်များကိုဇာတ်အိမ်ဖွဲ့ ရိုက်ကူးမည့် ဇာတ်ကားဖြစ်သည်။

The Man Across the Street ဇာတ်ကားကို ဒါရိုက်တာရစ်ချက်ဆွစ်ဇာက တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ရစ်ချက်ဆွစ်ဇာက ဇာတ်ညွှန်းရေးဆရာ အေမီရွန်းနှင့် ပူးတွဲရေးသားထားကြောင်း သိရသည်။

The Man Across the Street ဇာတ်ကား ရိုက်ကူးထုတ်လုပ်မှုလုပ်ငန်းကို ယခုနှစ် နွေရာသီအတွင်းစတင်ရန် ထုတ်လုပ်သူများက စီစဉ်ထားသည်။

The Man Across the Street ဇာတ်ကား ရိုက်ကူးမည့်နေ့ကို ထုတ်လုပ်သူများက ပြောကြားခြင်းမရှိသေးကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

Channel K ရုပ်သံလိုင်းမှ ဆောင်းညပြာသိုထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်သည့် မချစ်သင့်သော ရုပ်သံဇာတ်လမ်းတွဲကို ဇွန် ၂၂ ရက်မှ စတင်ကာ ထုတ်လွှင့်ပြသမည်

ရန်ကုန် ဇွန် ၁၁

ဆောင်းညပြာသို ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်သည့် မချစ်သင့်သော ရုပ်သံဇာတ်လမ်းတွဲကို ဇွန် ၂၂ ရက်မှ စတင်ကာ Channel K ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသသွားမည် ဖြစ်ကြောင်း အဆိုပါ မချစ်သင့်သော ရုပ်သံဇာတ်လမ်းတွဲတွင် အဓိကသရုပ်ဆောင်အဖြစ် ပါဝင်ထားသူ သရုပ်ဆောင် အောင်ရဲလင်းထံမှ သိရသည်။

အဆိုပါ မချစ်သင့်သော ဇာတ်လမ်းတွဲ၏ ဇာတ်လမ်းကို မူပိုင်နှင်းဆီက ခံစားရေးဖွဲ့ထားကာ မိုးနီလွင်က ဇာတ်ညွှန်းရေးသားထားပြီး ဒါရိုက်တာဥာဏ်ထင်ကဆောင်းညပြာသို ထုတ်လုပ်ရေးအတွက် ပုံဖော်ရိုက်ကူးထားကြောင်း သိရသည်။

" ဒီဇာတ်ကားမရိုက်ခင် ဇာတ်ညွှန်းစဖတ်ကတည်းက ဒီဇာတ်လမ်းတွဲက ကျွန်တော်အတွက် စိန်ခေါ်မှု တစ်ခုတော့ဖြစ်တယ်ပေါ့။ ကျွန်တော့်သရုပ်ဆောင် သက်တမ်းတစ်လျှောက်မှာ ဒီလို ကာရိုက်တာမျိုး သရုပ်ဆောင်ခဲ့ဖူးတာ မရှိခဲ့ဘူး။ အထူးသဖြင့်တော့ ဒီကာရိုက်တာ ရှိန်းမင်းပေါ့။ အဲဒီ ကာရိုက်တာကို ရောက်အောင် သွားနိုင်ပါ့မလား စိတ်ပူမိပေမဲ့ ဒါရိုက်တာရော လုပ်ဖော်ကိုင်ဖက် သရုပ်ဆောင်တွေရော ဝိုင်းဝန်းပံ့ပိုးခဲ့တဲ့အတွက် ဒီကာရိုက်တာဟာ အဆင်ပြေသွားတယ်ပေါ့။ ရှိန်းမင်းကတော်တော်လေးကို ကြမ်းတဲ့ ကာရိုက်တာဆိုတော့ တော်တော့်ကို လုပ်ယူခဲ့ရပါတယ်" ဟု သရုပ်ဆောင် အောင်ရဲလင်းက ပြောပြသည်။

မချစ်သင့်သော ဇာတ်လမ်းတွဲတွင် သရုပ်ဆောင်အောင်ရဲလင်း၊ ရဲရင့်သော်၊ ထက်ယံအောင်၊ ဟင်နရီစံ၊ ပြည်ဖြိုးစံ၊ စိုင်းဘုန်းမင်းသန့်၊ အောင်ခန့်ကျော်၊ ရဲမွန်၊ ဇော်ဝင်းမောင်၊ မိတ်ကပ်လင်းလင်း၊ သိမ်မွေ့သံစဉ်၊ လင်းဇာနည်ဇော်၊ ဟန်လေး၊ ဆုထက်ကုဋ္ဌေ စသည့် အနုပညာရှင်များ ပါဝင်ထားကြောင်း သိရသည်။

ASH

Street Fighters ဇာတ်ကားတွင် ကျေးလက်အဆိုတော် အော်ဗီးပက်ပါဝင်မည်

နယူးယောက် ဇွန် ၁၁

Legendary ရုပ်ရှင်ကုမ္ဍဏီ၏ Street Fighters ဇာတ်ကားတွင် နာမည်ကျော်ကျေးလက် အဆိုတော် အော်ဗီးပက်ပါဝင် သရုပ်ဆောင်မည် ဖြစ်ကြောင်း ဇွန် ၁၀ ရက် သတင်းများတွင် ဖော်ပြထားသည်။

Street Fighters ဇာတ်ကားတွင် အော်ဗီးပက်သည် မင်းသား အင်ဒရူးကိုဂျီ၊ ဂျေဆင်မိုမိုအာ တို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

အဆိုပါ ဇာတ်ကားသည် နာမည်ကျော် ဗီဒီယိုဂိမ်းတစ်ခုဖြစ်သည့် Street Fighters ဗီဒီယိုဂိမ်းကို ရုပ်ရှင်အဖြစ် ပြန်လည်ရိုက်ကူးမည့်ဇာတ်ကားဖြစ်သည်။

Street Fighters ဇာတ်ကားသည် တောင်အာဖရိကနွယ်ဖွားကျေးလက်အဆိုတော် အော်ဗီးပက်အတွက် ပထမဆုံးရုပ်ရှင် ဇာတ်ကားဖြစ်သည်။

Street Fighters ဇာတ်ကားကို ဒါရိုက်တာ ကီတာအိုဆာကူရိုင်းက တာဝန်ယူ ရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် Street Fighters ဇာတ်ကားရိုက်ကူးမည့်နေ့နှင့် ရုံတင်ပြသမည့်နေ့တို့ကို Legendary ရုပ်ရှင်ကုမ္ဍဏီက ပြောကြားခြင်း မရှိသေးပေ။

Ref : Russia Today

Trs : KKO

MRTV-4 ရုပ်သံလိုင်းမှ ဇွန် ၁၃ ရက်မှ စတင်ကာ ထုတ်လွှင့်တင်ဆက်ပေးသွားမည့် အချစ်ဆုံးသူရဲ့အတ္ထုပ္ပတ္တိ ဇာတ်လမ်းတွဲ Press Show ပွဲ အခမ်းအနားကျင်းပ

ရန်ကုန် ဇွန် ၁၁

MRTV–4 ရုပ်သံလိုင်းမှ ဇွန် ၁၃ ရက်မှစတင်ကာ ထုတ်လွှင့်တင်ဆက်ပေးသွားမည့် အချစ်ဆုံးသူရဲ့အတ္ထုပ္ပတ္တိ ဇာတ်လမ်းတွဲ Press Show ပွဲအခမ်းအနားကို ဇွန် ၁၀ ရက်က ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ်ရှိ Zealax Hotel တွင် ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ အချစ်ဆုံးသူရဲ့ အတ္ထုပ္ပတ္တိ ရုပ်သံဇာတ်လမ်းတွဲသည် စာရေးဆရာ နွမ်ဂျာသိုင်း၏ အချစ်ဆုံးသူရဲ့ အတ္ထုပ္ပတ္တိ ဝတ္ထုကို ဟေမာစန်း၊ ဟိန်းဇော်ဦး၊ အေးချမ်းမွန်တို့က ဇာတ်ညွှန်းရေးသားထားကာ ဒါရိုက်တာဇမ္ဘူထွန်းသက်လွင်နှင့် တွဲဖက်ဒါရိုက်တာ ဒြိမ်းကိုသက် (ဇမ္ဘူထွန်း) က တာဝန်ယူ ပုံဖော်ရိုက်ကူးထားသည့် ဇာတ်လမ်းတွဲဖြစ်သည်။

"ဒီဇာတ်လမ်းတွဲက စာရေးဆရာကြီး နွမ်ဂျာသိုင်းရဲ့ နာမည်ကြီးဝတ္ထုဆိုတော့ ကိုယ့်အတွက် တာဝန်လဲကြီးပါတယ်။ သုံးပွင့်ဆိုင်အချစ်ဇာတ်လမ်းလေးဖြစ်လို့ ဘယ်သူ့ကို ပိုချစ်လဲဆိုတာကို တော့ဇာတ်လမ်းလေး ထုတ်လွှင့်တဲ့အခါမှာ ပရိသတ်တွေ သိရမှာပါ"လို့ သရုပ်ဆောင် ကောင်းမြတ်စံက ပြောပြသည်။

အချစ်ဆုံးသူရဲ့ အတ္ထုပ္ပတ္တိ ရုပ်သံဇာတ်လမ်းတွဲတွင် သရုပ်ဆောင်များအဖြစ် ကောင်းမြတ်စံ၊ ဒီယံ၊ ပိုင်သစ်၊ မင်းခန့်ကို၊ ရဲအောင်၊ ဝသုန်၊ ဒံယေလ၊ ခန့်ကျော်၊ ထူးဝဏ္ဏရှိန်၊ ဇင်မျိုး၊ ထူးသာ၊ ဦးဝင်းမြိုင်၊ ခေတ်ဇွဲသစ်၊ ဆုထက်လှိုင်၊ မုဏ်း၊ မေသဏ္ဌာဦး၊ ဆုသဏ္ဌာဟန်၊ သင်းရတီခင်၊ ပန်ဆု၊ ဆောင်းရနံ့၊ နန်းထက်စံ၊ စိုးစံ၊ ချစ်ခွန်းချို၊ လှမျိုးသဏ္ဌာနွယ်၊ နန်းရွှေရည်၊ မိုခမ်း၊ သင်းဝတ်ရည်ထွန်း၊ ဒေါ်ခင်အုန်းမြင့်၊ သဏ္ဌာထက်၊ သျှားစု၊ ယွန်းပိုးဖြူ၊လင်းလက်၊ အားကိုးရာ၊ အိမ်ဂျယ်၊ နေခြည်ဝင်းလက်နှင့် သရုပ်ဆောင်များစွာ ပါဝင်ထားကြောင်း သိရသည်။

ASH

Chairman of State Administration Council Prime Minister Senior General Min Aung Hlaing inspects endeavours for ensuring sufficient water supply, education promotion and cleanliness and beautification in PyinOoLwin

Senior General Min Aung Hlaing gives guidelines regarding construction of a new advanced market at Thumingala Market (Nyantaw Market) in PyinOoLwin.

Nay Pyi Taw June 11

Chairman of State Administration Council Prime Minister Senior General Min Aung Hlaing, accompanied by Joint SAC Secretary General Ye Win Oo, members of the entourage, Mandalay Region chief minister, and officials, inspected endeavours for ensuring sufficient water supply, education promotion and cleanliness and beautification in PyinOoLwin area this morning.

Senior General Min Aung Hlaing hears report on measures for storage capacity enhancement of Hsinlan dam.

Storage capacity enhancement of Hsinlan dam

First, the Senior General and party inspected means to upgrade Hisinlan dam for providing sufficient water supply to areas in and around PyinOoLwin. Union Minister for Agriculture, Livestock and Irrigation U Min Naung and officials presented a report on the conditions under which its spillway can be upgraded and the area water supply capacity can cover when completed. After giving necessary guidance, the Senior General observed the water storage of the dam and spillway improvement programs.

On arrival at No 3 Basic Education School, PyinOoLwin, the Senior General and party were welcomed by the school administrator and teachers. The Senior General observed classroom learning and the school library and looked into the requirements of the reports presented by officials.

Educated human resources with high morale level must be generated in accord with the saying "Discipline starts at schools"

At his meeting with teachers at the assembly hall, the Senior General said as the saying goes "Discipline starts at school" teachers are responsible for improving the morale and discipline of their pupils, apart from educating them. Statistics in hand indicate many shortages in education promotion programs of the country where 50% of its population is lacking education. As parents nurture their children to grow and develop optimally, teachers also have the same duty. Children are under the care and teachings of teachers more during their childhood years as they have to spend their time more at schools. But persons who haven't attended class totally miss the teachings and care of the teachers. Teachers must methodically nurture their pupils to have good discipline, morale and patriotism, apart from providing them school education. Good discipline and morale and high national spirit are important.

A study of the instability and terrorism show that they occur more in the areas where education is weak. Lack of education and knowledge leads to terrorism which hurts the local socioeconomic situation. In addition to school education, teachers must also disseminate knowledge that can differentiate between good and bad and cause and effects. A person can enjoy a pleasant future only if he is systematically taught and trained to embrace hygienic practices and civilized lifestyle since childhood.

The school library must keep books that are suitable for the ages of students and must stay away from keeping books that are unsuitable for children. Books on knowledge and literature are very beneficial for students throughout their life. They can acquire school education in classes and general knowledge in books. Teachers also must constantly read books to enrich knowledge. They must be skilled in their specific subjects and *See Page 13*

Senior General Min Aung Hlaing views presentation on construction of a new advanced market at Thumingala Market (Nyantaw Market) in PyinOoLwin.

Senior General Min Aung Hlaing observes classroom learning at BEHS No.1.

Senior General Min Aung Hlaing speaks to teachers at BEHS No.3.

From Page 12

must share their life experiences and the knowledge that is attained through reading with their pupils. In this way, they must bring about a new generation of better human resources that will lead the future nation.

The state is comprehensively promoting education and providing support for teaching staff, including uniform allowances, rental subsidies, stipends, and academic awards. These measures aim to enable teachers to perform their duties joyfully, diligently, and with full focus. The goal is to produce disciplined, high-quality human resources for the future of the nation, and teachers are urged to strive toward this objective. The state is working to enhance educational standards nationwide, and teachers are encouraged to collaborate in improving students' academic achievements.

Civil servants must remain free from party politics and distinguish between politics and national affairs. By diligently fulfilling their responsibilities, they contribute to the nation's welfare. They are urged to work together as exemplary civil servants to promote the country's development and progress.

Subsequently, the Senior General presented books and knowledgeable publications for the school library, which were received by the school executive officer and teachers.

The Senior General and party then visited Basic Education High School (Branch) No. 1 and Middle School, where they were warmly welcomed by teachers. The Prime Minister inspected classrooms, observing students' learning activities, as well as lessons in animal husbandry, agriculture, and industrial technology, offering encouragement.

Later, the Senior General and party visited the construction site of the new advanced market at Thumingala Market (Nyantaw Market) in PyinOoLwin. At the project briefing, the Mandalay Region Chief Minister explained the progress of the market construction and future plans. The Mandalay Region Government's Development Affairs Minister outlined efforts in maintaining cleanliness, beauty, and development in PyinOoLwin, including water supply initiatives and future regional development plans. The Union Minister for Construction discussed the implementation and suspension of the Yadanabon New Town Project.

PyinOoLwin's historical legacy and esteemed reputation must be preserved and passed down

In his address, the Senior General noted that PyinOoLwin has historically been referred to as the Flower City, Cherry City, and Hill Station City. Efforts must be made to ensure the city lives up to these names. With an increasing population and urban growth, systematic and disciplined measures are needed to maintain order and foster a developed city. PyinOoLwin, rich in history and prestige, must be preserved, with disciplined efforts to ensure its systematic development.

PyinOoLwin is a city with a strong educational tradition and is a hub for the development of private high schools. It should continue to uphold its educational legacy, maintaining its status as an educational city by producing disciplined, high-quality human resources. Achieving educational excellence requires collaboration among students, teachers, parents, and administrative oversight.

To keep PyinOoLwin lush and beautiful with trees and flowers, bylaws must be enforced to prevent indiscriminate tree felling. Internationally, laws protect against deforestation, and not only the Forestry Department but also various administrative bodies are responsible for forest conservation. Efforts must be made to replant and preserve trees and forests to ensure PyinOoLwin remains green and vibrant.

Regarding land use, the Farm land Law and the laws on vacant and uncultivated land have already been enacted, and it is necessary to proceed in accordance with the permissions prescribed by these laws. Officials are required to strictly adhere to the rules and regulations established by law. Encroachments and unauthorized land use have been observed in certain areas, and it is necessary to take action in accordance with the Highways Law. The country is encountering challenges in implementing development activities due to the lack of strict enforcement of existing laws. Therefore, it is essential to be aware of and comply with the issued laws and regulations, and to fulfill the assigned duties and responsibilities. In Pyin Oo Lwin, while some individuals are operating in accordance with the specified permits and land use regulations, others are utilizing land in ways that violate those regulations. Officials must take strict measures to ensure that land use is properly regulated and systematically managed.

As the State Administration Council assumes responsibility for the country and advances along the path of democracy, it is essential in a democratic system to know and understand the law. Accordingly, all department heads have been attending legal training. Similarly, basic education schools are providing KG + 12 students with foundational instruction in the basics of law. The curriculum covers laws that are accessible to students of all ages, including the Constitution, Criminal Law, Gambling Law, Human Trafficking Law, and Drug Law. KG + 12 students are typically between the ages of 17 and 18 and are required to vote upon reaching the age of 18. Therefore, the purpose of teaching the law is to help students understand its principles, and they are not required to take formal examinations on the subject. Teachers responsible for instructing basic law have also undergone Training of Trainers (TOT) courses to enhance their understanding of the subject. Through this, KG + 10 and KG + 11 students will continue to be taught the basics of law to enhance their understanding. Similarly, universities across various regions and states are offering basic courses in law and economics to help students understand the legal principles fundamental to democracy and to gain insights into economic concepts. Just as the BA (Law) program is offered to educate students about the law, the BA (Economics) program is likewise provided to impart knowledge of economics.

All departmental officials must collaborate to implement initiatives that uphold and reflect the honor of Pyin Oo Lwin. The government will establish policies, and it is the responsibility of the relevant departments to ensure their effective implementation. District administrators bear the primary responsibility for the development of their districts and must provide effective leadership to ensure benefits for both the region and its local communities. He stated that during his tenure, he has been visiting cities across regions and states, continuously providing guidance on the requirements for local development. He stated that this is not a political act; rather, it involves doing what is right for the benefit of the country, advancing the interests of both the region and the nation, and acting in the national interest.

Senior General Min Aung Hlaing presents books and publications for the library of BEHS No.3.

He also stated that it is necessary to work together to preserve trees and forests and maintain their greenery. The cool and temperate climate and natural environment of the Pyin Oo Lwin region can only be preserved for future generations if those living today take active measures to protect it. Administrative officials need to work hand in hand with local residents to maintain and protect the region.

The Senior General then inspected the progress of the new upgraded market construction project at Thumingalar Market (Nyantaw Market) and provided necessary guidance based on presentations by the officials. 100

Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

ဂျာမနီက အစ္စရေးမှဝယ်ယူထားသော Arrow 3 လေကြောင်းရန်ကာကွယ်ရေးဒုံးကျည်စနစ်ကို လက်ခံရန်ပြင်ဆင်

ဂျာမနီနိုင်ငံသည် အစ္စရေးမှဝယ်ယူထားသော Arrow 3 လေကြောင်းရန် ကာကွယ်ရေးဒုံးကျည်စနစ်ကို လက်ခံရန်ပြင်ဆင်နေကြောင်း အစ္စရေးကာကွယ်ရေးဝန်ကြီးဌာနက အတည်ပြုခဲ့သည်ဟု Defence News သတင်းဌာနက ဇွန် ၉ ရက်တွင် ရေးသား ဖော်ပြခဲ့သည်။

ဤသမိုင်းမှတ်တိုင်သည် အစ္စရေးနိုင်ငံသမိုင်းတွင် အကြီးမားဆုံးသော ကာကွယ်ရေးတင်ပို့မှုသဘောတူညီချက် တစ်ရပ်ဖြစ်ပြီး ဥရောပတိုက် ရင်ဆိုင်နေရသော ဒုံးကျည်ခြိမ်းခြောက်မှုများကြားတွင် နှစ်နိုင်ငံကြား မဟာဗျူဟာမြောက်မဟာမိတ်ဖွဲ့မှုကို အားဖြည့်ပေးလျက်ရှိကြောင်း သိရသည်။

၂၀၂၃ ခုနှစ် ဩဂုတ် ၁၇ ရက်တွင် ဂျာမနီနိုင်ငံ၏ တန်ဖိုးအားဖြင့် အမေရိကန် ဒေါ်လာ ၃ ဒသမ ၅ ဘီလီယံတန်ဖိုးရှိ Arrow 3 လေကြောင်းရန် ကာကွယ်ရေးဒုံးကျည်စနစ်ကို အစ္စရေးထံမှ ဝယ်ယူရန် စာချုပ်ချုပ်ဆိုခဲ့သော သဘောတူလက်မှတ်ရေးထိုးခဲ့မှု၏ တစ်စိတ်တစ်ပိုင်းလည်း ဖြစ်သည်။ အစ္စရေးကာကွယ်ရေးဝန်ကြီး Yoav Gallant နှင့် ဂျာမနီကာကွယ်ရေးဝန်ကြီး Boris Pistorius တို့ လက်မှတ်ရေးထိုးခဲ့သည့် အဆိုပါသဘောတူညီချက်သည် Arrow 3 ကို အစ္စရေးနှင့်အတူ ပူးပေါင်းတီထွင်ထားသော အမေရိကန်နိုင်ငံ၏ ထောက်ခံချက်ဖြင့် လုပ်ဆောင်နိုင်ခဲ့ခြင်းဖြစ်သည်။

Israel Aerospace Industries (IAI)၊ ELTA၊ Elbit Systems နှင့် ဂျာမနီကာကွယ်ရေးကုမ္ဗဏီ IABG နှင့် MBDA တို့မှ အကြီးတန်းကိုယ်စားလှယ်များသည် ဂျာမနီနိုင်ငံ၌ Arrow 3 လက်နက်စနစ်အတွက် ကာကွယ်ရေးအခြေခံအဆောက်အအုံကို အချိန်နှင့်တစ်ပြေးညီ ပြီးစီးနိုင်ရေး ထိရောက်စွာ ပေါင်းစပ်လုပ်ဆောင်နိုင်စေရန် နည်းပညာနှင့် ထောက်ပံ့ပို့ဆောင်ရေး အစီအစဉ်များတွင် ပါဝင်ဆောင်ရွက်ပေးခဲ့ကြသည်။

Arrow 3 လေကြောင်းရန်ကာကွယ်ရေးဒုံးကျည်စနစ်သည် ကမ္ဘာ့လေထုလွှာ အပြင်ဘက်ရှိ ဒုံးကျည်ပျံသန်းမှုတွင် တာဝေးပစ်ပဲ့ထိန်းဒုံးကျည်များကို ကြားဖြတ်ဟန့်တားနိုင်ရန် ဒီဇိုင်းထုတ်ထားသည့် နောက်ဆုံးပေါ် လေထုပြင်ပဒုံးကျည် ကာကွယ်ရေးစနစ်ဖြစ်သည်။ ၎င်းကို Iron Dome နှင့် David's Sling တို့ပါဝင်သော အစ္စရေးနိုင်ငံ၏ ဘက်စုံလေကြောင်းရန် ကာကွယ်ရေးကွန်ရက်၏ အပေါ်ဆုံး အလွှာအဖြစ် ဖွဲ့စည်းထားသည်။ အမေရိကန်နိုင်ငံ ဒုံးကျည်ကာကွယ်ရေး အေဂျင်စီနှင့်ပူးပေါင်း၍ IAI ကုမ္ဗဏီက တီထွင်ထားသည့် Arrow 3 လက်နက်စနစ်သည် အာကာသအတွင်းဝင်လာမည့် ခြိမ်းခြောက်မှုများကို တိုက်ခိုက်ဖျက်ဆီးရန်အတွက် အရွေ့စွမ်းအင်သုံးကြားဖြတ် တိုက်ခိုက်ရေးဒုံးကျည်ကို အသုံးပြုကာ အကာအကွယ်ပေးထားသော ဧရိယာများပေါ်တွင် အပျက်အစီးများကျရောက်ပေါက်ကွဲနိုင်ခြေကို လျှော့ချပေးနိုင်ကြောင်း သိရသည်။

အဆိုပါလက်နက်စနစ်သည် စစ်ဆင်ရေးတွင်တိုက်ပွဲဝင်ထိရောက်မှုကို ပြသခဲ့ပြီးဖြစ်သည်။ ၂၀၂၄ ခုနှစ် ဧပြီ ၁၄ ရက်နှင့် ၂၀၂၄ ခုနှစ် အောက်တိုဘာ ၁ ရက်တို့တွင် အစ္စရေးနိုင်ငံကို ဒုံးကျည်ဖြင့်တိုက်ခိုက်မှုအတွင်း Arrow 3 လက်နက်စနစ်သည် အီရန်နှင့် မဟာမိတ်ပြုထားသော ယီမင်၊ ဟူသီတို့က ပစ်လွှတ်တိုက်ခိုက်လာသည့် တာဝေးပစ်ဒုံးကျည်ခြိမ်းခြောက်မှုများကို အောင်မြင်စွာ ကြားဖြတ်ဟန့်တားနိုင်ခဲ့သည်။ ဤသို့ လက်တွေ့လုပ်ဆောင်ချက်များသည် စနစ်နှင့်တပ်ဖွဲ့ဝင်များ အသားကျစွာဖြင့် တိုက်ပွဲဝင်ထိရောက်မှုတို့ကို သက်သေပြလျက်ရှိပြီး ဂျာမနီနိုင်ငံတွင် ဖြန့်ကြက်အသုံးပြုလာမှုသည် မဟာဗျူဟာမြောက်အရေးပါမှုကို မီးမောင်းထိုးပြလျက်ရှိသည်။ ဂျာမနီနယ်မြေကို ကာကွယ်ရန် အရေးပါသောအခြေခံအဆောက်အအုံများနှင့် NATO စုပေါင်းလုံခြုံရေးအတွက် အထောက်အကူဖြစ်စေရန် မျှော်မှန်းထားပြီး ဥရောပတစ်လွှားတွင် တာဝေးဒုံးကျည်ရန်များမှ လွှမ်းခြုံ ကာကွယ်ထားမှုကို သေချာစေမည်ဖြစ်သည်။

ဤသို့ဖြင့် သမိုင်းဝင်ကာကွယ်ရေး မိတ်ဖက်ပူးပေါင်း ဆောင်ရွက်မှုသည် အစ္စရေးနိုင်ငံ၏ ထိပ်တန်းဒုံးကျည် ကာကွယ်ရေးစနစ်ကို ရောင်းချပေးခဲ့ခြင်း အပေါ် အလေးပေးဖော်ပြနေရုံမျှမက ဥရောပ၏ မဟာဗျူဟာမြောက် ကိုယ်ပိုင်စွမ်းရည်များကိုလည်း မီးမောင်းထိုးပြနေခြင်းဖြစ်သည်။ လာမည့်လများတွင် စတင်ပို့ဆောင်ပေးရန် စီစဉ်ထားသော Arrow 3 လေကြောင်းရန် ဒုံးကျည် ကာကွယ်ရေးစနစ်သည် မကြာမီတွင် ဥရောပတိုက် ဒုံးကျည်ကာကွယ်ရေး၏ အခြေခံအုတ်မြစ် ဖြစ်လာမည် ဖြစ်ပြီး တရားဝင်တပ်ဖြန့်အသုံးပြုမှုနှင့် လက်တွေ့စမ်းသပ်မှုများကို ဆက်လက်မြင်တွေ့ရဦးမည်ဖြစ်ကြောင်း သိရသည်။

Breaking News: Germany & Israel Prepare Reception of Arrow 3 Air Defense Missile System in First European Export. ကို ဘာသာပြန်ဆိုထားပါသည်။

NATO အထွေထွေအတွင်းရေးမှူးချုပ်က မဟာမိတ်အဖွဲ့၏ လေကြောင်းနှင့်ဒုံးကျည်ကာကွယ်ရေးစွမ်းရည်များ ၄၀၀ ရာခိုင်နှုန်းတိုးမြှင့်ရန်ပြောကြား

NATO အထွေထွေအတွင်းရေးမှူးချုပ် Mark Rutte က NATO မဟာမိတ်အဖွဲ့၏ လေကြောင်းနှင့် ဒုံးကျည်ကာကွယ်ရေး စွမ်းရည်များကို ၄၀၀ ရာခိုင်နှုန်းတိုးမြှင့်ရန်လိုအပ်မည်ဟု ထုတ်ဖော်ပြောကြားခဲ့ကြောင်း The Defense Post သတင်းဌာနက ဇွန် ၉ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ယုံကြည်အားထားရလောက်သော အဟန့်အတားနှင့် ကာကွယ်ရေးစွမ်းရည်များကို ထိန်းသိမ်းနိုင်ရန်အတွက် NATO အဖွဲ့သည် လေကြောင်းနှင့် ဒုံးကျည်ကာကွယ်ရေး ၄၀၀ ရာခိုင်နှုန်းထိ တိုးမြှင့်ရန်လိုအပ်သည်ဟု လန်ဒန်မြို့ Chatham House တွေးခေါ်ပညာရှင်များအဖွဲ့နှင့် တွေ့ဆုံစဉ် NATO အထွေထွေအတွင်းရေးမှူးချုပ် Mark Rutte က ပြောကြားခဲ့သည်။

ယခုလတွင် နယ်သာလန်နိုင်ငံ၌ ကျင်းပမည့် NATOထိပ်သီးအစည်းအဝေး မတိုင်မီ ၎င်း၏မှတ်ချက်များ ထွက်ပေါ်လာခဲ့ခြင်းဖြစ်ပြီး မဟာမိတ်အဖွဲ့ဝင်နိုင်ငံများကို ၎င်းတို့၏ စစ်ဘက်အသုံးစရိတ်များ အဓိကမြှင့်တင်သုံးစွဲသွားရေး ထုတ်ပြန်ကြေညာရန် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က ဖိအားပေးတိုက်တွန်းလျက်ရှိသည်။

ထိုသို့တွန်းအားပေးမှုတွင် ဒေါ်နယ်ထရန့်က NATOအဖွဲ့ဝင်နိုင်ငံများကို ၎င်းတို့၏ ကာကွယ်ရေးအသုံးစရိတ်များ လက်ရှိပန်းတိုင်ထားမှု နှစ်ရာခိုင်နှုန်း အသုံးပြုနေခြင်းထက် ၎င်းတို့၏ပြည်တွင်း စုစုပေါင်းထုတ်ကုန်(GDP)၏ ငါးရာခိုင်နှုန်းထိ တိုးမြှင့်သုံးစွဲသွားရန် တွန်းအားပေးနေခြင်းဖြစ်သည်။

မဟာမိတ်နိုင်ငံများသည် နယ်သာလန်နိုင်ငံ၌ ကျင်းပမည့် NATO ထိပ်သီးအစည်းအဝေးတွင် တရားဝင်ဖြစ်လာနိုင်သည့် ကာကွယ်ရေးအသုံးစရိတ် ငါးရာခိုင်နှုန်းပန်းတိုင်ထားရှိမှုအပေါ် သဘောတူညီချက်တစ်ခုရရှိရန် နီးစပ်နေပြီဟု ပြီးခဲ့သည့်သီတင်းပတ်က ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်မြို့တွင် အမေရိကန်ကာကွယ်ရေးဝန်ကြီး Pete Hegseth က ပြောကြားခဲ့သည်။

NATO အဖွဲ့ဝင်နိုင်ငံများသည် ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလတွင် ရုရှားအီယူကရိန်းအထူးစစ်ဆင်ရေး စတင်ပြီးကတည်းက ၎င်းတို့၏ ကာကွယ်ရေးစွမ်းရည်များကို အဆင့်မြှင့်တင်ရန် စီစဉ်နေကြခြင်းဖြစ်ကြောင်း သိရသည်။

ဗြိတိန်နိုင်ငံ ကာကွယ်ရေးမဟာဗျူဟာသစ်ကို ဝမ်းပန်းတသာကြိုဆိုရန်အတွက် လာမည့်သီတင်းပတ်တွင် မြို့တော်လန်ဒန်သို့ သွားရောက်မည်ဖြစ်ကြောင်း NATO အထွေထွေအတွင်းရေးမှူးချုပ် Mark Rutte က ပြောကြားခဲ့သည်။

ယူကရိန်းနိုင်ငံကို ရုရှား၏ စစ်ရေးအရ အရေးယူ ဆောင်ရွက်ချက်များအပေါ် တုံ့ပြန်လုပ်ဆောင်ချက်အနေဖြင့် ဗြိတိန်နိုင်ငံ ဗြိတိန်တပ်မတော်ကို ပြန်လည်ပြင်ဆင်ဖွဲ့စည်းမှုအနေဖြင့် နျူကလီးယားစွမ်းအင်သုံး တိုက်ခိုက်ရေးရေငုပ်သင်္ဘော ၁၂ စီးနှင့် ခဲယမ်းစက်ရုံခြောက်ရုံ တည်ဆောက်သွားရန် ပြီးခဲ့သော သီတင်းပတ်အတွင်း ဗြိတိန်နိုင်ငံက ကြေညာခဲ့ကြောင်း သိရသည်။

NATO Chief Urges 400% Increase in Alliance's Air Defense ကို ဘာသာပြန်ဆိုထားပါသည်။

မင်းမျိုး

ချောင်းဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၁၆၂၇ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

ချောင်းဦး ဇွန် ၁၁

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၁၆၂၇ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ချောင်းဦးမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်းဧက ၁၄၇၃ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၆၂၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ချောင်းဦးမြို့နယ်မှာ ပဲတီစိမ်းဧက ၁၄၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့အတွက် မျိုးကောင်းမျိုးသန့်တွေ သုံးစွဲဖို့ အသိပညာပေးတာတွေရှိတယ်"ဟု ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင့်ဆွေက ပြောပြသည်။

ယခုနှစ် ချောင်းဦးမြို့နယ်တွင် ပဲတီစိမ်းစိုက် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာစနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပဲတီစိမ်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက နိုင်ငံတွင်း စားသုံးမှုဖူလုံစေသည့်အပြင် ပြည်ပသို့ပါ တင်ပို့ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပဲတီစိမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးတင့်ဆွေက ပြောပြ၍ သိရသည်။

(၂၀၆)

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

နိုင်ငံခေတ်မီဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။

ကော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း ခုံးစိမ်းပိသာချိန် အများအပြားတင်ပို့ရောင်းချနိုင်ခဲ့

ကော်လမြိုင်ကျွန်း ဇွန် ၁၁

ဧရာဝတီတိုင်းဒေသကြီး ကော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း ခုံးစိမ်းပိသာချိန် အများအပြားတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကော်လမြိုင်ကျွန်းမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မိုးမြင့်က ပြောပြ၍ သိရသည်။

ကော်လမြိုင်ကျွန်းမြို့နယ်တွင် သဘာဝအတိုင်း ဖမ်းယူရရှိသည့် ခုံးစိမ်းများကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ယခုနှစ် ဧပြီလအတွင်း ခုံးစိမ်းပိသာချိန် ၅၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး မေလအတွင်း ခုံးစိမ်းပိသာချိန် ၇၀၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါခုံးစိမ်းများကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်လျက်ရှိကြောင်း သိရသည်။

"ဒေသထွက်ခုံးစိမ်းတွေ အဝယ်လိုက်နေပါတယ်။ ပြည်တွင်းဈေးကွက်မှာကို အဝယ်လိုက်နေတာပါ။ မေလအတွင်း ခုံးစိမ်းတွေ အရောင်းအဝယ်ကောင်းခဲ့ပါတယ်။ အရင်လတွေကထက် ကုန်ချိန်တွေလဲ ပိုမိုတင်ပို့ရောင်းချခဲ့ရတယ်။ မော်လမြိုင်ကျွန်းမြို့နယ်ဘက်ကငါးတွေ၊ ပုစွန်တွေ၊ ကဏန်းတွေအပြင် ခုံးစိမ်းကို သဘာဝအတိုင်း ရှာဖွေဖမ်းယူရရှိကြတာဖြစ်ပါ တယ်။ဒေသထွက် ခုံးစိမ်းတွေကို မော်လမြိုင်ကျွန်းမြို့ကနေတစ်ဆင့် ရန်ကုန်ဈေးကွက်ကိုအဓိကတင်ပို့ရောင်းချပါတယ်။ အခုခုံးစိမ်းတွေ အရောင်းအဝယ်ကောင်းလာတော့ ရေလုပ်သားတွေ၊ ကုန်သည်တွေ အလုပ်အကိုင်အခွင့်အလမ်းတွေ ကောင်းနေပါတယ်။ လက်ရှိ ခုံးစိမ်းတစ်ပိသာကို ငွေကျပ် ၁၅၅၀၀ ပေါက်ဈေးရှိပါတယ်"ဟု ဒေါ်မိုးမြင့်က ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်တွင် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များသည် ငါး အမျိုးမျိုး၊ ပုစွန်အမျိုးမျိုး၊ ကဏန်းများနှင့် ခုံးစိမ်းများကို ရေလုပ်သားများထံမှဝယ်ယူပြီး စနစ်တကျသန့်စင်ထုပ်ပိုးကာ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်းသိရသည်။**ကျော်ကျော်လင်း**

ပုဗ္ဗသီရိမြို့နယ် အေးမြင့်သာယာကျေးရွာ၌ Mobile Financial Payment စနစ်ဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

နေပြည်တော် ဇွန် ၁၁

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိခရိုင် ပုဗ္ဗသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အေးမြင့်သာယာကျေးရွာအုပ်စု အေးမြင့်သာယာကျေးရွာ၌ Mobile Financial Payment စနစ်ဖြင့် ဒုတိယအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ဇွန် ၁၀ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာဘုန်းတော်ကြီးကျောင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဇေယျာသီရိခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စိုးစိုးဦးက Mobile Financial Payment စနစ် ဆောင်ရွက်ရခြင်း၏ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပုဗ္ဗသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုက ယခင်က ရန်ပုံငွေထုတ်ချေးခြင်း၊ အရင်း၊ အတိုးပြန်လည်ပေးဆပ်ခြင်းလုပ်ငန်းများကို Manual Cash Based စနစ်ဖြင့် ဆောင်ရွက်ခဲ့ကြောင်း၊ ယခုအခါ လုပ်ငန်းစဉ်များ ပိုမိုအဆင်ပြေချောမွေ့စေရန်၊ အချိန်ကုန်သက်သာပြီး ကုန်ကျစရိတ် သက်သာစေရန်အတွက် Trusty Pay နှင့်ပူးပေါင်း၍ Mobile Financial Payment စနစ်သို့ ပြောင်းလဲ အသုံးပြုနိုင်ရေး ဆောင်ရွက်ခြင်း ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် Trusty Pay မှတာဝန်ရှိသူ ဦးသော်ဇင်ဦးနှင့်မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက Trusty Pay ဖြင့် Digital နည်းပညာကိုအသုံးပြု၍ Mobile Phone မှတစ်ဆင့် အေးမြင့်သာယာကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၉၄ ဦးကို ရန်ပုံငွေကျပ် ၃၁ ဒသမ ၄ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **နော်လူး**

နတ်မောက်မြို့နယ် ဘုန်းတော်ပြည့်ကျေးရွာ၌ သဘာဝမြေသြဇာ ပြုလုပ်နည်းသင်တန်းဖွင့်

နတ်မောက် ဇွန် ၁၁

မကွေးတိုင်းဒေသကြီး မကွေးခရိုင် နတ်မောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ဘုန်းတော်ပြည့်ကျေးရွာ၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု သဘာဝမြေသြဇာပြုလုပ်နည်းသင်တန်းဖွင့်ပွဲကို ဇွန် ၁၀ ရက်က အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မကွေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်ဆန်းဌေးနှင့် တာဝန်ရှိသူများက သင်ထောက်ကူ ပစ္စည်းများကို သင်တန်းသား၊ သင်တန်းသူများထံ ပေးအပ်သည်။

အဆိုပါ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု သဘာဝမြေသြဇာ ပြုလုပ်နည်းသင်တန်းသို့ ဘုန်းတော်ပြည့်ကျေးရွာနှင့် အနီးပတ်ဝန်းကျင် ကျေးရွာများမှ သင်တန်းသား ၁၀ ဦး၊ သင်တန်းသူ ၁၀ ဦး စုစုပေါင်း သင်တန်းသား၊ သင်တန်းသူ ဦးရေ ၂၀ တက်ရောက်ကြပြီး သင်တန်းတွင် ကျွမ်းကျင်နည်းပြ ဆရာများက ဇွန် ၁၀ ရက်မှ ဇွန် ၁၂ ရက်ထိ သုံးရက်ကြာ စာတွေ့၊ လက်တွေ့နှစ်မျိုးဖြင့် အခမဲ့ သင်ကြားပေးမည် ဖြစ်ကြောင်း နတ်မောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းနိုင်ဦးထံမှ သိရသည်။ **ကိုညို**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဆင်လမ်းရေလှောင်တမံရေပိုလွှဲအဆင့်မြှင့်တင်ခြင်းလုပ်ငန်းဆောင်ရွက်နိုင်မည့်အခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

ရှေ့ဖုံးမှအဆက်

တာဝန်ရှိသူများက ဆင်လမ်းရေလှောင်တမံရေပိုလွှဲအဆင့်မြှင့်တင်ခြင်း လုပ်ငန်းဆောင်ရွက်နိုင်မည့်အခြေအနေများနှင့် လုပ်ငန်းဆောင်ရွက်ပြီးစီးပါက ရေလွှမ်းခြုံပေးဝေနိုင်မည့်အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။ ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များ လမ်းညွှန်မှာကြားပြီး ရေလှောင်တမံအတွင်း ရေသိုလှောင်ထားရှိမှုနှင့် ရေပိုလွှဲနေရာ၌ အဆင့်မြှင့်တင်ဆောင်ရွက်နိုင်မည့်အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

"အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းက"ဟူသည့် ဆောင်ပုဒ်နှင့်အညီ အနာဂတ် နိုင်ငံတော်အတွက် စိတ်ဓာတ်စည်းကမ်းကောင်းမွန်သည့် ပညာတတ်လူသားအရင်းအမြစ်ကောင်းများ မွေးထုတ်ပေးနိုင်ရမည်

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ကျောင်းစုံညီခန်းမ၌ ဆရာ၊ဆရာမများကို တွေ့ဆုံ၍ အမှာစကားပြောကြားရာတွင် "အမျိုးသားစည်းကမ်းအစစာသင်ကျောင်းက" ဟူသည့်အတိုင်း ကျောင်းသား၊ကျောင်းသူများ၏ အတန်းပညာတတ်မြောက်ရေးအပြင် စိတ်ဓာတ်နှင့် စည်းကမ်းကောင်းမွန်ရေး အတွက်ကိုလည်း သင်ကြားရေးတာဝန်ယူထားရသည့် ဆရာ၊ဆရာမများက ဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း၊ စာရင်းကောက်ယူထားရှိသည့် ကိန်းဂဏန်းအချက်အလက်များ မိမိတို့နိုင်ငံအနေဖြင့် ပညာရေးအားပေးမြှင့်တင်ရန် လိုအပ်ချက်များစွာရှိနေဆဲဖြစ်ပြီး လူဦးရေ၏ ၅၀ ရာခိုင်နှုန်းခန့်မှာ ပညာရေးအားနည်းလျက်ရှိနေကြောင်း၊ ကလေးငယ်များကို မိဘများအနေဖြင့်သွန်သင်ဆုံးမပေးမှုများရှိသကဲ့သို့ ဆရာ၊ ဆရာမများကလည်း သွန်သင်ပေးမှုများရှိကြောင်း၊ ငယ်စဉ်ကလေးဘဝတွင် ကျောင်းတက်ရသည့်အချိန်များသဖြင့် ဆရာ၊ ဆရာမများ၏ သွန်သင်ဆုံးမပေးမှုကိုပိုမိုရရှိကြကြောင်း၊ ကျောင်းလုံးဝ မနေဖူးသူများအနေဖြင့် ဆရာ၊ ဆရာမများ၏သွန်သင်မှုအောက်တွင် နေခဲ့ရခြင်းမရှိခဲ့ကြောင်း၊ အတန်းပညာသင်ကြားပေးရမည်ဖြစ်သကဲ့သို့စိတ်ဓာတ်၊စည်းကမ်းကောင်းမွန်ရေး၊တိုင်းချစ်ပြည်ချစ်စိတ်နှင့်မျိုးချစ်စိတ်ဓာတ်များမြင့်မားစေရေးတို့အတွက်လည်း ဆရာ၊ ဆရာမများအနေဖြင့် စနစ်တကျလေ့ကျင့်သင်ကြားပေးရန်လိုကြောင်း၊ စိတ်ဓာတ်စည်းကမ်းကောင်းမွန်ရေး၊ အမျိုးသားရေး

ဆရာ၊ဆရာမများအနေဖြင့် မိမိတို့သင်ကြားပေးနေရသည့် ကလေးငယ်များကို အတန်းပညာသင်ကြားပေးခြင်းအပြင် အကောင်းအဆိုး၊ အကြောင်းအကျိုးကို ခွဲခြားသိမြင်နိုင်စွမ်းရှိစေမည့် အသိပညာနှင့် အတွေးအမြင်များကို သင်ကြားပေးရမည်ဖြစ်၊ ငယ်စဉ်ကလေးဘဝကတည်းက စနစ်တကျဖြင့် နေထိုင်သွားလာတတ်စေရေး၊ သန့်ရှင်းသပ်ရပ်မှုရှိစေရေး၊ လိမ္မာယဉ်ကျေးမှုရှိစေရေး သင်ကြားလေ့ကျင့်ပေးမှသာလျှင် အနာဂတ်ဘဝလမ်းတစ်လျှောက်၌ သာယာကောင်းမွန်သည့် လူမှုဘဝကိုရရှိစေမည်ဖြစ် . . .

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြင်ဦးလွင်မြို့ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း ကျောင်းစာကြည့်တိုက်ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။

အစားစားမှုကိုပိုမိုရရှိကြကြောင်း၊ ကျောင်းလုံးဝ မနေဖူးသူများအနေဖြင့် ဆရာ၊ ဆရာမများ၏သွန်သင်မှုအောက်တွင် နေခဲ့ရခြင်းမရှိခဲ့ကြောင်း၊ အတန်းပညာသင်ကြားပေးရမည်ဖြစ်သကဲ့သို့စိတ်ဓာတ်၊စည်းကမ်းကောင်းမွန်ရေး၊တိုင်းချစ်ပြည်ချစ်စိတ်နှင့်မျိုးချစ်စိတ်ဓာတ်များမြင့်မားစေရေးတို့အတွက်လည်း ဆရာ၊ ဆရာမများအနေဖြင့် စနစ်တကျလေ့ကျင့်သင်ကြားပေးရန်လိုကြောင်း၊ စိတ်ဓာတ်စည်းကမ်းကောင်းမွန်ရေး၊ အမျိုးသားရေး

စွမ်းရှိစေမည့် အသိပညာနှင့် အတွေးအမြင်များကို သင်ကြားပေးရမည်ဖြစ်ကြောင်း၊ ငယ်စဉ်ကလေးဘဝကတည်းက စနစ်တကျဖြင့် နေထိုင်သွားလာတတ်စေရေး၊ သန့်ရှင်းသပ်ရပ်မှုရှိစေရေး၊ လိမ္မာယဉ်ကျေးမှုရှိစေရေး သင်ကြားလေ့ကျင့်ပေးမှသာလျှင် အနာဂတ်ဘဝလမ်းတစ်လျှောက်၌ သာယာကောင်းမွန်သည့် လူမှုဘဝကိုရရှိစေမည်ဖြစ်ကြောင်း။

ကျောင်းစာကြည့်တိုက်နှင့် ပတ်သက်၍ ကျောင်းသား၊ ကျောင်းသူများ၏ အသက်အရွယ်နှင့်ကိုက်ညီသည့် စာအုပ်များထားရှိရန်လိုပြီး ကျောင်းသား၊ ကျောင်းသူများနှင့် မသက်ဆိုင်သည့် စာအုပ်၊စာပေများမထားရှိရန်လိုကြောင်း၊ ကျောင်းသား၊ ကျောင်းသူများ သုတ၊ ရသ စာပေများဖတ်ရှုလေ့လာခြင်းဖြင့် အသိပညာအတတ်ပညာများတိုးပွားလာပြီး ၎င်းတို့ဘဝအတွက် များစွာအထောက်အကူပြုစေမည်ဖြစ်ကြောင်း၊ အတန်းပညာကို သင်ကြားမှုမှရရှိသကဲ့သို့ အသိပညာကို စာအုပ်စာပေးများဖတ်ရှုခြင်းမှရရှိနိုင်ကြောင်း၊ ကလေးငယ်များကို သင်ကြားလေ့ကျင့်ပေးရသည့်သူများဖြစ်သည့် ဆရာ၊ ဆရာမများ အနေဖြင့်လည်း အသိပညာများပြည့်ဝစေရေး စာပေဖတ်မှတ်လေ့လာခြင်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်စေလိုကြောင်း၊ မိမိတို့တာဝန်ယူထားရသည့်ဘာသာရပ်များ

အလိုက် ကျွမ်းကျင်ပိုင်နိုင်စွာသင်ကြားလေ့ကျင့်ပေးနိုင်ရမည်ဖြစ်သကဲ့သို့ မိမိတို့ကြုံတွေ့ခဲ့ရသည့် ဘဝအတွေ့အကြုံများ၊ စာပေဖတ်မှတ်ခြင်းမှရရှိခဲ့သည့် အသိအမြင်များကိုလည်း ကလေးငယ်များထံသို့ မျှဝေပေးနိုင်ရမည်ဖြစ်ကြောင်း၊ထိုသို့ဆောင်ရွက်ပေးနိုင်မှသာလျှင် မိမိတို့နိုင်ငံ၏အနာဂတ်ကို ဦးဆောင်ကြမည့် အနာဂတ်မျိုးဆက်သစ် လူသားအရင်းအမြစ်ကောင်းများကို ပိုမိုမွေးထုတ်ပေးနိုင်မည်ဖြစ်ကြောင်း။

နိုင်ငံတော်အနေဖြင့်လည်း ပညာရေးကို ဘက်ပေါင်းစုံမှ အားပေးမြှင့်တင်လျက်ရှိပြီး သင်ကြားရေး ဝန်ထမ်းများအတွက်လည်း ဝတ်စုံစရိတ်များ၊ အိမ်ငှားခများ၊ ထောက်ပံ့ကြေးများ၊ပညာရပ်ပိုင်းဆိုင်ရာချီးမြှင့်မှုများ ကိုဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ပေးနေခြင်းမှာ သင်ကြားရေးတာဝန်ယူထားရသည့် ဆရာ၊ ဆရာမများ အနေဖြင့် မိမိတို့၏လုပ်ငန်းတာဝန်များကို ပျော်ပျော်ရွှင်ရွှင်ဖြင့်ကျေပွန်စွာ၊အာရုံစူးစိုက်မှုအပြည့်ရှိစွာဖြင့် ထမ်းဆောင်စေလိုခြင်းဖြင့်ကြောင်း၊ အနာဂတ်တိုင်းပြည်အတွက် စိတ်ဓာတ်စည်းကမ်းကောင်းမွန်သည့်၊အရည်အသွေးပိုမိုကောင်းမွန်သည့် လူသားအရင်းအမြစ်ကောင်းများ မွေးထုတ်ပေးနိုင်ရေး ဆရာ၊ဆရာမများအနေဖြင့် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ နိုင်ငံတော်အနေဖြင့်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြင်ဦးလွင်မြို့, အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ချုပ်မှူတာဝန်ခံအရာရှိနှင့်ဆရာ၊ဆရာမများကို တွေ့ဆုံအမှာစကားပြောကြားစဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြင်ဦးလွင်မြို့, အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းတွင် ကျောင်းသား၊ ကျောင်းသူများ ပညာသင်ကြားနေမှုများကို လိုက်လံကြည့်ရှုအားပေးစဉ်။

တစ်နိုင်ငံလုံး ပညာရည်မြင့်မားရေးအတွက် ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ ဆရာ၊ ဆရာမများအနေဖြင့်လည်း ကျောင်းသား၊ ကျောင်းသူများ ပညာရည်မြင့်မားရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ပေးကြစေလိုကြောင်း။

နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ပါတီနိုင်ငံရေးကင်းရှင်းရန်လိုအပ်မည်ဖြစ်ပြီး နိုင်ငံရေးနှင့် နိုင်ငံ့အရေးကို ခွဲခြားသိမြင်ရန်လိုကြောင်း၊ မိမိတို့တာဝန်ယူထားရသည့် တာဝန်များကို ကျေပွန်စွာထမ်းဆောင်ခြင်းဖြင့် နိုင်ငံ့အရေး အုပ်ချုပ်မှုတာဝန်ခံအရာရှိနှင့် ဆရာ၊ ဆရာမများက လက်ခံရယူကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အခြေခံပညာအထက်တန်းကျောင်း(ခွဲ) အမှတ်(၁)အခြေခံပညာအလယ်တန်းကျောင်းသို့ရောက်ရှိကြရာ ဆရာ၊ဆရာမများကကြိုဆိုနှုတ်ဆက်ကြသည်။ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် စာသင်ခန်းများ

မြေအသုံးချမှုနှင့်ပတ်သက်၍ လယ်ယာမြေဥပဒေ၊ မြေလွတ်မြေရိုင်းနှင့် ပတ်သက်သည့် ဥပဒေများကို ပြဋ္ဌာန်းထားရှိပြီးဖြစ်ပြီး သတ်မှတ်ပေးထားသည့် ခွင့်ပြုချက်များနှင့်အညီသာ ဆောင်ရွက်သွားရန်လို၊ အချို့လမ်းနယ်များ၌ ကျူးကျော်၍ မြေအသုံးချမှုများရှိနေပြီး လမ်းမကြီးများ ဥပဒေနှင့်အညီဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ် . . .

ကို ကျေပွန်ရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ကောင်းမွန်ရေးအတွက် နိုင်ငံ့ဝန်ထမ်းပီသစွာဖြင့် အတူတကွကြိုးပမ်းဆောင်ရွက်သွားကြသည့် နိုင်ငံ့ဝန်ထမ်းများ ဖြစ်ကြစေလိုကြောင်းဖြင့် မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကျောင်းစာကြည့်တိုက်အတွက် သုတ၊ရသ စာအုပ်စာစောင်များကိုပေးအပ်ရာ ကျောင်းစေး(ညံတောစေး)အဆင့်မြင့်စေးသစ်တည်ဆောက်ရေးစီမံကိန်းသို့ရောက်ရှိကြရာ စီမံကိန်းရှင်းလင်းဆောင်၌ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်က အဆင့်မြင့်စေးသစ်တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်သွားမည့်အခြေအနေများကို လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးက ပြင်ဦးလွင်ဒေသသန့်ရှင်းသာယာလုပရေး၊ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ထားရှိမှုအခြေအနေများ၊ မြို့ရေရရှိရေးဆောင်ရွက်ထားရှိမှုအခြေအနေများ၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အနာဂတ်တွင် ဆက်လက်ဆောင်ရွက်သွားမည့်အခြေအနေများကိုလည်းကောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ရတနာပုံမြို့သစ်စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှု၊လုပ်ငန်းဆောင်ရွက်မှုများ ရပ်ဆိုင်းခဲ့ရမှုတို့ကိုလည်းကောင်းအသီးသီးရှင်းလင်းတင်ပြကြသည်။

ပြင်ဦးလွင်မြို့၏သမိုင်းကြောင်းစဉ်လာနှင့် ဂုဏ်ခြေပ်ကောင်းများကို ဆက်လက်လက်ဆင့်ကမ်း ထိန်းသိမ်းဆောင်ရွက်သွားရမည်

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ပြင်ဦးလွင်မြို့ကို ယခင်ကတည်းကပင် ပန်းမြို့တော်၊ ချယ်ရီမြို့တော်၊ တောင်လှေကားမြို့တော်စသည်ဖြင့် တင်စားခေါ်ဝေါ်ခဲ့ကြကြောင်း၊ ထိုသို့ခေါ်ဆိုမှုများနှင့်အညီ ကိုက်ညီသည့်မြို့တော်ဖြစ်စေရေး ကြိုးပမ်းဆောင်ရွက်သွားရန်လိုကြောင်း၊ လက်ရှိအချိန်တွင် ပြင်ဦးလွင်ဒေသ၌ လာရောက်နေထိုင်သူများပြားလာပြီး မြို့နေလူဦးရေတိုးပွားလာခဲ့ကြောင်း၊ပြင်ဦးလွင်မြို့သည် သမိုင်းကြောင်းအစဉ်အလာကြီးမားပြီး နာမည်ဂုဏ်ခြေပ်ကောင်းများနှင့်ပြည့်စုံသည့်မြို့ဖြစ်၍ မိမိတို့အနေဖြင့် ဆက်လက်ထိန်းသိမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ဒေသအတွင်းလာရောက်နေထိုင်သူများပြားလာမှုနှင့်အတူ စည်းကမ်းစနစ်တကျရှိအောင် ကြပ်မတ်ဆောင်ရွက်သွားခြင်းဖြင့်စနစ်တကျရှိပြီး ဖွံ့ဖြိုးတိုးတက်သည့်မြို့ကိုဖော်ဆောင်ပေးနိုင်ရမည်ဖြစ်ကြောင်း။

ပြင်ဦးလွင်မြို့သည် ပညာရေးနှင့်ပတ်သက်၍လည်း အစဉ်အလာကောင်းများ ရှိသည့်မြို့တစ်မြို့ဖြစ်ပြီး ပုဂ္ဂလိကကိုယ်ပိုင်အထက်တန်းကျောင်းများ ဖွံ့ဖြိုးတိုးတက်မှု၏ အစပျိုးရာမြို့တစ်မြို့၌ပါဝင်ကြောင်း၊ ပြင်ဦးလွင်မြို့အနေဖြင့်လည်း ယင်းကဲ့သို့ ပညာရေးဆိုင်ရာ အခြေခံကောင်းများကို လက်ဆင့်ကမ်းထိန်းသိမ်း၍ ပညာရေးမြို့တော်အဖြစ် ဆက်လက်ထိန်းသိမ်းဆောင်ရွက်ကာစည်းကမ်းစနစ်တကျရှိသည့် ပညာတတ် လူသားအရင်းအမြစ်ကောင်းများကို ဆက်လက်မွေးထုတ်ပေးနိုင်ရေးဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ပညာရေးကောင်းမွန်ရန်အတွက် ကျောင်းသား၊ ဆရာ၊ မိဘတို့ပူးပေါင်းဆောင်ရွက်ရန် လိုအပ်သည့်အပြင် အုပ်ချုပ်ရေး အဖွဲ့အစည်းများကလည်း လိုအပ်သည့်ကြီးကြပ်ကွပ်ကဲမှုများ ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း။

ပြင်ဦးလွင်ဒေသတွင် သစ်ပင်ပန်းမန်များ ဖြင့်အစဉ်အမြဲသာယာလှပစေရေးနှင့်သစ်ပင်များကိုအကြောင်းမဲ့ခုတ်ထွင်ခြင်းများမပြုလုပ်စေရေးအတွက် By Law များဖြင့် ထိန်းသိမ်းဆောင်ရွက်သွားရန်လိုကြောင်း၊ နိုင်ငံတကာ၌လည်း သစ်ပင်များခုတ်ထွင်ရှင်းလင်းခြင်းနှင့်ပတ်သက်၍ ဥပဒေများဖြင့် ထိန်းသိမ်းဆောင်ရွက်ကြကြောင်း၊သစ်ပင်သစ်တောများ ထိန်းသိမ်းရေးနှင့်ပတ်သက်၍သစ်တောဦးစီးဌာနသာမက အုပ်ချုပ်ရေးဆိုင်ရာအဖွဲ့အစည်းအသီးသီးတွင်လည်း **စာမျက်နှာ ၁၈ သို့**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြင်ဦးလွင်မြို့ သုမင်္ဂလာဈေး(ညံတောဈေး) အဆင့်မြင့်ဈေးသစ်တည်ဆောက်ရေးစီမံကိန်းအတွင်း လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြင်ဦးလွင်မြို့ သုမင်္ဂလာဈေး(ညံတောဈေး) အဆင့်မြင့်ဈေးသစ်တည်ဆောက်ရေးစီမံကိန်းရှင်းလင်းဆောင်ခ်ဲ့ တာဝန်ရှိသူများကို တွေ့ဆုံအမှာစကားပြောကြားစဉ်။

စာမျက်နှာ ၁၇ မှအဆက်

တာဝန်ရှိကြောင်း၊ ပြင်ဦးလွင်ဒေသ စိမ်းလန်းသာယာစိုပြည်ရေးအတွက် သစ်ပင်သစ်တောများ ပြန်လည်စိုက်ပျိုးထိန်းသိမ်းခြင်းများ ဆောင်ရွက်သွားကြရန်လိုကြောင်း။

မြေအသုံးချမှုနှင့် ပတ်သက်၍ လယ်ယာ မြေဥပဒေ၊ မြေလွတ်မြေရိုင်းနှင့် ပတ်သက်သည့် ဥပဒေများကိုပြဋ္ဌာန်းထားရှိပြီးဖြစ်ပြီး သတ်မှတ်ပေးထားသည့်ခွင့်ပြုချက်များနှင့်အညီသာဆောင်ရွက်သွားရန် လိုကြောင်း၊ တာဝန်ရှိသူများအနေဖြင့် ဥပဒေကသတ်မှတ်ပေးထားသည့်စည်းမျဉ်းစည်းကမ်းများနှင့်အညီ ကြပ်မတ်ဆောင်ရွက်သွားရန်လိုကြောင်း၊ **အချို့လမ်းနယ်များ၌ကျူးကျော်၍ မြေအသုံးချမှုများရှိနေပြီး လမ်းမကြီးများဥပဒေနှင့်အညီ ဆောင်ရွက်သွားရန်** လိုအပ်မည်ဖြစ်ကြောင်း၊ နိုင်ငံတော်တွင် ပြဋ္ဌာန်းပေးထားသည့် ဥပဒေများနှင့်အညီ ကြပ်မတ်ဆောင်ရွက်ခဲ့ခြင်းများမရှိသဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အခက်အခဲများကြုံတွေ့ရလျက်ရှိကြောင်း၊ ထို့ကြောင့် ထုတ်ပြန်ထားသည့် ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများကို သိရှိကြရန်၊ လိုက်နာကြရန်လိုအပ်မည်ဖြစ်ပြီး မိမိတို့လုပ်ဆောင်ရမည့် လုပ်ငန်းတာဝန်များကို ကျေပွန်အောင်ထမ်းဆောင်ကြရန်လိုအပ်မည်ဖြစ်ကြောင်း၊ ပြင်ဦးလွင်ဒေသ၌လည်း မြေယာအသုံးချမှုများနှင့် ပတ်သက်၍ သတ်မှတ်ပေးထားသည့် ခွင့်ပြုချက်များ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်နေသူများရှိသကဲ့သို့ သတ်မှတ်ချက်များကိုကျော်လွန်ချိုးဖောက်၍ အခြားနည်းများဖြင့်မြေယာအသုံးချမှုများလည်းရှိနေကြောင်း၊ တာဝန်ရှိသူများ အနေဖြင့် မြေယာအသုံးချမှုများစည်းကမ်းစနစ်တကျဖြစ်စေရေး ကြပ်မတ်ဆောင်ရွက်သွားရန်လိုကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအနေဖြင့် နိုင်ငံတော်အား တာဝန်ယူဆောင်ရွက်ချိန်တွင် ဒီမိုကရေစီလမ်းကြောင်းအပေါ် လျှောက်လှမ်းနေခြင်းကြောင့် ဒီမိုကရေစီစနစ်တွင် ဥပဒေကိုသိရှိနားလည်ရန်လိုအပ်သဖြင့် ဌာနဆိုင်ရာအကြီးအကဲများအားလုံးကို ဥပဒေသင်တန်းများမဖြစ်မနေတက်ရောက်စေခဲ့ကြောင်း၊အလားတူ အခြေခံပညာကျောင်းများ၌ KG+12 ကျောင်းသား၊ကျောင်းသူများကို ဥပဒေနှင့် ပတ်သက်ပြီး အခြေခံများကို သိရှိစေရေး သင်ကြားပေးလျက်ရှိကြောင်း၊ ဖွဲ့စည်းပုံ အခြေခံဥပဒေ၊ ပြစ်မှုဆိုင်ရာဥပဒေ၊ လောင်းကစားမှုဥပဒေ၊လူကုန်ကူးမှုဥပဒေ၊ မူးယစ်ဆေးဝါးဥပဒေ အစရှိသည့် ကျောင်းသား၊ကျောင်းသူအရွယ်များ သိရှိနားလည်နိုင်သည့် ဥပဒေများကို သင်ကြားပေးခြင်းဖြစ်ကြောင်း၊KG+12 တက်ရောက်နေသည့် ကျောင်းသား၊ ကျောင်းသူများသည် အသက် ၁၇ နှစ်နှင့် ၁၈ နှစ်အရွယ် ပတ်ဝန်းကျင်များဖြစ်ကြပြီး အသက် ၁၈ နှစ်ပြည့်ပါက ဆန္ဒမဲပေးရမည်ဖြစ်ကြောင်း၊ ထို့ကြောင့်ဥပဒေကိုသိရှိနားလည်နိုင်ရေး သင်ကြားပေးခြင်းဖြစ်ပြီး ဥပဒေနှင့် ပတ်သက်၍ စာမေးပွဲဖြေဆိုရမည်မဟုတ်ကြောင်း၊အခြေခံဥပဒေပညာကို သင်ကြားပေးမည့် ဆရာ၊ ဆရာမများကိုလည်း ဥပဒေကို နားလည်သိရှိအောင် Training of Trainners(TOT) သင်တန်းများပေးပြီး သင်ကြားစေခဲ့ခြင်းဖြစ်ကြောင်း၊ ထိုမှတစ်ဆင့် KG+11နှင့် KG+10 ကျောင်းသား၊ ကျောင်းသူများကိုလည်း ဥပဒေနှင့် ပတ်သက်သည့်အခြေခံများကို သိရှိနားလည်နိုင်စေရေး ဆက်လက်သင်ကြားပေးသွားမည်ဖြစ်ကြောင်း၊ အလားတူ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တက္ကသိုလ်အသီးသီး၌လည်း ဒီမိုကရေစီ၏အခြေခံဖြစ်သည့်ဥပဒေကို သိရှိနားလည်နိုင်ရန်နှင့် စီးပွားရေးနှင့်ပတ်သက်သည့် အသိအမြင်များရှိစေရေးအတွက် ဥပဒေနှင့်စီးပွားရေးဆိုင်ရာ အခြေခံဘာသာရပ်များကို သင်ကြားပေးလျက်ရှိကြောင်း၊ ဥပဒေအသိရှိစေရေး BA(Law)သင်တန်းကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိသကဲ့သို့ စီးပွားရေးအသိ ရှိစေရေးအတွက်လည်း BA(Eco)သင်တန်းကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း။

ပြင်ဦးလွင်၏ဂုဏ်ကို ဖော်ညွှန်းထားသည့် အမည်နာမများနှင့်ကိုက်ညီအောင် အကောင်အထည်ဖော်နိုင်ရေးဌာနဆိုင်ရာ တာဝန်ရှိသူများအားလုံးက ဝိုင်းဝန်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ အစိုးရအနေဖြင့် မူဝါဒချမှတ်ပေးမည်ဖြစ်ပြီး ယင်းမူဝါဒကို အကောင်အထည်ဖော်ရန်မှာ ဌာနဆိုင်ရာများ၏ တာဝန်ပင်ဖြစ်ကြောင်း၊ ခရိုင်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ခရိုင်အုပ်ချုပ်ရေးမှူးများတွင် အဓိကတာဝန်ရှိပြီး ဦးဆောင်လမ်းပြမှုကောင်းစွာဖြင့် ဒေသနှင့်ဒေသခံများ၏အကျိုးကို ဖော်ဆောင်ပေးနိုင်ရမည်ဖြစ်ကြောင်း၊ မိမိအနေဖြင့် တာဝန်ထမ်းဆောင်စဉ် ကာလအတွင်း တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ မြို့များသို့သွားရောက်၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက်လိုအပ်သည်များကိုစဉ်ဆက်မပြတ် လမ်းညွှန်မှာကြားလျက်ရှိကြောင်း၊ ထိုသို့မှာကြားနေရခြင်းမှာ နိုင်ငံရေးလုပ်ဆောင်နေခြင်းမဟုတ်ဘဲ နိုင်ငံ့ကောင်းရာကောင်းကျိုးအတွက် လုပ်သင့်လုပ်ထိုက်သည့် ကိစ္စရပ်များကိုလုပ်ဆောင်သွားရန်၊ ဒေသအကျိုး၊ နိုင်ငံ့အကျိုးကို ဖော်ဆောင်သွားကြရန် မှာကြားနေခြင်းဖြစ်ပြီး နိုင်ငံ့အရေးကို လုပ်ဆောင်နေခြင်းသာဖြစ်ကြောင်း။

သမ်ပင်သစ်တောများ ထိန်းသိမ်းပြီး စိမ်းလန်းစိုပြည်ရေးနှင့်ပတ်သက်၍လည်း ဝိုင်းဝန်းဆောင်ရွက်ကြရန် လိုကြောင်း၊ မိမိတို့ပစ္စည်းပွန်တွင်နေထိုင်နေကြသည့်သူများက ထိန်းသိမ်းဆောင်ရွက်သွားမှသာလျှင် ပြင်ဦးလွင်ဒေသ၏ အေးမြပြီးလတ်ဆတ်သည့် ရာသီဥတုနှင့်သဘာဝပတ်ဝန်းကျင်ကိုအနာဂတ်လူငယ်များထံသို့ လက်ဆင့်ကမ်းနိုင်မည်ဖြစ်ကြောင်း၊ အုပ်ချုပ်ရေးဆိုင်ရာတာဝန်ရှိသူများက ဒေသခံများနှင့် အတူ ဝိုင်းဝန်းထိန်းသိမ်းလက်ဆင့်ကမ်းဆောင်ရွက်သွားကြရန် လိုကြောင်းဖြင့် မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် သုမင်္ဂလာဈေး(ညံတောဈေး) အဆင့်မြင့်ဈေးသစ်တည်ဆောက်ရေးစီမံကိန်းအတွင်း လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၁)

ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ အမျိုးသားနေ့အထိမ်းအမှတ် ဧည့်ခံပွဲအခမ်းအနားကျင်းပ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီးအောင်လင်းဒွေး တက်ရောက်

ရန်ကုန် ဇွန် ၁၁

ရန်ကုန်မြို့အခြေစိုက် ရုရှားဖက်ဒရေးရှင်းနိုင်ငံသံရုံးကကျင်းပသည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ အမျိုးသားနေ့ အထိမ်းအမှတ် ဧည့်ခံပွဲအခမ်းအနားကို ယနေ့ညပိုင်းတွင် ရန်ကုန်မြို့ Lotte Hotel ၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီးအောင်လင်းဒွေးနှင့်ဇနီးတို့ တက်ရောက်ကြသည်။

ဦးစွာ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E.Mr. Iskander Azizov၊ စစ်သံမှူးနှင့် တာဝန်ရှိသူတို့က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီးအောင်လင်းဒွေးနှင့်ဇနီး၊ ဧည့်ခံပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သီချင်းနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံတော်သီချင်းတို့ဖြင့် အခမ်းအနားကို စတင်ဖွင့်လှစ်ပြီး မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Iskander Azizov က နှုတ်ခွန်းဆက်စကားပြောကြားသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီးအောင်လင်းဒွေး ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ အမျိုးသားနေ့ အထိမ်းအမှတ် ဧည့်ခံပွဲအခမ်းအနားသို့ တက်ရောက်စဉ်။

ဆက်လက်၍ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ ယဉ်ကျေးမှုအမွေအနှစ်၊ သိပ္ပံပညာဆိုင်ရာအောင်မြင်မှုများ၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် နိုင်ငံတကာရေးရာဆိုင်ရာအခန်းများကို ဗီဒီယိုဖြင့် ဖွင့်လှစ်ပြသပြီးနောက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ ယဉ်ကျေးမှုအဖွဲ့တို့က ရိုးရာယဉ်ကျေးမှုအကအလှများဖြင့် ကပြဖျော်ဖြေတင်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီးအောင်လင်းဒွေးနှင့် ဇနီး၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E.Mr.Iskander Azizov တို့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ အမျိုးသားနေ့ အထိမ်းအမှတ် ဧည့်ခံပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ဧည့်ခံပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား သံအမတ်ကြီးက ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဒေါက်တာဘာရွှေ၊ ခွန်စံလွင်၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီး၊ ညွှန်ကြားကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) နှင့်ဇနီး၊ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ စစ်သံမှူးများနှင့် ဖိတ်ကြားထားသူများတက်ရောက်ကြောင်း သတင်းရရှိသည်။ **(၅၀၁)**

☆ ကျောဖုံးမှအဆက်

အမေရိကန်ဒေါ်လာ ၇၂သန်းကျော်ရရှိခဲ့ပြီး ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်၌ ဝင်ငွေတိုးမြင့်ရရှိနိုင်ရေး ကြိုးပမ်းဆောင်ရွက်နေကြောင်း မြန်မာနိုင်ငံမှ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ ဆော်ဒီအာရေးဗျနှင့် အခြားသော နိုင်ငံအချို့သို့ ငါးမြစ်ချင်း၊ ငါးကြင်း၊ ငါးတန်၊ ငါးခေါင်းပွ၊ ငါးသလောက်နှင့် အခြားငါးမျိုးစုံတို့ကို အဓိကတင် ပို့လျက်ရှိပြီး ရေချိုထွက်ကုန်များကို ဇရာဝတီ တိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့၌ မွေးမြူထုတ်လုပ်လျက်ရှိပြီး တစ်ကန်ဖော်ချိန်၌ အခြားကန်များကို ဆက်လက်မွေးသောစနစ်ဖြင့် ငါးမွေးတောင်သူများ တစ်နှစ်ပတ်လုံး ပင်လယ်ပြင်ငါးဖမ်းရာသီ ပိတ်သိမ်းထားချိန်၌ ငါးစေ့းကွက်တွင် ရေချိုထွက်ကုန်များ အရောင်းအဝယ်ကောင်းလျက်ရှိပြီး မွေးမြူရေးကဏ္ဍတွင် နိုင်ငံတကာ၌ ကောင်းမွန်သော မွေးမြူရေးကျင့်စဉ်မှ အကောင်းဆုံးမွေးမြူရေးကျင့်စဉ်သို့ပြောင်းလဲအသုံးပြုလျက်ရှိရာ မြန်မာနိုင်ငံတွင် ပဲလည်း မျိုးကောင်းမျိုးသန့်များ မွေးမြူထုတ်လုပ်နိုင်ရန်နှင့် ဒေသမျိုးရင်းများကို ထိန်းသိမ်းနိုင်ရန် ငါးလုပ်ငန်းဦးစီးဌာနနှင့် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့တို့ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **ညိမ်းသူ(သတင်းစဉ်)**

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်းဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)**
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၃၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀

(ခ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)**
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀

(ဂ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)**
- (၁) ၀၉-၃၄၉၀၃၅၅၃၊ ၀၉-၃၄၉၀၃၀၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၀၀၆ဖ၆၃၈

(ဃ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)**
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀ဖ၆ဒ၃၈

(င) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)**
- (၁) ၀၅၈-၂၀၂၄၅၃၃၀၊ ၀၅၈-၂၀၂၃၃၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၁၉၁၀

(စ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)**
- (၁) ၀၇၀-၂၀၂၂၃ဖ၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၈၉၀၉၃၇၅၇

(ဆ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)**
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)**
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(စျ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)**
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)**
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)**
- (၁) ၀၂-၄၀၂၁၂၄၅၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဌ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃ဖ
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
- (၁) ၀၉-၂၅၅၀၀၂၅၁၀၇၊ ၀၉-၂၅၅၀၀၂၅၁၀၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)**
- (၁) ၀၁-၈၃၀၀၀၁ဖ၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
- (၁) ၀၈၁-၂၁၄၄၅၄၀၊ ၀၈၁-၂၁၄၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများကို တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါကဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်းအသိပေးအပ်ပါသည်။

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့

ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော ရာဇမဏ္ဍိုဘုဇာကောင်းမှုတော်စေတီတော်နှင့် ဆွမ်းဦးပုညရှင်စေတီတော်တို့ရှိ သာသနိကအဆောက်အအုံများအား ပြန်လည်ပြုပြင်နိုင်ရန်အတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးပြုလုပ်

နေပြည်တော် ဇွန် ၁၁

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော ရာဇမဏ္ဍိုဘုဇာကောင်းမှုတော်စေတီတော်နှင့် ဆွမ်းဦးပုညရှင်စေတီတော်တို့ရှိ သာသနိက အဆောက်အအုံများအား ပြန်လည်ပြုပြင်နိုင်ရန်အတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ကျင်းပပြုလုပ်ရာ နိုင်ငံတော်သြဝါဒါစရိယ ရွှေကျင်နိုကာယဥ္စဂ္ဂဒ သောဋ္ဌသမရွှေကျင်သာသနာပိုင် သီတဂူ ကမ္မာဘုဒ္ဓတက္ကသိုလ်များနှင့် သီတဂူဆေးရုံတော်များ၏ အဓိပတိ အဘိဓေမဟာရဋ္ဌဂုရု အဘိဓေအဂ္ဂမဟာသဒ္ဓမ္မဇောတိက မဟာဓမ္မကထိက ဗဟုဇနဟိတဓရ သီတဂူဆရာတော်ကြီး ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရ ကြွရောက်တော်မူပြီး စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ ကာကွယ်ရေးဦးစီးရုံးချုပ် (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံ၊ ဂေါပက အဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက စေတီတော်အတွင်းရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော သာသနိက အဆောက်အအုံများအား ပြန်လည်ပြုပြင်မွမ်းမံဆောင်ရွက်သွားမည့် အခြေအနေများကို Power Point ဖြင့် ရှင်းလင်းလျှောက်ထားတင်ပြသည်။

ထို့နောက် သီတဂူဆရာတော်ကြီးထံမှ ဆုံးမသြဝါဒခံယူပြီး ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော သာသနိက အဆောက်အအုံများအား ဖယ်ရှားရှင်းလင်းထားရှိမှု အခြေအနေများကို လိုက်လံကြည့်ရှု စစ်ဆေးခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော ရာဇမဏ္ဍိုဘုဇာကောင်းမှုတော်စေတီတော်နှင့် ဆွမ်းဦးပုညရှင်စေတီတော်တို့ရှိ သာသနိကအဆောက်အအုံများအား ပြန်လည်ပြုပြင်နိုင်ရန်အတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးပြုလုပ်စဉ်။

ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက်ဆက်လက်ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇွန် ၁၁

မြန်မာနိုင်ငံတွင် လူပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့်နေရာများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အဖွဲ့အစည်းအသီးသီးက ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့ ပတ္တမြားရပ်ကွက် စစ်ကိုင်းပညာရေးတက္ကသိုလ်အတွင်းရှိ Grade-12 စာမေးပွဲပြန်လည်ဖြေဆိုမည့်ကျောင်းသား၊ ကျောင်းသူများ အနီးကပ်စခန်းသွင်းလေ့ကျင့်နေမှုများနှင့် လေ့ကျင့်သင်ကြားပေးနေမှုများကို ကြည့်ရှုအားပေးပြီး ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော စာသင်ဆောင်များ ပြင်ဆင်ထားရှိမှုများ လိုက်လံကြည့်ရှု၍ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဒုတိယဗိုလ်ချုပ်ကြီးနှင့် တာဝန်ရှိသူများသည် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော စစ်ကိုင်းမြို့ရှိ ဘုရားစေတီပုထိုးများ၊ သာသနိကအဆောက်အအုံများနှင့် ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်ကျောင်းများနှင့် နေအိမ်အဆောက်အအုံများ၌ အပျက်အစီးများကို စက်ယန္တရားကြီးများဖြင့် မိုးမကျမီ အရှိန်အဟုန်မြှင့် ဖယ်ရှားရှင်းလင်းနေမှုများ၊ စစ်ကိုင်းမြို့ရှိ ပြည်သူများအတွက် တပ်မတော်ရေသန့်စက်ဖြင့် ရေပေးဝေနေမှုနှင့် တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်ပေးနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များဆောင်ရွက်ပေးသည်။

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးမိုးအောင် မန္တလေးချမ်းအေးသာစံမြို့နယ် ချမ်းအေးသာစံအလယ်ရပ်ကွက်ရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော အန္တရာယ်ရှိအဆောက်အအုံများတွင် ဖြိုချရှင်းလင်းရန်ကျန် အဆောက်အအုံများကို ကြည့်ရှုစစ်ဆေးစဉ်။

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးသန့်နိုင် ကျောက်ဆည်မြို့ စုကြီးရပ်ကွက်ရှိ ကျောက်သေတ္တာစေတီ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုအပ်သောပစ္စည်းများ သယ်ယူနိုင်ရန်အတွက် စတီးကြိုးတပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးစဉ်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးမိုးအောင်နှင့် တာဝန်ရှိသူများသည် မန္တလေးချမ်းအေးသာစံမြို့နယ် မောရဂီဝါရပ်ကွက်၊ ထင်းဝန်းရပ်ကွက်၊ ချမ်းအေးသာစံအလယ်ရပ်ကွက်တို့ရှိ ငလျင်ဒဏ်ကြောင့်ထိခိုက်ပျက်စီးခဲ့သော အန္တရာယ်ရှိအဆောက်အအုံများ၌ ဖြိုချရှင်းလင်းရန်ကျန်အဆောက်အအုံများကို လုပ်ငန်းဆောင်ရွက်ရန် ပြင်ဆင်ထားရှိမှု၊ ဖြိုချပြီးအပျက်အစီးများ အပြီးသတ်ရှင်းလင်းနေမှု၊ ဖြိုချဖျက်ဆီးဆဲ အန္တရာယ်ရှိ အဆောက်အအုံများ၌ စက်ယန္တရားကြီးများ အသုံးပြု၍ အင်တိုက်အားတိုက်ရှင်းလင်းရေးဆောင်ရွက်နေမှု၊ အများပြည်သူအသုံးပြုမှုများ သည့်လမ်းမကြီးများ၌ လမ်းပိတ်ဆို့မှု မဖြစ်ပေါ်စေရေးနှင့် အန္တရာယ်ကင်းစွာ သွားလာနိုင်ရေး ဆောင်ရွက်ထားရှိမှုများနှင့် အောင်မြေသာစံမြို့နယ် အမရဌာနီအရှေ့ရပ်နှင့် အောင်မြေသာစံရပ်ကွက်ရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော သာသနိက အဆောက်အအုံများအား ကြည့်ရှုစစ်ဆေး၍ ကျောင်းထိုင်ဆရာတော်ကြီးများကို အလှူငွေများဆက်ကပ်လှူဒါန်းပြီး ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများအတွက် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင်နှင့် တာဝန်ရှိသူများသည် မန္တလေးချမ်းမြသာစည်မြို့နယ် ကျွန်းလုံးဥယျောင်ရပ်ကွက်၊ အမရဂူရမြို့နယ် ငယ်တိုးကျေးရွာအုပ်စု ရွှေလွန်းကျေးရွာနှင့် ဈေးချိုရပ်ကွက်တို့ရှိ ငလျင်ဒဏ်ကြောင့်ထိခိုက်ပျက်စီးခဲ့သော ဘုရားစေတီများနှင့် သာသနိကအဆောက်အအုံများ၌ အပျက်အစီးများကို တပ်မတော်သားများက အင်တိုက်အားတိုက် ရှင်းလင်းဖယ်ရှားနေမှု၊ စက်ယန္တရားကြီးများအသုံးပြု၍ ဖယ်ရှားရှင်းလင်းနေမှုနှင့် ပြန်လည်တူးဖော်ရရှိသော ရှေးဟောင်းဌာပနာပစ္စည်းများကို စနစ်တကျထိန်းသိမ်းဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များမှာကြားပြီး ကျောင်းထိုင်ဆရာတော်ကြီးများကို အလှူငွေများ ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် ချမ်းမြသာစည်မြို့နယ် တမ္ဘဝတီရပ်ကွက်ရှိ အမှတ်(၇)အခြေခံပညာအထက်တန်းကျောင်း၌ ငလျင်ဒဏ်ကြောင့်ထိခိုက်ပျက်စီးခဲ့သော အပျက်အစီးများအား ဖယ်ရှားရှင်းလင်းပေးနေမှုများ ကြည့်ရှုစစ်ဆေး၍ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများအတွက် တာဝန်ရှိသူများ၏တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး ပင်းယဆောင်တွင် ပညာသင်ကြားနေကြသော ကျောင်းသား၊ ကျောင်းသူများကို ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက် အားပေးစကားများပြောကြားသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးသန့်နိုင်နှင့် တာဝန်ရှိသူများသည် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ကျောက်ဆည်မြို့ ဆူးကုန်းရပ်ကွက်နှင့် ကြက်မင်းတွန်ရပ်ကွက်တို့ရှိ ခရိုင်၊ မြို့နယ်စိုက်ပျိုးရေးဝန်ထမ်းအိမ်ရာ အဆောက်အအုံများ၊ ဆူးကုန်းရပ်ကွက်ရှိ မြို့နယ်လျှပ်စစ်ရုံးတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ဆူးကုန်းရပ်ကွက်ရှိ ပြည်သူ့ဆေးရုံကြီး၌ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးနေမှုများ၊ ကျောက်ဆည်မြို့ စုကြီးရပ်ကွက်ရှိ ကျောက်သေတ္တာစေတီ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများအတွက် လိုအပ်သော ပစ္စည်းများသယ်ယူရန် စတီးကြိုးတပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ကျောက်ဆည်မြို့နယ်အတွင်းရှိ ငလျင်ဒဏ်ကြောင့်ပျက်စီးသွားသော ဘုရားစေတီများ၊ သာသနိကအဆောက်အအုံများနှင့် နေအိမ်အဆောက်အအုံများ ပြန်လည်ပြုပြင်တည်ဆောက်ရေးအတွက် လိုအပ်လျက်ရှိသော ဘိလပ်မြေ၊ သံချောင်းနှင့် အထပ်သားပြားများကို စက်ရုံထုတ်အထူးစျေးနှုန်းဖြင့် ရောင်းချပေးနေမှုများ သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

ဗီဇပြောင်း ကိုဗစ်မျိုးကွဲအသစ်(JN.1 နှင့် XEC) အကြောင်းသိကောင်းစရာ

ရွှေပြည်အေး

အရှေ့တောင်အာရှနှင့် အရှေ့အာရှနိုင်ငံများတွင် ၂၀၂၅ ခုနှစ် မေလ အစောပိုင်းမှစ၍ ဗီဇပြောင်း အိုမီခရွန်ကိုဗစ်မျိုးကွဲအသစ်ဖြစ်သည့် JN.1 နှင့် XEC တို့ ကူးစက်ပျံ့နှံ့မှု ပြန်လည်မြင့်တက်လာသည်။ ထိုမျိုးစိတ်များသည် ရောဂါပြင်းထန်မှုကို လျော့နည်းစေသော်လည်း ကူးစက်မှုကိုမူ မြန်ဆန်စေသည်။ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားစေသည့် အိုမီခရွန်မျိုးကွဲ၏ ရောဂါကူးစက်ပုံသည် အသက်ရှူလမ်းကြောင်း အထက်ပိုင်းဖြစ်သည့် နှာခေါင်း၊ လည်ချောင်း၊ ပါးစပ်နှင့် အာခေါင်တို့ကို အဓိကတိုက်ခိုက်ခြင်းဖြစ်သောကြောင့် ရောဂါပြင်းထန်မှုကိုလျော့နည်းစေကာ ရောဂါကြောင့်သေဆုံးမှုကို နည်းပါးစေခြင်းဖြစ်သည်။ ယခင်ကူးစက်ပျံ့နှံ့ခဲ့သည့် ဒယ်တာမျိုးကွဲ၏ ရောဂါကူးစက်ပုံက အသက်ရှူလမ်းကြောင်းအောက်ပိုင်းဖြစ်သည့် အဆုတ်ကို တိုက်ခိုက်ခြင်းဖြစ်သောကြောင့် အဆုတ်ရောင်ရောဂါနှင့် နမိုးနီးယားရောဂါတို့ ဖြစ်ပွားရသည့်အတွက် ရောဂါပြင်းထန်ပြီး သေဆုံးမှုများပြားရခြင်းဖြစ်သည်။

ထိုင်းနိုင်ငံ၌ ၂၀၂၅ ခုနှစ် မေ ၃၀ ရက်ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားသူ အသစ် ၄၁၂၈၃ ဦးနှင့် သေဆုံးသူ ၂၆ ဦးရှိကြောင်း တွေ့ရသည်။ ထိုင်းနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုမြင့်တက်လာရခြင်းမှာ မုတ်သုံအဝင်စောခြင်းနှင့် ကျောင်းများဖွင့်လှစ်ခြင်းတို့ကြောင့် ဖြစ်နိုင်သည်ဟု ကျန်းမာရေးဌာနက ထုတ်ပြန်ထားသည်။ ထို့ပြင် ကမ္ဘာလှည့်ခရီးသွားများ ဝင်ရောက်လာမှုများခြင်း၊ လူစုလူဝေးနှင့် ပွဲလမ်းသဘင်များ ပြုလုပ်လာခြင်းတို့ကြောင့်လည်း ယခုကဲ့သို့ ရောဂါကူးစက်ပျံ့နှံ့မှု မြင့်မားလာရခြင်းဖြစ်သည်။

အိုမီခရွန်မျိုးကွဲအသစ် JN.1 နှင့် XEC

လက်ရှိကူးစက်နေသည့် ကိုဗစ်-၁၉ ရောဂါမျိုးကွဲများမှာ ယခင်နှစ်များကကူးစက်ပျံ့နှံ့ခဲ့သည့် အိုမီခရွန်(Omicron) အုပ်စုမှ ဗီဇပြောင်းလာခြင်းဖြစ်ပြီး JN.1 အုပ်စုနှင့် ၎င်းမှတစ်ဆင့် ပေါ်ပေါက်လာသည့် XEC မျိုးကွဲတို့ဖြစ်သည်။ ၎င်းမျိုးကွဲကို ၂၀၂၄ ခုနှစ် ဇွန်လတွင် ဂျာမနီနိုင်ငံ၌ ပထမဆုံးတွေ့ရှိခဲ့ရခြင်းဖြစ်သည်။ ထိုင်းနိုင်ငံ၌ ကူးစက်ပျံ့နှံ့နေသော ကိုဗစ်-၁၉ ရောဂါမျိုးကွဲမှာ XEC ဖြစ်ပြီး ကူးစက်နှုန်းပိုမြန်သော်လည်း တုပ်ကွေးကဲ့သို့သော လက္ခဏာများသာရှိသည်။ ထို့ကြောင့် တုပ်ကွေးဖြစ်ခြင်း၊ အအေးမိခြင်းတို့ကြောင့်ဖြစ်သော ရောဂါလက္ခဏာများနှင့် ကိုဗစ်-၁၉ ရောဂါကြောင့်ဖြစ်သော ရောဂါလက္ခဏာများကို ခွဲခြားရန် ခက်ခဲနိုင်သော်လည်း ကုသမှုနည်းလမ်းများမှာမူ တူညီမှုရှိသည်။ ကိုဗစ်-၁၉ ရောဂါမပြင်းထန်သော လူနာများနှင့် အခြေအနေမဆိုးသော အုပ်စုဝင်များကို အအေးမိခြင်းအတွက် ကုသသည့်နည်းလမ်းအတိုင်း ကုသမှုပေးနိုင်သည်။ ဆေးကုသမှုခံယူရန် လိုအပ်သူများသည် ကိုယ်အပူချိန် ၃၈ ဒသမ ၅ ဒီဂရီစင်တီဂရိတ်အထက်ရှိခြင်း၊ အသက်ရှူကျပ်ခြင်း၊ မောပန်းနွမ်းနယ်ခြင်း သို့မဟုတ် သွေးအတွင်းအောက်ဆီဂျင် ၉၅ ရာခိုင်နှုန်းအောက် ကျဆင်းခြင်းကဲ့သို့သော ရောဂါလက္ခဏာများ တွေ့ရှိမှသာ ကုသမှုခံယူရမည်ဖြစ်သည်။ စိုးရိမ်ရသည့်အုပ်စုဝင်များတွင် အသက်အရွယ်ကြီးရင့်သူများ၊ နာတာရှည်ရောဂါအခံရှိသူများ၊ တစ်နှစ်အောက်ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင်အမျိုးသမီးများပါဝင်သည်။

ဗီဇပြောင်းကိုဗစ်မျိုးကွဲအသစ် JN.1 နှင့် XEC ၏ ရောဂါလက္ခဏာများ

အဆိုပါ ကိုဗစ်မျိုးကွဲအသစ်များ ကူးစက်ခံရပါက တွေ့ရှိရသည့် ရောဂါလက္ခဏာများမှာ ဖျားခြင်း၊ နံးခြင်း၊ ခေါင်းကိုက်ခြင်း၊ ကိုယ်လက်ကိုက်ခဲခြင်း၊ နှာရည်ယိုခြင်း၊ နှာစေးခြင်း၊ ချောင်းဆိုးခြင်းနှင့် လည်ချောင်းနာခြင်းတို့အပြင် ပျို့အန်ဝမ်းလျှောခြင်း စသည်တို့ ပါဝင်သည်။ ထို့ပြင် နေ့ရက်အလိုက် ထူးခြားလာနိုင်သော ရောဂါလက္ခဏာများနှင့်ပတ်သက်၍ ထိုင်းနိုင်ငံ ချူလာလောင်ကွန်ဆေးရုံကသုတေသနပြုလုပ်ထားသည်။ ထိုသုတေသနအရဆိုလျှင် ရောဂါပိုးကူးစက်ပြီး ပထမဆုံးရက်များဖြစ်သည့် တစ်ရက်မှ သုံးရက်အတွင်း အအေးမိခြင်း၊ လည်ချောင်းအနည်းငယ်နာခြင်းများသာဖြစ်တတ်ပြီး ဖျားခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်းများ ဖြစ်ပေါ်မှုမရှိသေးပေ။ ရောဂါပိုးကူးစက်ပြီး လေးရက်မှ ငါးရက်အတွင်းဆိုပါက အာသီးရောင်ပြီး လည်ချောင်းနာလာခြင်း၊ ကိုယ်အပူချိန် ၃၆ ဒသမ ၅ ဒီဂရီစင်တီဂရိတ်မှ ၃၆ ဒသမ ၇ ဒီဂရီစင်တီဂရိတ်ထိရှိလာပြီး အစာမျိုချရခက်ခဲခြင်း၊ ခေါင်းကိုက်ခြင်း၊ အနည်းငယ်မူးဝေမှုများနှင့်အတူ ပင်ပန်းနွမ်းနယ်ခြင်းနှင့် အဆစ်အမျက်ကိုက်ခဲခြင်းများကို ခံစားရမည်ဖြစ်သည်။ ခြောက်ရက်မြောက်နေ့မှစ၍ ကိုယ်အပူချိန် ၃၇ ဒီဂရီစင်တီဂရိတ်အထက်ထိ သိသိသာသာ မြင့်တက်လာပြီး ချောင်းခြောက်ဆိုးခြင်း၊ လည်ချောင်းနာခြင်း၊ အားအင်ကုန်ခန်းပြီး မောပန်းနွမ်းနယ်ခြင်းတို့ ဖြစ်လာနိုင်သည်။ ထို့နောက် ကိုယ်အပူချိန် ၃၇ ဒသမ ၄ ဒီဂရီစင်တီဂရိတ်မှ ၃၈ ဒီဂရီစင်တီဂရိတ်ထိမြင့်တက်ကာ



ပုံ(၁)–Omicron နှင့် Delta ဗီဇပြောင်း ကိုဗစ်မျိုးကွဲများ၏ ဝိသေသလက္ခဏာများ

အသက်ရှူရခက်လာခြင်း၊ ကိုယ်လက်ကိုက်ခဲနာကျင်ခြင်း၊ ဝမ်းလျှောပျို့အန်ခြင်းများဖြစ်လာနိုင်ကာ ကိုးရက်မြောက်နေ့ထိ ရောဂါအခြေအနေသက်သာလာခြင်းမရှိဘဲ အပြင်းအထန်ဖျားပြီး အသက်ရှူရခက်ခဲလာပါက အထူးကုသမှုခံယူရန် လိုအပ်မည်ဖြစ်သည်။

အိမ်နီးချင်းနိုင်ငံများ၌ ကိုဗစ်-၁၉ ရောဂါကူးစက်မှု ကာကွယ်ရေး ဆောင်ရွက်နေသည့်အချက်များ

အိန္ဒိယနိုင်ငံ၌ ယခုနှစ်အတွင်း ဗီဇပြောင်းကိုဗစ်-၁၉ရောဂါဖြစ်ပွားမှုသည် များစွာတိုးမြင့်လာပြီး ၂၀၂၅ ခုနှစ် မေလကုန်တွင် ကူးစက်မှု ၂၇၀၀ ကျော်ထိရောက်ရှိကာ ခုနစ်ဦးသေဆုံးထားသည်။ ထို့ကြောင့် ရောဂါကာကွယ်ဆေးထိုးနှံ့ပေးခြင်းများကို ဦးစားပေးဆောင်ရွက်လျက်ရှိပြီး ဆပ်ပြာအသုံးပြု၍ စက္ကန့် ၂၀ ကြာ လက်ဆေးခြင်း၊ လက်သန့်ဆေးရည်အသုံးပြုခြင်း၊ လူစုလူဝေး သို့မဟုတ် လေဝင်လေထွက်မကောင်းသောနေရာများတွင် နှာခေါင်းစည်းများတပ်ခြင်းဆောင်ရွက်ရန် ကျန်းမာရေးဝန်ကြီးဌာနက နှိုးဆော်ထားသည်။ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် စမ်းသပ်စစ်ဆေးမှုများကို အရှိန်မြှင့်တင်ဆောင်ရွက်လျက်ရှိသည့်အပြင် ဗီဇပြောင်း ကိုဗစ်မျိုးကွဲအသစ်များအတွက်လည်း ဓာတ်ခွဲခန်းများတွင် စမ်းသပ်စစ်ဆေးလျက်ရှိသည်။

ထိုင်းနိုင်ငံ၌ ဗီဇပြောင်း ကိုဗစ်-၁၉ ရောဂါမျိုးကွဲသည် အထူးသဖြင့် ဗန်ကောက်နှင့် ချွန်ဘူရီပြည်နယ်တို့တွင် ဖြစ်ပွားလျက်ရှိပြီး၂၀၂၅ခုနှစ် မေ ၃၀ ရက်ထုတ်ပြန်ချက်အရ လူနာအသစ် ၄၁၂၈၃ ဦးရှိရာ ယခုနှစ်အတွက် ရောဂါပိုးကူးစက်ခံရသူ စုစုပေါင်း၃ဦးရေ ၂၅၇၂၈၀ နှင့် သေဆုံးသူ ၅၂ ဦးထိရှိသည်။ ကျောင်းသား၊ ကျောင်းသူများ၊ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများသည် ကူးစက်နှုန်းအမြင့်ဆုံးဖြစ်ပြီး အထူးသဖြင့် သက်ကြီးရွယ်အိုများ၊ နာတာရှည်ရောဂါရှိသူများနှင့် ကျန်းမာရေးဝန်ထမ်းများအနေဖြင့် ကိုဗစ်-၁၉ ရောဂါကူးစက်မှုကာကွယ်ရေးနည်းလမ်းများအတိုင်း လိုက်နာကြရန် ကျန်းမာရေးဝန်ကြီးဌာနက နှိုးဆော်ထားသည်။

ကျန်မာရေးဝန်ကြီးဌာနအနေဖြင့် ရောဂါဖြစ်ပွားမှုအခြေအနေများကို အနီးကပ်စောင့်ကြည့်လျက်ရှိပြီး ဗီဇပြောင်းမျိုးကွဲအသစ်များ ကူးစက်ပျံ့နှံ့မှုနှင့်ပတ်သက်၍ သင့်လျော်မည့်အစီအမံများ ဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် လူစုလူဝေးနေရာများကိုရှောင်ရှားရန်၊ လက်ကိုပုံမှန်ဆေးကြောရန်၊ လူစည်ကားသောနေရာများတွင် နှာခေါင်းစည်းတပ်ရန်၊ ထပ်ဆောင်းကာကွယ်ဆေးထိုးနှံ့ရန်နှင့် ဖျားနာခြင်း၊ ချောင်းဆိုးခြင်း၊ လည်ချောင်းနာခြင်း သို့မဟုတ် အခြားအသက်ရှူလမ်းကြောင်းဆိုင်ရာပြဿနာများ ဖြစ်ပေါ်လာပါက နီးစပ်ရာကျန်းမာရေးဌာန သို့မဟုတ် ဆေးရုံသို့ အမြန်ဆုံးပြသကြရန် အစိုးရကထုတ်ပြန်ထားသည်။

မြန်မာနိုင်ငံတွင် ကိုဗစ်မျိုးကွဲသစ်ရောက်ရှိလာမှုနှင့် ကျန်းမာရေးဌာန၏ လုပ်ဆောင်ချက်များ

မြန်မာနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါသည် ၂၀၂၀ ပြည့်နှစ် မတ် ၂၃ ရက်တွင် ပထမဆုံး အတည်ပြုလူနာတွေ့ရှိခဲ့ပြီးနောက်ပိုင်း နိုင်ငံအနှံ့အပြား၌ ကူးစက်မှုများ ဖြစ်ပွားခဲ့သည်။ နောက်ပိုင်းတွင် မျိုးကွဲအသစ်များ ရောက်ရှိလာမှုနှင့်ပတ်သက်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနကစောင့်ကြည့်ကာ သတိပေးချက်များနှင့် သတင်းထုတ်ပြန်ချက်များ ထုတ်ပြန်ခြင်းနှင့် ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ အလားတူ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ပြည်တွင်း ရောဂါဖြစ်ပွားမှုနှုန်းများ၊ နိုင်ငံတကာနှင့် အိမ်နီးချင်းနိုင်ငံများတွင် ဖြစ်ပွားလျက်ရှိသည့် ဗီဇပြောင်းမျိုးကွဲအသစ်ကို အနီးကပ်စောင့်ကြည့်လျက်ရှိသည်။ ထို့ပြင် PCR စစ်ဆေးမှုများ၊ Rapid Antigen Test (RAT) စစ်ဆေးမှုများဆောင်ရွက်ကာ ရောဂါကူးစက်မှုမြင့်တက်လာပါက သို့မဟုတ် ထူးခြားသည့်လက္ခဏာများတွေ့ရှိရပါက မျိုးဗီဇခွဲခြမ်းစိတ်ဖြာခြင်း (genomic sequencing) များ လုပ်ဆောင်လျက်ရှိသည်။ ထို့အတူ ရောဂါကူးစက်မှုနှုန်း၊ သေဆုံးမှုနှုန်း၊ ဆေးရုံတက်ရမှုနှုန်း စသည့်အချက်အလက်များကို စနစ်တကျမှတ်တမ်းတင်ခြင်း၊ ကူးစက်မြန်သောမျိုးကွဲအသစ်များအကြောင်းနှင့် ကာကွယ်ရေးနည်းလမ်းများ (လက်ဆေးခြင်း၊ နှာခေါင်းစည်းတပ်ခြင်း၊ လူစုလူဝေးရှောင်ရှားခြင်း) စသည်တို့ကို မီဒီယာမျိုးစုံမှတစ်ဆင့် အသိပညာပေးခြင်း၊ ကာကွယ်ဆေးများ၊ ထပ်ဆောင်းကာကွယ်ဆေးများ ဆက်လက်ထိုးနှံ့ပေးခြင်းနှင့် လိုအပ်ပါက မျိုးကွဲအသစ်များနှင့်ကိုက်ညီသော ကာကွယ်ဆေးများ ရရှိရေးစီမံခြင်းတို့ကိုလည်း ဆောင်ရွက်သည်။

ဆောင်ရွက်သင့်သည့်အချက်များ

ဗီဇပြောင်း ကိုဗစ်မျိုးကွဲအသစ် JN.1 နှင့် XEC တို့၏ ကူးစက်မှုများ ကြိုတင်ကာကွယ်နိုင်ရန်နှင့် ရောဂါပြင်းထန်မှုနှင့် သေဆုံးမှုကို



ပုံ(၂) – ဗီဇပြောင်း ကိုဗစ်မျိုးကွဲသစ်(JN.1 နှင့် XEC)၏ ရောဂါလက္ခဏာများ

ကာကွယ်ရေးတို့အတွက် ခြောက်လ သို့မဟုတ် တစ်နှစ်အတွင်း ထပ်ဆောင်းကာကွယ်ဆေးထိုးသင့်သည်။ ကိုဗစ်-၁၉ ရောဂါ မကူးစက်ဖူး၊ မဖြစ်ဖူးသူများနှင့် ရာသီတုပ်ကွေးကဲ့သို့ ရောဂါလက္ခဏာပြင်းထန်သူများ ကိုဗစ်ရောဂါစစ်ဆေးသင့်သည်။ အသက် ၆၅ နှစ်နှင့်အထက်ရှိသူများ၊ နာတာရှည်ရောဂါအခံရှိသူများနှင့် ကိုယ်ဝန်ဆောင်မိခင်များ ကိုဗစ်စစ်ဆေးသင့်သည်။

မြန်မာနိုင်ငံသည် ကိုဗစ်-၁၉ ရောဂါမျိုးကွဲသစ်များကို ဗီဇဆိုင်ရာစောင့်ကြည့်ခြင်း၊ ကာကွယ်ဆေးထိုးနှံ့ခြင်းနှင့် ထိန်းချုပ်ရေးအစီအမံများ စနစ်တကျဆောင်ရွက်လျက်ရှိသော်လည်း လူစွမ်းအားနှင့် အချက်အလက်စီမံခန့်ခွဲမှုအတွက် စိန်ခေါ်ချက်များ ရှိနေဆဲဖြစ်သည်။ ထို့ကြောင့် မျိုးကွဲသစ်များ၏ခြိမ်းခြောက်မှုအောက်တွင် အစိုးရ၊ ပြည်သူ၊ နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုများ ပိုမိုအားကောင်းရန် လိုအပ်မည်ဖြစ်သည်။

ကိုဗစ်-၁၉ ရောဂါပိုးမျိုးကွဲသစ်များသည် လူ့ခန္ဓာကိုယ်၏ ကိုယ်ခံအားစနစ်ကိုရှောင်ရှားပြီး ကူးစက်မှုမြန်ဆန်စေသည်။ အဆိုပါမျိုးကွဲများသည် ယခင်ကာကွယ်ဆေးများ၏ထိရောက်မှုကို အားနည်းစေနိုင်သည်။ ထို့ကြောင့် ယခင်က ကာကွယ်ဆေးထိုးပြီးသူများအနေဖြင့် ကိုယ်ခံအားနည်းလာကာ ပြန်လည်ကူးစက်ခံရနိုင်မှုနှုန်းများ မြင့်မားလာနိုင်သဖြင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးရန် လိုအပ်မည်ဖြစ်သည်။

လက်ရှိအချိန်ကာလသည် စာသင်ကျောင်းများ စတင်ဖွင့်လှစ်သည့်ကာလဖြစ်ခြင်းကြောင့် လူစုလူဝေးပိုမိုများပြားခြင်း၊ မိုးရာသီကာလဖြစ်ခြင်းကြောင့် တုပ်ကွေးရောဂါများ ဖြစ်ပွားလာနိုင်ခြင်း၊ အိမ်နီးချင်းနိုင်ငံများတွင် ဗီဇပြောင်း ကိုဗစ်-၁၉ ရောဂါများ ဖြစ်ပွားမှုအရှိန်မြင့်တက်နေခြင်းကြောင့် ပြည်သူလူထုကိုယ်တိုင် ကာကွယ်ရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ခြင်း၊ စာသင်ကျောင်းပတ်ဝန်းကျင်သန့်ရှင်းသာယာရေး အစီအမံများဆောင်ရွက်ခြင်း၊သက်ဆိုင်ရာ အစိုးရဌာနများအနေဖြင့် မီဒီယာများမှတစ်ဆင့် ပြည်သူလူထုထံ ကျန်းမာရေးအသိပညာများမျှဝေပေးခြင်းအပြင် ဗီဇပြောင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံ့ပေးခြင်းနှင့် ဝယ်ယူဖြည့်တင်းခြင်းများ ဆောင်ရွက်သင့်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

အသက်ရှူလမ်းကြောင်းဆိုင်ရာကူးစက်ရောဂါများဖြစ်သည့် ရာသီတုပ်ကွေးနှင့် ကိုဗစ်-၁၉ ရောဂါများ ကြိုတင်ကာကွယ်ရေး သတိပေးနှိုးဆော်ချက်

မိုးရာသီတွင် ရာသီတုပ်ကွေးရောဂါနှင့် ကိုဗစ်-၁၉ ရောဂါ စသည့်အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါများ ပိုမို ကူးစက်ဖြစ်ပွားနိုင်ပါသည်။ ကိုဗစ်-၁၉ ရောဂါကို ကမ္ဘာ့ကပ်ရောဂါအဖြစ် သတ်မှတ်ထားခြင်းမရှိတော့ဘဲ ရာသီတုပ်ကွေး ရောဂါကဲ့သို့ ဒေသတွင်း ပုံမှန်ကူးစက်ဖြစ်ပွားတတ်သည့် ရောဂါအဖြစ်သာ သတ်မှတ်ထားပါသည်။ လတ်တလောတွင် မိမိတို့ နိုင်ငံအတွင်း၌ အဆိုပါ ရောဂါများကူးစက်ဖြစ်ပွား၊ သေဆုံးမှုနှင့်စပ်လျဉ်း၍ စိုးရိမ်ဖွယ်ရာအခြေအနေမရှိသော်လည်း အဆိုပါ ရောဂါများဖြစ်ပွားမှုမှ ကြိုတင်ကာကွယ်နိုင်ရန် ပြည်သူလူထုအနေဖြင့် အောက်ပါတို့ကို သတိပြုလိုက်နာဆောင်ရွက်ကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

- ❖ လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါလက္ခဏာများဖြစ်သော ဖျားခြင်း၊ နှာစေးခြင်း၊ နှာချေခြင်း၊ ချောင်းဆိုးခြင်း၊ လည်ပင်းနာခြင်း စသည့်လက္ခဏာများ ရှိသူများအနေဖြင့် မိမိမှ အခြားသူများသို့ ကူးစက်မှုမရှိစေရေး အတွက်-
  - (က) လူထူထပ်သောနေရာများသို့ သွားခြင်းမှရှောင်ကြဉ်ခြင်းနှင့် မဖြစ်မနေသွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်း စည်း(Mask)ကို စနစ်တကျဝတ်ဆင်ခြင်း၊
  - (ခ) ပါးစပ်နှင့် နှာခေါင်းစည်းဝတ်ဆင်ထားခြင်းမရှိချိန်၌ နှာချေ၊ ချောင်းဆိုပါက လက်ကိုင်ပဝါ၊ တံတောင်ကွေးဖြင့် လုံအောင်အုပ်၍ နှာချေ၊ ချောင်းဆိုးခြင်း၊
  - (ဂ) ရောဂါလက္ခဏာပြင်းထန်ပါက နီးစပ်ရာဆေးရုံ၊ ကျန်းမာရေးဌာနသို့ ချက်ချင်းပြသ၍ ဆေးကုသမှုခံယူခြင်း။
- ❖ တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများဖြစ်သည့် လက်ကို ရေနှင့် ဆပ်ပြာ သို့မဟုတ် ရေမလိုလက်သန့်စင်ဆေးရည်(Hand Sanitizer)ဖြင့် မကြာခဏစနစ်တကျဆေးကြောခြင်း၊
- ❖ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများသည် ကိုဗစ်-၁၉ ရောဂါ မျိုးရိုးဗီဇကွဲများ ကူးစက်ဖြစ်ပွားခြင်းနှင့် ရောဂါလက္ခဏာ ပြင်းထန်မှုနှင့် အသက်ဆုံးရှုံးမှုတို့မှ ထိရောက်စွာကာကွယ်ပေးသည့်အတွက် ရောဂါကူးစက်ခံရပါက ရောဂါပြင်းထန်နိုင်ခြေနှင့် အသက်ဆုံးရှုံးနိုင်ခြေမြင့်မားသည့် အသက်အရွယ်ကြီးသူများ၊ ဆီးချိုရောဂါ၊ နာတာရှည်အဆုတ်ရောဂါ၊ ကင်ဆာ ရောဂါရှိသူများ၊ ကိုယ်ဝန်ဆောင်မိခင်များအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေးထိုးနှံ့မှုခံယူခြင်း။

ကျန်းမာရေးဝန်ကြီးဌာန

❑ နေရာကွက်၍မိုးကြီးမည်မှ

ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍မိုးကြီးမည်။ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်ထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၉ ပေမှ ၁၁ ပေခန့် ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့်သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်သဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေးနှင့်လေကြောင်းပျံသန်းရေး အနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ရန် သတိပေးနှိုးဆော်အပ်ပါသည်။ (မိုး/ဇလ)





နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုကို နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ရွှေကြာပင်ရပ်ကွက် ပဒုမ္မာလမ်း အမှတ် (၄၅၉) တွင် ပါတီရုံးချုပ် (ယာယီ) တည်ရှိသော **ချင်းပြည်သစ်ကွန်ဂရက်ပါတီ [New Chinland Congress(NCC)]**က နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၅ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ၉-၆-၂၀၂၅ ရက်တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်းအသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းကအသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄ (ဃ) အရ အများသိစေရန် ကြေညာအပ်ပါသည်။

ချင်းပြည်သစ်ကွန်ဂရက်ပါတီ [New Chinland Congress (NCC)]၏ အလံပုံစံ



ချင်းပြည်သစ်ကွန်ဂရက်ပါတီ [New Chinland Congress (NCC)]၏ တံဆိပ်ပုံစံ



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြင်ဆင်ဖတ်ရှုနိုင်ပါရန်

၁၁-၆-၂၀၂၅ ရက်နေ့ထုတ် ရတနာပုံသတင်းစာ စာမျက်နှာ-၁၉ စတုတ္ထ ကော်လံ စာကြောင်းရေ လေးကြောင်းမြောက်တွင် ဖော်ပြပါရှိသော ဂေါပကဥက္ကဋ္ဌ **ဦးမြင့်** အစား **ဦးအောင်အောင်**ဟု ပြင်ဆင်ဖတ်ရှုနိုင်ပါရန်။

၂၀၂၅ ခုနှစ် ဇွန် ၁၁ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၈၂၀၀၀၀ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

ထူးခြားသည့် နေ့အပူချိန်များ

(၁၁- ၆ -၂၀၂၅)

ခန္ဓီး	၃၇	ဒသမ	၅	ဒီဂရီဆဲလ်စီးယပ်
မင်းဘူး	၃၇	ဒသမ	၀	ဒီဂရီဆဲလ်စီးယပ်
မိုးကောင်း	၃၆	ဒသမ	၄	ဒီဂရီဆဲလ်စီးယပ်
မြစ်ကြီးနား	၃၆	ဒသမ	၂	ဒီဂရီဆဲလ်စီးယပ်
မချမ်းဘော	၃၆	ဒသမ	၀	ဒီဂရီဆဲလ်စီးယပ်
မိုးညှင်း	၃၆	ဒသမ	၀	ဒီဂရီဆဲလ်စီးယပ်
ချောက်	၃၅	ဒသမ	၂	ဒီဂရီဆဲလ်စီးယပ်
ညောင်လေးပင်	၃၅	ဒသမ	၀	ဒီဂရီဆဲလ်စီးယပ်
ကသာ	၃၅	ဒသမ	၀	ဒီဂရီဆဲလ်စီးယပ်
ကလေးဝ	၃၅	ဒသမ	၀	ဒီဂရီဆဲလ်စီးယပ်
ပူတာအို	၃၅	ဒသမ	၀	ဒီဂရီဆဲလ်စီးယပ်

မြန်မာအီလက်ထရောနစ် မဲပေးစက်(MEVM)နှင့် စပ်လျဉ်း၍ ရှင်းလင်းပြသခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းပြုလုပ်

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင် မြန်မာအီလက်ထရောနစ် မဲပေးစက်(MEVM)ဖြင့် လက်တွေ့စမ်းသပ်မဲပေးခြင်းများ ဆောင်ရွက်စဉ်။

နေပြည်တော် ဇွန် ၁၁

မြန်မာအီလက်ထရောနစ် မဲပေးစက်(MEVM)နှင့်စပ်လျဉ်း၍ ရှင်းလင်းပြသခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းကို ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ရှိ ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်ရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ်နှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်နှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်လွင်ဦးတို့က အမှာစကားအသီးသီးပြောကြားကြသည်။ ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ ဒုတိယညွှန်ကြားရေးမှူးချုပ်က မြန်မာအီလက်ထရောနစ် မဲပေးစက်(MEVM)နှင့် ပတ်သက်၍ ပါဝါပွိုင့်ဖြင့် ရှင်းလင်းတင်ပြသည်။ ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက မြန်မာအီလက်ထရောနစ် မဲပေးစက်(MEVM)နှင့် ပတ်သက်၍ လက်တွေ့စမ်းသပ်အသုံးပြုနေမှုများကို လိုက်လံကြည့်ရှု၍ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် သိရှိလိုသည်များမေးမြန်းကာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး မြန်မာအီလက်ထရောနစ် မဲပေးစက်(MEVM)ဖြင့် လက်တွေ့စမ်းသပ်မဲပေးခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

ခိုလမ်မြို့ တုန်ဟုန်းကျေးရွာရှိ ဒေသခံတိုင်းရင်းသားပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် ဇွန် ၁၁

ရှမ်းပြည်နယ်(တောင်ပိုင်း) ခိုလမ်မြို့ တုန်ဟုန်းကျေးရွာရှိ ဒေသခံတိုင်းရင်းသားပြည်သူများကို ယနေ့နံနက်ပိုင်းတွင် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ စိတ္တသုခဘုန်းတော်ကြီးကျောင်းတိုက်အတွင်း၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က ဒေသခံတိုင်းရင်းသားပြည်သူ ၁၄၉ဦးကို နှလုံးရောဂါ၊ သွေးတိုးရောဂါ၊ ဆီးချိုရောဂါ၊ အသည်းရောဂါ၊ အသက်ရှူ လမ်းကြောင်းဆိုင်ရာရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါနှင့် အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် လူနာ ငါးဦးကို ခိုလမ်မြို့ရှိ တပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု အားပေး၍အာဟာရပြည့်စားသောက်ဖွယ်ရာများပေးအပ်ပြီး စိတ္တသုခဘုန်းတော်ကြီးကျောင်းတိုက်ဆရာတော်အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်း ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းဆောင်ရွက်ပေးနေမှုကို ကြည့်ရှုအားပေးစဉ်။

မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် ပထမအကြိမ် ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ပေးအပ်ပွဲကျင်းပ

မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် ပထမအကြိမ် ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ပေးအပ်ပွဲကျင်းပစဉ်။

နေပြည်တော် ဇွန် ၁၁

၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားကြမည့် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တပ်မတော်သားမိသားစုဝင်ကျောင်းသား၊ ကျောင်းသူများနှင့် အောင်စိုးမိုး(၁) စစ်မှူထမ်းဟောင်း အိမ်ရာရှိ ကျောင်းသား၊ ကျောင်းသူများအတွက် ပထမအကြိမ် ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ် ဗဟလမင်းထင်ခန်းမ၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေးနှင့် အဖွဲ့ဝင်များ၊ စစ်မှူထမ်းဟောင်းအဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသားမိဘများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားကြမည့် ကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများကို ပေးအပ်ပြီး ကျောင်းသား၊ ကျောင်းသူများနှင့် မိဘများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။

ထို့ပြင် တိုင်းစစ်ဌာချုပ်ကွပ်ကဲမှုအောက်ရှိ တပ်နယ်၊ တပ်ရင်း၊ တပ်ဖွဲ့များ၌လည်း ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားကြမည့် ကျောင်းသား၊ ကျောင်းသူများအား ပထမအကြိမ် ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊NUG နှင့် ယင်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဇွန် ၁၁

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့်ယင်းတို့၏လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့်ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဇွန် ၉ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “Thet Zaw Oo” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ် ကွမ်းဆိပ်ကျေးရွာနေ သက်ဇော်ဦးအား ညနေ ၅ နာရီခွဲတွင်လည်းကောင်း၊ ဇွန် ၁၀ ရက်တွင် “KoKyiSoe” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် တက်သစ်ကျေးရွာနေ ကြည်စိုးလွင်(ခ)ကြည်စိုးအား နံနက် ၉ နာရီ ၄၅ မိနစ်တွင်လည်းကောင်း၊ “ဧရာဝတီဒေါင်းနီ”TikTokအကောင့်ပိုင်ရှင်ဖြစ်သူ ဘိုကလေးမြို့နယ် ကဒုံကနီကျေးရွာနေ သက်နိုင်ထွန်း(ခ)ဗိုလ်ဒေါင်းနီအား မွန်းလွဲ ၁၂ နာရီခွဲတွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။	ကာကွယ်ရေးဝန်ကြီးဌာန	(https://www.mod.gov.mm)
၂။	ဥပဒေရေးရာဝန်ကြီးဌာန	(https://www.mlis.gov.mm)
၃။	ပြန်ကြားရေးဝန်ကြီးဌာန	(https://www.moi.gov.mm)
၄။	Myawady Webportal	(https://myawady.net.mm)
၅။	Myanmar National Portal	(https://myanmar.gov.mm)

လျှပ်စစ်မီတာခ သက်သာဖို့ LED ပစ္စည်း သုံးကြစို့။

မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသားဦးရေ ၂၀ ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းခဲ့

နေပြည်တော် ဇွန် ၁၁

နိုင်ငံတော်အစိုးရအနေဖြင့် တရားမဝင်အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများအပါအဝင် ဒုစရိုက်မှုများကို နိုင်ငံတကာနှင့်ပူးပေါင်း၍ ထိထိရောက်ရောက် ဖော်ထုတ်အရေးယူနိုမ်နင်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီးကရင်ပြည်နယ် မြဝတီမြို့-ရွှေကုက္ကိုလ် မယ်ထော်သလေး(KK Park) နယ်မြေများတွင် တရားမဝင် Online လောင်းကစားမှုများ၊ Online လိမ်လည်မှုများ ကျူးလွန်ခဲ့ကြသည့် ဖိလစ်ပိုင်နိုင်ငံသား ၁၁ ဦး၊ တရုတ်နိုင်ငံသား ငါးဦး၊ နီပေါနိုင်ငံသား သုံးဦး၊ အင်ဒိုနီးရှားနိုင်ငံသား တစ်ဦး စုစုပေါင်း ပြည်ပနိုင်ငံသားဦးရေ ၂၀ ကို ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းခဲ့သည်။

အဆိုပါ ပြည်ပနိုင်ငံသားများသက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးနိုင်ရေး လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်းကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များမှ နေ့ချင်းပြီး ဆောင်ရွက်နေမှုအားလူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

၂၀၂၅ ခုနှစ် ဧနီနဝါရီ ၃၀ ရက်မှ ဇွန် ၁၁ ရက်ထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင်ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၉၁၃၄ ဦး စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၈၇၅၄ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသားဦးရေ ၃၈၀ ကို သက်ဆိုင်ရာနိုင်ငံများသို့လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသားဦးရေ ၂၀ ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းခဲ့မှုမှတ်တမ်းဓာတ်ပုံ။

နိုင်ငံတော်အစိုးရအနေဖြင့် တရားမဝင်အွန်လိုင်း လိမ်လည်မှုလုပ်ငန်းများအားစုံစမ်းဖော်ထုတ်စစ်ဆေး၍ ထိရောက်စွာ အရေးယူဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံ၏ နယ်စပ်ဒေသများတွင် ဖြစ်ပေါ်လျက်ရှိသည့် အွန်လိုင်းလောင်းကစားမှုနှင့် ငွေကြေးလိမ်လည်မှုလုပ်ငန်းများကို တားဆီးကာကွယ်တိုက်ဖျက်နိုင်ရန်အတွက် အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမှ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ စုံစမ်းဖော်ထုတ်အရေးယူမှုများကို ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ်၌ PDF အမည်ခံ အကြမ်းဖက်အဖွဲ့က အပြစ်မဲ့အရပ်သားပြည်သူတစ်ဦးကို သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်ကာ နိုင်ငံ့ဝန်ထမ်းတစ်ဦးနှင့် ပြည်သူ နှစ်ဦးတို့ကို ဖမ်းဆီးခေါ်ဆောင်

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ်၌ PDF အမည်ခံ အကြမ်းဖက်အဖွဲ့က ပစ်ခတ်သတ်ဖြတ်မှုကြောင့် အပြစ်မဲ့အရပ်သားပြည်သူတစ်ဦး သေဆုံးခဲ့မှု မှတ်တမ်းဓာတ်ပုံ။

နေပြည်တော် ဇွန် ၁၁

လက်နက်ကိုင် အကြမ်းဖက်အဖွဲ့များသည် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြို့ရွာများအတွင်း တိုက်ပွဲများဖော်ဆောင်ခြင်း၊ လက်နက်ကြီးများဖြင့် အဝေးမှ ပစ်ခတ်ခြင်း၊ Drone ဖြင့် Drop Bomb များ ပစ်ချတိုက်ခိုက်ခြင်း၊ လက်လုပ်ဗုံး၊ လက်လုပ်မိုင်းများဖြင့် မိုင်းထောင်ဖောက်ခွဲတိုက်ခိုက်ခြင်းများအား လုပ်ဆောင်လျက်ရှိသည့်အပြင် အေးချမ်းစွာနေထိုင်လျက်ရှိသည့် ဒေသခံပြည်သူများကိုပါ ပစ်မှတ်ထားဖမ်းဆီး၍ ခြိမ်းခြောက်ငွေတောင်းခံခြင်း၊သတ်ဖြတ်ခြင်းများစသော လူသားချင်းမစာနာသည့် လူမဆန်သော အကြမ်းဖက်မှုများနှင့် ရာဇဝတ်မှုများကို ကျူးလွန်လုပ်ဆောင်လျက်ရှိသည်။

ထိုသို့လုပ်ဆောင်လျက်ရှိရာ ယနေ့နံနက် ၁၁ နာရီတွင် မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ် ပန်းအိုင်ကျေးရွာနေ ဦးဇော်မျိုးသက်(ခ)ကိုသက် ၄၇ နှစ်သည် ရွှေမုဌောဘုရားအနီးတွင် ဖွင့်လှစ်ရောင်းချလျက်ရှိသည့် ၎င်းပိုင်ကွမ်းဆိုင်၌ရှိနေစဉ် PDF အမည်ခံ အကြမ်းဖက်သမားအင်အား ဦးရေ ၂၀ ခန့်က 4WD အမျိုးအစား မော်တော်ယာဉ်တစ်စီး(စိစစ်ဆဲ)၊ ဆိုင်ကယ် ငါးစီးတို့ဖြင့် နွားထိုးကြီးမြို့နယ်ဘက်မှ ရောက်ရှိလာပြီး ဦးဇော်မျိုးသက်(ခ)ကိုသက်အား သေနတ်ဖြင့်ပစ်ခတ်ခဲ့သဖြင့် ၎င်းတွင် ကျည်ထိမှန်ဒဏ်ရာများရရှိကာ သေဆုံးသွားခဲ့ပြီး အဆိုပါအကြမ်းဖက်သမားများသည် ရွှေမုဌောဘုရားမြောက်ဘက်မုခ်အနီး နေသူများဖြစ်သည့် ဦးကျော်သက် ၅၅ နှစ်၊ ဦးသက်နိုင်ဦး(ခ) ငသက် ၄၇ နှစ်နှင့် မလှိုင်မြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ အကြီးတန်းစာရေး ဒေါ်ခင်မြင့်ထွေး ၄၀ နှစ်တို့ သုံးဦးကို ဖမ်းဆီးခေါ်ဆောင်ကာ တောင်သာမြို့နယ် သံဘုံ-သန်းတန်းကျေးရွာဘက်သို့ ပြန်လည်ထွက်ခွာသွားကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်မှ အကြမ်းဖက်သမားများ၏ ဖမ်းဆီးခြင်းခံရသည့် နိုင်ငံ့ဝန်ထမ်းတစ်ဦးနှင့် အပြစ်မဲ့ပြည်သူနှစ်ဦးကို အမြန်ဆုံးပြန်လည်ကယ်တင်နိုင်ရေးနှင့် ဒေသခံပြည်သူများအား ပစ်မှတ်ထားဖမ်းဆီး၍ ခြိမ်းခြောက်ငွေတောင်းခံခြင်း၊ သတ်ဖြတ်ခြင်းများ စသော လူသားချင်းမစာနာသည့် လူမဆန်သော ရာဇဝတ်မှုများအား ကျူးလွန်လုပ်ဆောင်လျက်ရှိသည့်အကြမ်းဖက်သမားများကို ဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် လုံခြုံရေးလုပ်ငန်းစဉ်များနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ်၌ ပညာရေးကဏ္ဍတိုးတက်မြင့်မားရေးအတွက် ကလေးသူငယ်များကို ပညာသင်ကြားပေးနေသည့် နေရာသို့ အကြမ်းဖက်သမားအဖွဲ့(စိစစ်ဆဲ)က လက်နက်ကြီးဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် နိုင်ငံ့ဝန်ထမ်းတစ်ဦး အပါအဝင် လုပ်အားပေးဆရာမနှင့် ကျောင်းသား၊ ကျောင်းသူအချို့ သေဆုံး၊ ထိခိုက်ဒဏ်ရာရရှိ

နေပြည်တော် ဇွန် ၁၁

လက်နက်ကိုင် အကြမ်းဖက်သမားများသည် အပြစ်မဲ့အရပ်သားပြည်သူများနေထိုင်ရာ မြို့၊ ရပ်ကွက်၊ ကျေးရွာများအတွင်း၌ တိုက်ပွဲများ ဖော်ဆောင်ခြင်း၊ လက်နက်ကြီး၊ ရှော့တိုက်ဒုံး၊ Drop Bomb များဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်းများကို လုပ်ဆောင်လျက်ရှိသည်။

ထိုသို့လုပ်ဆောင်လျက်ရှိရာ ဇွန် ၁၀ ရက်မွန်းလွဲ ၁ နာရီတွင် ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ပိုင်ရပ်ကျေးရွာသို့ အကြမ်းဖက်အဖွဲ့(စိစစ်ဆဲ)က အများပြည်သူ ထိခိုက်စေရန် ရည်ရွယ်၍ လက်နက်ကြီးဖြင့် ပစ်ခတ်ခဲ့ရာ ပိုင်ရပ်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများအား လုံခြုံရေးအခြေအနေအရ ခေတ္တပြောင်းရွှေ့ စာသင်ကြားပေးနေသည့် အဆိုပါကျေးရွာရှိ ဦးကုလား(စိစစ်ဆဲ)၏ နေအိမ်ရှေ့မြေကွက်လပ်သို့ လက်နက်ကြီးဗုံးသီးတစ်လုံး ကျရောက်ပေါက်ကွဲခဲ့မှုကြောင့် ပိုင်ရပ်ကျေးရွာအခြေခံပညာအလယ်တန်းကျောင်းမှ ရုံးအကူဝန်ထမ်းဖြစ်သူ ဒေါ်မိသဇင် ၃၆ နှစ်နှင့် ကျောင်းသား၊ ကျောင်းသူများဖြစ်ကြသည့် မောင်ဝေယံအောင် ၈ နှစ်၊ မလရိပ်ချို(၁၀)နှစ်နှင့် မသူဇာအေး (၆)နှစ်တို့ လေးဦးတွင် ဗုံးသီးပေါက်ကွဲစထိမှန်ဒဏ်ရာများရရှိကာ သေဆုံးသွားခဲ့ပြီး ပိုင်ရပ်ကျေးရွာနေ လုပ်အားပေးဆရာမဖြစ်သူ မမိုးသူဇာ ၂၅ နှစ်နှင့် ကျောင်းသား၊ ကျောင်းသူများဖြစ်ကြသည့် မစိုးစိုးစံ ၅ နှစ်၊ မအေးအေးမိုး ၈ နှစ်၊မောင်အောင်ကျော်သူ ၄ နှစ်၊ မမျိုးစန္ဒာထွန်း ၆ နှစ်၊ မမျိုးသန္တာဦး ၇ နှစ်၊ မောင်လော်ချမ်း ၇ နှစ်၊ စောစံမြင့်အောင် ၇ နှစ်၊ မရွှေဇင်ထက် ၁၀ နှစ်၊ မယဉ်သူအေး ၉ နှစ်၊ မထွန်းရတနာ ၇ နှစ်၊ မောင်ကောင်းစည်သူစိုး ၇ နှစ်၊ မောင်လင်းလက်အောင် ၇ နှစ်၊ မချစ်မြတ်နိုး ၇ နှစ်၊ မငယ်ငယ် ၇ နှစ်၊ မမေလဝန်း ၇ နှစ်၊ မအိနန္ဒာဖြိုး ၇ နှစ်၊ မသွန်းသွန်းအိမ်စည်လင်း ၉ နှစ်၊ မသီသီဖြိုး ၉ နှစ်တို့ ၁၉ ဦး (ဆရာမတစ်ဦး၊ ကျောင်းသား ငါးဦး၊ ကျောင်းသူ ၁၃ ဦး)တွင် မိုင်းပေါက်ကွဲစထိမှန်ဒဏ်ရာများအသီးသီးရရှိခဲ့၍ တာဝန်ရှိသူများက ဒဏ်ရာရရှိသူများကို ကည်ကတိုက် ကျေးရွာရှိ ကျေးလက်ဆေးပေးခန်းနှင့် မော်လမြိုင်မြို့ပြည်သူ့ဆေးရုံသို့ ပို့ဆောင် ဆေးကုသပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ အပြစ်မဲ့အရပ်သားပြည်သူများ အေးချမ်းစွာနေထိုင်လျက်ရှိသော မြို့၊ ရပ်ကွက်၊ ကျေးရွာများအတွင်းသို့ အကြမ်းဖက်သမားများက တိုက်ပွဲများဖော်ဆောင်ခြင်းနှင့် လက်နက်ကြီး၊ ရှော့တိုက်ဒုံး၊ Drop Bomb များဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်းများ လုပ်ဆောင်မှုကြောင့် နိုင်ငံ့ဝန်ထမ်းတစ်ဦး အပါအဝင် လုပ်အားပေးဆရာမနှင့် ကျောင်းသား၊ ကျောင်းသူအချို့ သေဆုံး၊ ထိခိုက်ဒဏ်ရာရရှိခဲ့မှုအပေါ် ဒေသခံပြည်သူများက လုံးဝလက်ခံနိုင်ခြင်းမရှိဘဲ ဆန့်ကျင်ကန့်ကွက်လျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သော လုံခြုံရေးလုပ်ငန်းများကို ပြည်သူလူထုနှင့် ပူးပေါင်းကာ တိုးမြှင့်လုပ်ဆောင်လျက်ရှိကြောင်း သတင်းရရှိသည်။

(၅၀၁)

မိမိပိုင်နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

ရေဦးခရိုင်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ငှက်ပျော ၃၅၉၇ ဧက စိုက်ပျိုးမည်

ယခင်နှစ်က ငှက်ပျောခင်းကို တွေ့ရစဉ်။

ရေဦး ဇွန် ၁၁

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင်တွင် ယခုနှစ် မိုးသီးနှံ စိုက်ပျိုးရာသီ၌ ငှက်ပျော ၃၅၉၇ ဧက စိုက်ပျိုးသွားမည် ဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရေဦးခရိုင်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ငှက်ပျောစိုက်ပျိုးရန် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ရေဦးမြို့နယ်တွင် ၂၈၅ ဧက၊ တန့်ဆည်မြို့နယ်တွင် ၃၁၂ ဧက နှင့် ဒီပဲယင်းမြို့နယ်တွင် ဧက ၃၀၀၀ စုစုပေါင်း ၃၅၉၇ ဧကဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ရေဦးခရိုင်မှာ ငှက်ပျောဧက ၃၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားတယ်။လျာထားဧကပြည့်မီအောင် စိုက်ပျိုးဖို့အတွက် ဆောင်ရွက်ပေးသွားမယ်။ ဇွန်လ တတိယပတ်ထဲမှာ စတင်စိုက်ပျိုးဖို့ဆောင်ရွက်နေပါတယ်။ အခုနောက်ပိုင်း လယ်ကန်သင်းတွေမှာ ငှက်ပျောစိုက်တာမျိုးလဲ တွေ့လာရတယ်။ ပိုးမွှားရောဂါ ကျရောက်မှုလဲ များသောအားဖြင့် သက်သာတယ်" ဟု ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

ငှက်ပျောစိုက်တောင်သူများ အနေဖြင့် မြေတစ်ဧကလျှင် ငှက်ပျောပင် ၁၀၀၀ ခန့်ထိ စိုက်ပျိုးပြီး တစ်ဧကလျှင် အသီးသီးသည့်ထိ စိုက်ပျိုးစရိတ်ငွေကျပ်သိန်း ၂၀ ထိ ကုန်ကျမှုရှိရာ အသီးသီးချိန်တွင် တစ်ဧကလျှင် ငွေကျပ်သိန်း ၅၀ ခန့်ထိ ရရှိကြောင်း သိရသည်။

ငှက်ပျောကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ငှက်ပျောကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍ သိရသည်။

(၂၀၆)

ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း ငါးမုတ်ပိသာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

ဖျာပုံ ဇွန် ၁၁

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း ငါးမုတ်ပိသာချိန် အများအပြားတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဖျာပုံမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ငြေးငြေးဦးက ပြောပြသည်။

ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် ဧပြီလအတွင်းက ငါးမုတ်ပိသာချိန် ၅၀၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး မေလအတွင်း ငါးမုတ်ပိသာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ငါးမုတ်များကို ပြည်တွင်းဈေးကွက်တွင်သာမက ပြည်ပဈေးကွက်ကပါ ဝယ်ယူမှုကောင်းလာခြင်းကြောင့် တင်ပို့အားတက်လာခြင်းဖြစ်ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ တစ်လအတွင်း ငါးမုတ်ပိသာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ဒီဘက်က တင်ပို့ရောင်းချတဲ့ ငါးမုတ်တွေကို ရန်ကုန်ဘက်ကနေ အဝယ်လိုက်လာလို့ တင်ပို့အားတက်ခဲ့တာပါ။ ဒေသပွဲရုံတွေဆီ ငါးမုတ်တွေ ပုံမှန်ဝင်ရောက်နေပါတယ်။

ပွဲရုံတွေဆီ ဝင်လာတဲ့ ငါးတွေကလဲ လတ်ဆတ်မှုရှိပါတယ်။ ဒီဘက် ဒေသကထွက်တဲ့ ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကိုပဲ အဓိကတင်ပို့ရောင်းချနေပါတယ်။ လမ်းပန်းဆက်သွယ်ရေးကောင်းလို့ ရန်ကုန်ဘက်ကို ကုန်ပစ္စည်းတွေ တင်ပို့ရောင်းချရတာ အစစအရာရာ အဆင်ပြေပါတယ်။ ငါးမုတ်တွေ တင်ပို့အားတက်လာတော့ ရေလုပ်ငန်းနဲ့ဆက်စပ်နေသူတွေ အဆင်ပြေနေတာတွေ့ရပါတယ်"ဟု ဖျာပုံမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ငြေးငြေးဦးက ပြောပြသည်။

ဖျာပုံမြို့နယ်မှ ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များသည် ငါးမုတ်ငါးများ အပါအဝင် ဒေသထွက်ရေထွက်ကုန်များကိုဝယ်ယူပြီး စနစ်တကျ ထုပ်ပိုးသန့်စင်ကာ ရန်ကုန်ဈေးကွက်သို့ အဓိကတင်ပို့ ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ ငါးမုတ်တစ်ပိသာလျှင် ငွေကျပ် ၁၇၀၀၀ ထိ ပေါက်ဈေးရှိနေကြောင်း သိရသည်။

ကျော်ကျော်လင်း

အုတ်ဖိုမြို့နယ် သဲကောကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ ထုတ်ချေး

အုတ်ဖို ဇွန် ၁၁

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် အုတ်ဖိုမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သဲကောကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်း (VRFP) ရန်ပုံငွေထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ အဆိုပါကျေးရွာဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အုတ်ဖိုမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းမြင့်စိုးက ကျေးရွာမတည်ရန်ပုံငွေဖြင့် ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် အခြားမိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်စီမံကိန်းတာဝန်ခံဝန်ထမ်းက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများ လိုက်နာရမည့်တာဝန်များ၊ ရပိုင်ခွင့်များ၊ ပြစ်မှုနှင့်ပြစ်ဒဏ်များကို အသေးစိတ်ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် သဲကောကျေးရွာ မတည်ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များက စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၉၅ ဦးကို ငွေကျပ် ၄၁ ဒသမ ၃ သန်း၊ အသေးစားစက်မှုလက်မှုလုပ်ငန်းလုပ်ကိုင်သူ ၆ ဦးကို သုည ဒသမ ၂ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၉၇ ဦးကို VRFP စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၁ ဒသမ ၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

အေးမြတ်

ကြိုးစားပါ

- ကိုယ်ပိုင်ဉာဏ် အစွမ်းအစနဲ့
  ခွန်အားပြ ကြိုးစားပါ၊
  တိုးတက်မည် အစဉ်မလွဲ
  အောင်ပွဲရှိမှာ၊
  ရှုံးနိမ့်ခြင်း မမှုကာ
  ရှေ့သို့သာ ရောက်စေရေး၊
  တစ်နေ့ဝယ် အောင်မြေနင်းမယ်
  ဇွဲသွင်းကြလေး။

- လောကမှာ တိုးတက်ဖို့
  နည်းလမ်းတို့ ရှိနေသည်၊
  အပျင်းကို ရှေ့မထားဘဲ
  နိုးကြားရမည်၊
  ပန်းတိုင်သို့ ဆက်လက်ချီ
  ရိုးသားတည် စိတ်နှလုံး၊
  မကောင်းကြဉ် ကောင်းမှုပြုကွယ်
  တွေးရှုခလေ့ထုံး။

- လမ်းမှန်ကို လျှောက်လှမ်းကြတော့
  ပန်းတိုင်က စောင့်ကြိုနေ၊
  ဖြတ်လမ်းတွေ အလွယ်မလိုက်
  မိုက်မဲရှောင်စေ၊
  ကိုယ်ပိုင်အသိ ဉာဏ်စွမ်းတွေ
  ဖော်ထုတ်လေ လှုပ်ရှား၊
  ပန်းတိုင်ဆီ အရောက်လှမ်းဖို့
  ကြိုးပမ်းစေသား။ ။

မောင်မျိုးချစ်(အညာမြေ)

မလှိုင်မြို့နယ် ကံသစ်ကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

မလှိုင် ဇွန် ၁၁

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့် အလမ်းနှင့် မိသားစုဝင်ငွေများ တိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန်ရည်ရွယ်၍ နတ်စင်ကုန်းကျေးရွာအုပ်စု ကံသစ်ကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ထားရှိသော လုပ်ငန်းများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၄၈ ဒသမ ၅ သန်းဖြင့် ဆောင်ရွက်ထားသော မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက် ဖြည့်သွင်းရမည့်စာရင်းဇယားများ ပြည့်စုံမှု ရှိ၊ မရှိ စစ်ဆေးပြီး မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုက လိုအပ်သည်များ ဆွေးနွေးညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကံသစ်ကြီးကျေးရွာတွင် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၉၂ ဦးကို ငွေကျပ် ၄၅ ဒသမ ၈ သန်းနှင့် အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ သုံးဦးကို ငွေကျပ် ၂ ဒသမ ၇ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ၉၅ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၄၈ ဒသမ ၅ သန်း ထုတ်ချေးပေးထားကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်စုစုထံမှ သိရသည်။

ဟိန်းထက်စိုး(မလှိုင်)

အဂတိကင်းကွာလွန်ချမ်းသာ အပိုင်း (၁၅)

လင်းလက်

မာနနှင့်ဒေါသ

ငါဆိုသောအတ္တနှင့် ထောင်လွှားမောက်မာတတ်သောမာန်မာနတို့သည် လူတစ်ယောက်၏ ဘဝကို ပျက်စီးစေတတ်သည့်အရာများပင်ဖြစ်သည်။ အတ္တနှင့်မာနကို ထိန်းချုပ်နိုင်စွမ်းမရှိသည့်အခါ ရင်ဆိုင်ကြုံတွေ့လာရသည့်အခက်အခဲနှင့် စိန်ခေါ်မှုများအပေါ်တွင် ဒေါသဖြင့် တုံ့ပြန်တတ်သည်။ မိမိတွင်ရှိသော ရာထူးစည်းစိမ်ဥစ္စာတို့အပေါ်တွင် မာန်မာနထောင်လွှားသွားသည့်အခါ ကိုယ်ချင်းစာတရားများ ကင်းဝေးသွားပြီး သနားကြင်နာတတ်သည့်စိတ်ဓာတ်များပျောက်ကွယ်သွားရသည်။ မိမိကျွမ်းကျင်တတ်မြောက်ထားသည့်ပညာရပ်များကို လူသားအကျိုးအတွက် အသုံးပြုမည်ဆိုသော စိတ်ဓာတ်များကလည်း ပျောက်ကွယ်သွားရသည်။ အာဏာနှင့် လုပ်ပိုင်ခွင့်တို့ကိုတလွဲသုံးကာ မိမိလက်အောက်ငယ်သားများကို အနိုင်အထက်ပြုကျင့်ခြင်းက အစပြု၍ မကောင်းမှုများကို ကျူးလွန်မိတတ်ကြသည်။

မာန်မာနထောင်လွှား၍ ဒေါသကြီးသူတစ်ဦးအနေဖြင့် ခေါင်းဆောင်ဘဝရောက်သွားသည့်အခါ လက်အောက်ငယ်သားများအပေါ် ဒေါသနှင့်အုပ်ချုပ်တတ်ပြီး အရာရာကိုဒေါသဖြင့်ဆုံးဖြတ် လုပ်ဆောင်တတ်ကြသည်။ မာနနှင့်ဒေါသသည် အမှားအမှန်ကို ဝေဖန်ပိုင်းခြားနိုင်စွမ်းကင်းဝေးသွားပြီး ပြုမှု၊ ပြောဆို၊ လုပ်ကိုင်ဆောင်ရွက်မှုတိုင်းကို အမှားမှားအယွင်းယွင်းဖြစ်စေသည်။ ဆင်ခြင်တုံတရားနှင့် သည်းခံနိုင်စွမ်းတို့ကင်းဝေးသွားပြီး ဒေါသာဂတိလိုက်စားကာ ဆုံးဖြတ်ချက်ချလိုက်မည်ဆိုပါက မကောင်းမှုဒုစရိုက်များကို ကျူးလွန်မိတတ်သဖြင့် သည်းခံစိတ်ထား၍ ဒေါသနှင့်မာနတရားတို့ကို ထိန်းချုပ်သင့်ကြောင်းနှင့် သည်းခံခြင်းသည် အောင်မြင်ခြင်း၏ ဆုလာဘ်တစ်ပါးဖြစ်ကြောင်း မြတ်စွာဘုရားရှင်ကဟောကြားခဲ့သည်။ ရာထူး၊ အာဏာနှင့် လုပ်ပိုင်ခွင့်တို့အပေါ်တွင် မာန်မာနထောင်လွှား၍ ကြင်နာသနားမှုကင်းဝေးသွားပြီး လူသားမဆန်သော လူ့ကျင့်ဝတ်များကို ချိုးဖောက်သောအဂတိလိုက်စားမှုများကို ကျူးလွန်မိတတ်သဖြင့် သတိပြုဆင်ခြင်အပ်သည်။

ဒေါသာဂတိသတိရှိပါ

အဂတိတရားလေးပါးတွင် ဒေါသာဂတိသည် ကြောက်မက်ဖွယ်အကောင်းဆုံးပင်ဖြစ်သည်။ တစ်စုံတစ်ရာကို ဆုံးဖြတ်လုပ်ကိုင်ဆောင်ရွက်သည့်အခါ အတ္တ၊ မာနနှင့် အမုန်းတရားများကိုအခြေခံ၍ ဒေါသဖြင့် စိတ်ထင်ရာဆုံးဖြတ်လိုက်ခြင်းဖြင့် မိမိအကျိုးစီးပွားနှင့် တစ်ပါးသူ၏ အကျိုးစီးပွားနှစ်ရပ်စလုံးကိုပါ ထိခိုက်စေတတ်သည်။ ဒေါသဖြင့် မိမိနှင့် လူမှုဆက်ဆံရေးအဆင်မပြေသူ၊ မိမိ၏ အလိုသို့ လိုက်ပါဆောင်ရွက်ခြင်းမရှိသူ၊ မိမိမနာလိုမုန်းတီးသူများ၏ အကျိုးကိုပျက်စီးစေရန် ဆောင်ရွက်မိတတ်ကြသည်။ မိမိ၊ သူတစ်ပါးနှစ်ဦးနှစ်ဖက်ကို ပြေလည်စေမည့် ခန္ဓာစဆိုသည့် သည်းခံခြင်းတရားမရှိဘဲ မိမိ၌ လုပ်ပိုင်ခွင့်ရှိသည့်အချိန်တွင် ရနိုင်သမျှသော အာဏာကိုသုံးကာ မမှန်မကန်ဆုံးဖြတ်ခြင်းသည် အဂတိလိုက်စားခြင်းပင်ဖြစ်သည်။

ဗာရာဏသီပြည်တွင် ကလာဗုမင်းအုပ်ချုပ်စဉ် ပုဏ္ဏားလုလင်တစ်ဦးသည် မိဘနှစ်ပါးကွယ်လွန်သည့်အချိန်တွင် ဟိမဝန္တာတောသို့သွား၍ ရသေ့ဝတ်ကာ တရားအားထုတ်လေသည်။ ရသေ့သည် တစ်နေ့သောအခါ ဆွမ်းခံရန်အတွက် ဗာရာဏသီပြည်သို့ကြွရောက်စဉ် စစ်သူကြီးမြင်လေရာ အလွန်တရာကြည်ညိုလှသဖြင့် မင်းဥယျာဉ်အတွင်း၌ ကျောင်းဆောင်တစ်ခုဆောက်လုပ်ကာ သီတင်းသုံး၍ နေစေခဲ့သည်။ ကလာဗုမင်းသည် တရားမမ္မနှင့် ကင်းဝေးပြီး မာန်မာနထောင်လွှား၍ ဒေါသကြီးသော မင်းတစ်ပါးဖြစ်လေသည်။ အမှားအမှန်ကိုဝေဖန်ပိုင်းခြားနိုင်စွမ်းမရှိ ငါဆိုသောအတ္တနှင့်မာနတို့ကို လက်ကိုင်ထားကာ မိမိစိတ်တိုင်းမကျသည်ရှိပါက သတ်ပစ်သည်ထိ ဒေါသကြီးသူဖြစ်သည်။

ကလာဗုမင်းသည် တစ်နေ့သ၌ သောက်စားမူးယစ်ပြီး မင်းဥယျာဉ်အတွင်း မောင်းမမိသံများ၊ ကချေသည်များနှင့်ပျော်ပါး၍ နေလေသည်။ မူးယစ်သောက်စားပျော်ပါး၍ မောပန်းနွမ်းနယ်သည့်အခါ ကလာဗုမင်း နှစ်သက်မြတ်နိုးသည့် အမျိုးသမီးတစ်ဦး၏ရင်ခွင်၌ နားနေရင်း မှေးစက်၍နေလေသည်။ မောင်းမမိသံများနှင့် ကချေသည်များသည် မင်းကြီးအိပ်ပျော်သွားသည့်အခါ မင်းကြီးကိုထားခဲ့ကြိမ်ဖြင့်ရိုက်စေသည်။ ရသေ့သည် သွေးအလိမ်းလိမ်းဖြာထွက်၍နေပြီး လွန်စွာနာကျင်သော်လည်း မင်းကြီးကိုဒေါသမထွက်ရန်သာ ဟောကြားလေသည်။ မိမိနှိပ်စက်သမျှကိုတုံ့ပြန်ခြင်းမရှိ ဒေါသကင်း၍ သည်းခံနိုင်ခြင်းစွမ်းအားမြင့်မားသည့် ရသေ့ကိုမြင်သော် အသိတရားရရမည်ဖြစ်သော်လည်း ဒေါသတရားဖြင့် ရသေ့ကိုလက်နှစ်ဖက်၊ ခြေနှစ်ဖက်၊ နားရွက်၊ နှာခေါင်းတို့ကိုဖြတ်ပစ်ရန် အာဏာပါးကွက်သားတို့ကိုအမိန့်ပေးလေသည်။ ဘုရားလောင်းရသေ့လည်း လွန်စွာနာကျင်သော်လည်း ဝေဒနာကိုသည်းခံကာ တရားမှတ်၍သာနေလေသည်။ ဒေါသကြီးသည့် ဘုရင်သည် ဘုရားလောင်းရသေ့၏ရင်ကို ခြေဖြင့်ကန်၍ ထွက်ခွာသွားလေသည်။

❖အဂတိတရားလေးပါးတွင် ဒေါသာဂတိသည် ကြောက်မက်ဖွယ်အကောင်းဆုံးပင်ဖြစ်သည်။ တစ်စုံတစ်ရာကို ဆုံးဖြတ်လုပ်ကိုင်ဆောင်ရွက်သည့်အခါ အတ္တ၊ မာနနှင့် အမုန်းတရားများကိုအခြေခံ၍ ဒေါသဖြင့် စိတ်ထင်ရာဆုံးဖြတ်လိုက်ခြင်းဖြင့် မိမိအကျိုးစီးပွားနှင့် တစ်ပါးသူ၏ အကျိုးစီးပွားနှစ်ရပ်စလုံးကိုပါ ထိခိုက်စေတတ်သည်။ ဒေါသဖြင့် မိမိနှင့် လူမှုဆက်ဆံရေးအဆင်မပြေသူ၊ မိမိ၏အလိုသို့ လိုက်ပါဆောင်ရွက်ခြင်းမရှိသူ၊ မိမိမနာလိုမုန်းတီးသူများ၏ အကျိုးကိုပျက်စီးစေရန် ဆောင်ရွက်မိတတ်ကြသည်။❖

၍ ဥယျာဉ်အတွင်းလှည့်လည်ကြည့်ရှုစဉ် တရားအားထုတ်နေသည့် ရသေ့ကိုမြင်သည့်အခါ လွန်စွာကြည်ညိုု၍ ဝင်ရောက်ရှိခိုးပြီး တရားနာလေသည်။ ထိုအချိန်တွင် မင်းကြီးသည် ရုတ်တရက်နိုးလာပြီး မိမိနှစ်သက်သောအမျိုးသမီးအပါအဝင် မိမိအပါးခစားနေသာ မောင်းမမိသံများနှင့် ကချေသည်များကိုမမြင်သော် ဥယျာဉ်အတွင်း လိုက်လံရှာဖွေလေသည်။

ရသေ့ကိုပင် သတ်ဝံ့သူ

ရသေ့၏ဘေးတွင် မောင်းမမိသံများအပါအဝင် ကချေသည်များခစားနေသည်ကိုမြင်သော် ကလာဗုမင်းသည် ဒေါသအမျက် ခြောင်းခြောင်းထွက်လေသည်။ "ငါကဲ့သို့သောဘုရင်ကိုပင် ပစ်ထား၍ ရသေ့ဘေးတွင် ခစားနေကြသည်။ ဤရသေ့သည် ငါ့လောက်အာဏာမရှိပေ။ ရာထူးအာဏာလုံးဝမရှိသော သာမန်ရသေ့တစ်ပါးကိုချည်းကပ်၍ ငါ့အားမေ့သောသင်တို့ကိုအပစ်ပေးမည်။ ငါ့ထံခစားရမည့်ကချေသည်များကို စည်းရုံးသိမ်းသွင်းထားသည့် သင်ရသေ့သည် မည်ကဲ့သို့သောဝါဒကို လက်ကိုင်ထားသနည်း" ဟု ပြစ်တင်ပြောဆိုမေးမြန်းလေသည်။ ထိုအခါရသေ့က "မင်းကြီး ငါသည်ကား အရာရာကို သည်းခံခြင်းတည်းဟူသော ခန္ဓာစမင်္ဂလာတရားကို လက်ကိုင်ထားသည်"ဟု ပြန်လည်ပြောကြားလေသည်။

ဒေါသတရားတို့၏ လွှမ်းမိုးချုပ်ကိုင်ခြင်းကို ခံရသည့်မင်းကြီးသည် ရသေ့ရဟန်းတို့သည် ရှိခိုးဦးတင်ထိုက်သော၊ သာမန်ပုဂ္ဂိုလ်များထက် မြင့်မြတ်သော ပုဂ္ဂိုလ်များဖြစ်သော်လည်း ဆဲဆိုကြိမ်းမောင်းလေသည်။ ရသေ့က အေးဆေးတည်ငြိမ်စွာနေသည်ကို မြင်ပြန်သော် ဒေါသစိတ်များထွက်ပေါ်လာပြီး အာဏာပါးကွက်သားတို့ကိုခေါ်၍ ဆူးတပ်ထားသော ကြိမ်ဖြင့်ရိုက်စေသည်။ ရသေ့သည် သွေးအလိမ်းလိမ်းဖြာထွက်၍နေပြီး လွန်စွာနာကျင်သော်လည်း မင်းကြီးကိုဒေါသမထွက်ရန်သာ ဟောကြားလေသည်။ မိမိနှိပ်စက်သမျှကိုတုံ့ပြန်ခြင်းမရှိ ဒေါသကင်း၍ သည်းခံနိုင်ခြင်းစွမ်းအားမြင့်မားသည့် ရသေ့ကိုမြင်သော် အသိတရားရရမည်ဖြစ်သော်လည်း ဒေါသတရားဖြင့် ရသေ့ကိုလက်နှစ်ဖက်၊ ခြေနှစ်ဖက်၊ နားရွက်၊ နှာခေါင်းတို့ကိုဖြတ်ပစ်ရန် အာဏာပါးကွက်သားတို့ကိုအမိန့်ပေးလေသည်။ ဘုရားလောင်းရသေ့လည်း လွန်စွာနာကျင်သော်လည်း ဝေဒနာကိုသည်းခံကာ တရားမှတ်၍သာနေလေသည်။ ဒေါသကြီးသည့် ဘုရင်သည် ဘုရားလောင်းရသေ့၏ရင်ကို ခြေဖြင့်ကန်၍ ထွက်ခွာသွားလေသည်။

သည်းခံခြင်းဖြင့်သာ အောင်နိုင်ရာ၏

ဘုရားလောင်းရသေ့ရှိရာအရပ်သို့ စစ်သူကြီးရောက်သောအခါ လွန်စွာဝမ်းနည်းစိတ်မကောင်းဖြစ်ရလေ၏။ "အရှင်ဘုရား အမျက်ထွက်လိုပါလျှင် အရှင်ဘုရားအပေါ် ကျူးလွန်ပြစ်မှားသောသူအပေါ် သာအမျက်ထွက်ပါ။ ပြည်သူပြည်သားတို့အပေါ်တွင်ကား အမျက်မထွက်စေလိုပါ"ဟု လျှောက်ထားလေသည်။ ဘုရားလောင်းက "စစ်သူကြီး သူတော်ကောင်းတို့သည် အမျက်ဒေါသကိုထိန်းနိုင်သည်။ အမျက်ဒေါသကြောင့်ဖြစ်သော ဆိုးကျိုးများကို သည်းခံတော်မူ၍ သည်းခံခြင်းမင်္ဂလာတရားတော်နှင့် အညီနေထိုင်ကြသည်။ အမျက်ဒေါသထွက်သူသည် လူမိုက်ပင်ဖြစ်သည်။ အမျက်ဒေါသကြောင့် ဆောင်ရွက်သည့် ဆောင်ရွက်ချက်တိုင်းသည် မကောင်းမှုများကိုသာဖြစ်စေသဖြင့် သတိပြုဆင်ခြင်သင့်ကြောင်း" တရားဟောကြားလေသည်။

ဒေါသကြီးသူသည် အရာရာကိုမေ့လျော့နေတတ်ပြီး စိတ်ထင်ရာကိုပြုလုပ်တတ်သဖြင့် ဦးဆောင်ဦးရွက်ပြုသူများသည် ဒေါသကိုတတ်နိုင်သမျှထိန်းချုပ်ရန်လိုသည်။ အရာရာကိုဒေါသအလိုကျ လုပ်ကိုင်ဆောင်ရွက်မည်ဆိုပါက မကောင်းမှုဒုစရိုက်များကိုသာဖြစ်စေတတ်သဖြင့် ဆင်ခြင်အပ်သည်။ မိမိနှင့်မတည့်၍ ဒေါသဖြင့် နစ်နာစေလိုသည့် စိတ်ဖြင့် အဂတိလိုက်စားမိမည်ဆိုပါက လူမှုပတ်ဝန်းကျင်တွင် တရားမျှတမှုများ ပျောက်ကွယ်သွားမည်ဖြစ်သည်။ အချင်းချင်းဒေါသရန်ငြိုးထားကာ အမုန်းပွားမည်ဆိုပါက သာယာပျော်ရွှင်သော လူမှုပတ်ဝန်းကျင်ကိုဖန်တီးပုံဖော်နိုင်မည်မဟုတ်ပေ။

ပြစ်ဒဏ်မခံရစေဖို့

ဒေါသာဂတိလိုက်စားကာ အရာရာကိုမိမိစိတ်တိုင်းကျ ထင်သလိုဆုံးဖြတ်ဆောင်ရွက်လိုက်သူများသည် ဆုံးရှုံးရစမြဲပင်ဖြစ်သည်။ ဒေါသဖြင့် ရသေ့ကိုနှိပ်စက်မိသည့်မင်းကြီးသည် ဥယျာဉ်မှ ထွက်သော် မြေမျိုခံရလေသည်။ မြတ်စွာဘုရားရှင်က ဒေါသသည် အရာရာကိုပျက်စီးစေသည့်သဘောရှိသဖြင့် ဒေါသကြောင့် ဘက်လိုက်ခြင်းကိုဖြစ်ပေါ်စေသော ဒေါသာဂတိကိုထိန်းချုပ်သင့်ကြောင်းဟောကြားခဲ့သည်။ ဒေါသဖြင့် ဆုံးဖြတ်ချက်များကို ဘက်လိုက်ဆုံးဖြတ်ပြီး ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံး၊ လုပ်နည်းများနှင့် သွေဖည်ကာလုပ်ပိုင်ခွင့် အာဏာကိုအလွဲသုံးစားပြု၍ ဆောင်ရွက်သည့် အဂတိလိုက်စားခြင်းကို နိုင်ငံတိုင်းက လက်သင့်မခံကြပေ။ လူမှုပတ်ဝန်းကျင်တွင်လည်း ဒေါသဖြင့် ပြုမှု၊ ပြောဆို၊ လုပ်ကိုင်သူများကို မည်သူကမျှ ပေါင်းသင်းဆက်ဆံခြင်းမပြုလိုကြပေ။

တဒင်္ဂဖြစ်ပေါ်လာသည့်ဒေါသကို ထိန်းချုပ်နိုင်စွမ်းမရှိသည့်အခါ ဘက်လိုက်ဆုံးဖြတ်ခြင်းမှသည် အချင်းချင်းစည်းလုံးညီညွတ်မှု ပျက်ပြားသွားကာ ခိုက်ရန်ဖြစ်ရသည်ထိဖြစ်တတ်သည်။ ပြင်ပသက်ရောက်မှုများကြောင့်ဖြစ်စေ၊ မိမိစိတ်တွင်ဖြစ်တည်လာရသည့် ခံစားမှုကြောင့်ဖြစ်စေ ဒေါသကြောင့် လူသတ်မိသည်ထိ ဖြစ်တတ်သည်။ ကမ္ဘာပေါ်တွင် နိုင်ငံအချင်းချင်း သာမန်ဖြစ်ရိုးဖြစ်စဉ်ဖြစ်သည့် အခန့်မသင့်မှုများကို ထိန်းချုပ်နိုင်စွမ်းမရှိဘဲ ဒေါသဖြင့် လက်တုံ့ပြန်မှုမှသည် ကမ္ဘာစစ်ဖြစ်ရသည်ထိ ဖြစ်ကြရသည်။ ဒေါသကြောင့် လူသတ်မိခဲ့ပြီး ထောင်သွင်းအကျဉ်းချခြင်းခံရကာ ဘဝနေဝင်ချိန်ကို သံတိုင်များနောက်တွင် ကုန်လွန်ရမည်ဆိုသည့် အချိန်တွင် ပြင်ဆင်ရန် မဖြစ်နိုင်တော့ပေ။

ဒေါသကိုထိန်းကြပါစို့

ဒေါသဖြစ်နေသည့် လူတစ်ဦးသည် မျက်နှာအမူအရာဟန်ပန်သွင်ပြင်ကစ၍ နှစ်လိုဖွယ်ရာမရှိတော့ပေ။ နှုတ်ထွက်စကားများကလည်း ကြမ်းတမ်းနေမည်ဖြစ်ပြီး အမူအရာများကလည်း ယုတ်မာရက်စက်နေမည်သာဖြစ်သည်။ ဒေါသဖြစ်နေသည့်အခါ ကိုယ်အပူချိန်မြင့်တက်ခြင်း၊ နှလုံးခုန်မြန်ခြင်း၊ စိတ်ကစဉ့်ကလျားဖြစ်ခြင်း စသည့် ကျန်းမာရေးဆိုးကျိုးများကိုပါခံစားစေပြီး ဦးနှောက်အတွင်း သွေးလည်ပတ်မှုကို ကမောက်ကမဖြစ်စေကာ အမှားအမှန်ကို ဝေဖန်ပိုင်းခြားနိုင်စွမ်း ကင်းမဲ့သွားမည်ဖြစ်သည်။ စဉ်းစားဆင်ခြင်နိုင်စွမ်း ကင်းမဲ့သွားသည့်အခါ ဒေါသဖြင့်ဆုံးဖြတ်ချက်များကို ဘက်လိုက်ဆုံးဖြတ်ပြီး ဒေါသာဂတိလိုက်စားမိမည်ဆိုပါက ဆိုးကျိုးများကိုသာ ခံစားရစေသဖြင့် ဆင်ခြင်အပ်သည်။

ဒေါသကိုထိန်းချုပ်နိုင်သည့် နည်းလမ်းများစွာရှိသည့်အနက် အရာရာကိုခံစားနားလည် သည်းခံခွင့်လွှတ်ခြင်းဆိုသည့် ခန္ဓာစမင်္ဂလာတရားသည် အကောင်းဆုံးပင်ဖြစ်သည်။ အမုန်းရန်ငြိုးထားတတ်သည့် စိတ်များကင်းစင်စေပြီး အေးချမ်းသာယာသည့် ဘဝကိုရနိုင်သည်မှာ သည်းခံခြင်းမင်္ဂလာတရားပင်ဖြစ်သည်။ မိမိအပေါ် ကောင်းသည်ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ မိမိဘက်က သည်းခံကာကောင်းမွန်စွာတုံ့ပြန်ခြင်းပြုမည်ဆိုသော သူတော်ကောင်းတရား လက်ကိုင်ထားကာ ဒေါသကြောင့်ဖြစ်သော ဒေါသာဂတိ ကင်းစင်ပြီး သာယာပျော်ရွှင်သောဘဝကို ပိုင်ဆိုင်နိုင်ကြပါစေကြောင်း ရည်ရွယ်တင်ပြလိုက်ရပါသည်။

ကိုးကား

- ခန္ဓိဝါဒီဇောတ်၊ ငါးရာ့ငါးဆယ်ဇာတ်ဝတ္ထု (ဒုတိယတွဲ)၊ ညောင်ကန်ဆရာတော်ကြီး၊
- နေ့စဉ်ထုတ်သတင်းစာများ။

ကန့်ဘလူမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်း ၂၂၉၇ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

ကန့်ဘလူ ဇွန် ၁၁

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ်တွင် မိုးသီးနှံ စိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်း ၂၂၉၇ ဧကထိ စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကန့်ဘလူမြို့နယ်တွင် မိုးသီးနှံ စိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်း ၈၈၉၃၁ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလ ပထမပတ်မှစတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၂၂၉၇ ဧကထိ စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကန့်ဘလူမြို့နယ်မှာ အစေ့ထုတ်ပြောင်း ဧက ၈၈၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ဧက ၂၀၀၀ ကျော်စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ရေးအတွက် ဆောင်ရွက်ပေးနေပါတယ်။ ပြောင်းသီးနှံတွေ ဖြစ်ထွန်းအောင်မြင်အောင်၊ ပိုးမွှားရောဂါ ကျရောက်မှုမရှိအောင် အသိပညာပေးဆောင်ရွက်ပေးနေပါတယ်"ဟု ကန့်ဘလူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ပြောပြသည်။

ယခုနှစ် ကန့်ဘလူမြို့နယ်တွင် အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်းစိုက် တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများဆောင်ရွက်ခြင်း၊ ဖောင်မြှောင်တောင်ပိုး ကြိုတင်ကာကွယ်ခြင်း၊ စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အစေ့ထုတ်ပြောင်းသီးနှံများကို အထွက်နှုန်းကောင်းမွန်အောင် တိုးချဲ့ စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့် အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်၍ ပြောင်းသီးနှံများကို တိုးချဲ့စိုက်ပျိုးနိုင်ရန် ဒေသမရွေးကြိုးပမ်း ကြရမည်ဖြစ်ကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ဆက်လက်ပြောပြ၍ သိရသည်။

(၂၀၆)

ပေတောမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံ ၂၃၉၇ ဧက စိုက်ပျိုးမည်

ပေတော ဇွန် ၁၁

ဧရာဝတီတိုင်းဒေသကြီး ပေတောမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံ ၂၃၉၇ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ပေတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပေတောမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံ ၂၃၉၇ ဧကကို ဇွန်လ တတိယပတ်တွင် စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အဆိုပါ စားဖိုဆောင်သီးနှံများကို အခက်အခဲမရှိစိုက်ပျိုးနိုင်ရေး စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်နေကြောင်း သိရသည်။

"ပေတောမြို့နယ် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ စားဖိုဆောင်သီးနှံ ၂၃၉၇ ဧကစိုက်ပျိုးမှာ ဖြစ်ပါတယ်။ စိုက်ပျိုးရေးဦးစီးဌာနက စားဖိုဆောင်သီးနှံတွေ ဖြစ်တဲ့ နံနံ၊ မုန်လာ၊ ဂေါ်ဖီထုပ်တို့ကို အခက်အခဲမရှိစိုက်ပျိုးနိုင်ဖို့ မစိုက်ပျိုးမီအချိန်က ကြိုတင်ပြီး တော့ ပိုးမွှားရောဂါကာကွယ်ရေး လုပ်ငန်းနဲ့ စိုက်ပျိုးရေးနည်းပညာ ပေးလုပ်ငန်းတွေကို လုပ်ဆောင်ပေးနေပါတယ်။ သက်ဆိုင်ရာဌာန အသီးသီးကလဲ လိုအပ်သလိုချိတ်ဆက်ကူညီပေးနေပါတယ်"ဟု ပေတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဝင်းက ပြောပြသည်။

ယခင်နှစ်က ဂေါ်ဖီထုပ်စိုက်ခင်းကို တွေ့ရစဉ်။

စားဖိုဆောင်သီးနှံများကို အထွက်နှုန်းတိုးတက် ကောင်းမွန်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် စားဖိုဆောင်သီးနှံများကို တိုးချဲ့စိုက်ပျိုးနိုင်ရန် ဒေသမရွေးကြိုးပမ်းသင့်ကြောင်း ပေတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဝင်းက ပြောပြ၍ သိရသည်။

ကျော်ကျော်လင်း

ရွှေတောင်မြို့နယ် ဝါးလည်ကျေးရွာ၌ ခေတ်မီစံပြကျေးရွာထူထောင်ရေးစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

ရွှေတောင် ဇွန် ၁၁

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ရွှေတောင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ခေတ်မီစံပြကျေးရွာထူထောင်ရေးစီမံကိန်း ဆောင်ရွက်မည့် မီးလောင်ကျေးရွာအုပ်စု ဝါးလည်ကျေးရွာ၌ စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့်ကော်မတီဖွဲ့စည်းခြင်းကို ဇွန်၁၀ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ရွှေတောင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး ဦးစိုးရာဇာလင်းက အမှာစကားပြောကြားသည်။

ဆက်လက်၍ ရွှေတောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ခိုင်ဇော်က ခေတ်မီစံပြကျေးရွာထူထောင်ရေး စီမံကိန်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများ၏တာဝန်နှင့်ရပိုင်ခွင့်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံက ကော်မတီဝင်ရွေးချယ်ရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ ကော်မတီဝင်များ၏ တာဝန်နှင့် ကဏ္ဍအလိုက်ဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်နိုင်မှု အခြေအနေများကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသော ရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများက ခေတ်မီစံပြကျေးရွာထူထောင်ရေး စီမံကိန်းကော်မတီဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း မြို့နယ်ဦးစီးမှူး ဦးအောင်ခိုင်ဇော်က ပြောပြ၍ သိရသည်။

နော်လူး

စေတုတ္တရာမြို့နယ် အောက်ပုံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

စေတုတ္တရာ ဇွန် ၁၁

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စေတုတ္တရာမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး မိသားစုဝင်ငွေတိုးပွားလာကာ ကျေးလက်ဒေသ ဆင်းရဲမှုနှုန်း လျော့ကျလာစေရန် ရည်ရွယ်၍ အောက်ပုံကျေးရွာ အုပ်စု အောက်ပုံကျေးရွာ၌ ၁၁ ကြိမ်မြောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေထုတ်ချေးခြင်းကို ဇွန် ၁၀ ရက် နံနက်ပိုင်းက အဆိုပါ ကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ စေတုတ္တရာမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းဇော်ထွန်းက အောက်ပုံကျေးရွာရှိ ကျေးရွာတာဝန်ခံများ၊ မြစိမ်းရောင်ကျေးရွာ လုပ်ငန်းအဖွဲ့ဝင်များ၊ အသင်းသား၊အသင်းသူများနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာ စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်ပေးရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါ အကြောင်းအရာများ၊ ကျေးလက်နေ ပြည်သူများထားရှိရမည့် ကျေးရွာစိတ်ဓာတ်များ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာလုပ်ငန်း အဖွဲ့ဝင်များက အောက်ပုံကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၈၁ ဦးကို ချေးငွေကျပ် ၃၄ ဒသမ ၁၅ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၁၉ ဦးကို ချေးငွေကျပ် ၅ ဒသမ ၅ သန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူနှစ်ဦးကို ချေးငွေကျပ် ၁ ဒသမ ၁ သန်း၊ အသက်မွေးဝမ်းကျောင်း လုပ်ငန်းလုပ်ကိုင်သူ ငါးဦးကို ချေးငွေကျပ် ၁ ဒသမ ၉ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၀၇ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၄၂ ဒသမ ၆၅ သန်းကို သက်သာသော အတိုးနှုန်းဖြင့် တစ်ဦးချင်းစီ၏ လက်ဝယ် အရောက် အသီးသီးထုတ်ချေးပေးခဲ့ကြောင်း စေတုတ္တရာမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းဇော်ထွန်းထံမှ သိရသည်။

ကိုညို

သံတောင်ကြီးမြို့နယ် ရွှေညောင်ပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

သံတောင်ကြီး ဇွန် ၁၁

ကရင်ပြည်နယ် သံတောင်ကြီးခရိုင် သံတောင်ကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန်နှင့် မိသားစုဝင်ငွေတိုးပွားစေရန် ရည်ရွယ်၍ ရွှေညောင်ပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေများဖြင့် စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင်သံတောင်ကြီးခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးရန်နိုင်ညွန့်၊ မြို့နယ်ဦးစီးမှူး ဦးကျော်မျိုးဆင့်နှင့်ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ရွှေညောင်ပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးရန်နိုင်ညွန့်က စီမံကိန်းရေရှည်တည်တံ့ခိုင်မြဲရေးအတွက် သက်ဆိုင်သူ အားလုံးက ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ရွှေညောင်ပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ရန်ပုံငွေကျပ်သိန်း ၃၀၀ ဖြင့် စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီး ဒသမအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၆၁ ဦး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၂၂ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၂၂ ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၀၅ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ကျပ်၃၆၉သိန်း ထုတ်ချေးပေးထားကြောင်း သံတောင်ကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်မျိုးဆင့်က ပြောပြ၍ သိရသည်။

ကိုသက်

တရုတ်-ဂျာမနီ စီးပွားရေးဆိုင်ရာဆက်ဆံရေးအလားအလာ

ဝင်းဇင်(သုတေသန)

လွန်ခဲ့သောဆယ်စုနှစ်များအတွင်း ဂျာမနီနှင့် တရုတ်ကုမ္ပဏီကြီးများသည် အပြန်အလှန် အကျိုးဖြစ်ထွန်းမှုရှိသော မိတ်ဖက်ဆက်ဆံရေးတစ်ရပ်ထူထောင်ထားနိုင်ခဲ့သည်။ တရုတ်နိုင်ငံသည် ဂျာမနီ စီးပွားရေးလုပ်ငန်းများကို ကြီးမားသောစျေးကွက်ကြီးကမ်းလှမ်းပေးခဲ့သကဲ့သို့ တရုတ်ကုမ္ပဏီကြီးများအနေဖြင့် ဂျာမနီနည်းပညာနှင့် ဗဟုသုတများ လွှဲပြောင်းပေးခြင်းမှ အကျိုးဖြစ်ထွန်းခဲ့သဖြင့် နှစ်နိုင်ငံစီးပွားရေးလုပ်ငန်းများကို တိုးတက်ဖြစ်ထွန်းစေခဲ့သည်။

လက်ရှိအချိန်တွင် အောင်မြင်ဖြစ်ထွန်းခဲ့သော မိတ်ဖက်စီးပွားရေးလုပ်ငန်းသည် ပြောင်းလဲလာလျက်ရှိသည်။ တရုတ်နိုင်ငံ၏ရုတ်ခြည်းတိုးတက်လာသော တန်ဖိုးကွင်းဆက်သည် တရုတ်ကို ထုတ်လုပ်မှုဗဟိုချက်မှသည် တစ်ချိန်က ဂျာမနီကုမ္ပဏီကြီးများ လွှမ်းမိုးချုပ်ကိုင်ထားသော စက်မှုလုပ်ငန်းများကို ယှဉ်ပြိုင်သူအဖြစ် ပေါ်ထွက်လာစေလျက်ရှိသည်။ ထိုအတောအတွင်း ဂျာမနီကုမ္ပဏီကြီးများသည် နည်းပညာမျက်နှာစာတွင် အမီလိုက်နိုင်ရန် ရုန်းကန်ရလျက်ရှိသည်။ အကြောင်းမူကား နိုင်ငံ၏ စီးပွားရေးလုပ်ငန်းသည် နည်းပညာကဏ္ဍများအပေါ် ဆက်လက်မှီခိုနေရပြီး ပြည်ပပို့ကုန်တင်ပို့မှု စဉ်ဆက်မပြတ်ထိန်းသိမ်းရာတွင် စိန်ခေါ်မှုများနှင့်ရင်ဆိုင်ရလျက်ရှိသောကြောင့်ပင်ဖြစ်သည်။ ထိုအတောအတွင်း ဥရောပသို့ တရုတ်နိုင်ငံ၏ ပြည်ပပို့ကုန်တွင် အဆင့်မြင့်နည်းပညာသုံးကုန်စည်ရှယ်ယာရရှိမှုသည် ၂၀၀၀ ပြည့်နှစ်တွင် ၅၁ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၂၂ ခုနှစ် တွင် ၇၃ ရာခိုင်နှုန်းထိ မြင့်တက်လာခဲ့သည်။ အခြားတစ်ဖက်၌ နည်းပညာသုံးကုန်စည်များတွင် ဂျာမနီ၏ ပြည်ပပို့ကုန်ရှယ်ယာရရှိမှုသည် ၆၁ ရာခိုင်နှုန်းထိ ကျဆင်းလာခဲ့သည်။

အဆိုပါ ပြောင်းလဲတိုးတက်လာမှုများကြောင့် ဂျာမနီတို့၏ နိုင်ငံရေးဆိုင်ရာခံစားချက်သည် ကိုယ်ကျိုးစီးပွားကာကွယ်သည့် စည်းကြပ်ခွန်တိုးမြှင့်ကောက်ခံခြင်းနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများအပေါ် ကန့်သတ်ခြင်းကဲ့သို့သော အစီအမံများလုပ်ဆောင်ခြင်းထိ ပြောင်းလဲမှုများ ဖြစ်ပေါ်လာစေခဲ့သည်။ သို့သော် လက်ရှိအချိန်ထိ ဂျာမနီသည် ရှင်းလင်းပြတ်သားပြီး တစ်စုတစ်စည်းတည်းလုပ်ဆောင်နိုင်ရန် ရုန်းကန်နေရဆဲပင်ဖြစ်သည်။ ပြုပြင်ပြောင်းလဲမှုအမြင် လိုအပ်လျက်ရှိပြီး ဂျာမနီ၏ စီးပွားရေးကို ရိုးသားစွာကြည့်မည်ဆိုလျှင် ကိုယ်ကျိုးစီးပွားကာကွယ်ရန် လိုအပ်သည့်နေရာနှင့် တရုတ်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အကျိုးစီးပွားဖြစ်ထွန်းမည့်နေရာတို့ကို သိရှိသဘောပေါက်ထားရန်လိုအပ်သည်။ ဂျာမနီနိုင်ငံတွင် အစိုးရသစ်တစ်ရပ်ဖွဲ့စည်းခြင်းသည် အမြင်သဘောထားပြောင်းလဲရန်နှင့် ပြုပြင်ပြောင်းလဲမှုဖော်ဆောင်ရန် အခွင့်အလမ်းတစ်ရပ်ရရှိစေမည်ဖြစ်သည်။

ဂျာမနီ၌တို့ပြန်ဆောင်ရွက်မှုများ

တရုတ်နိုင်ငံ၏ တိုးတက်လာမှုအပေါ် ဂျာမနီ၏ တို့ပြန်မှုကို နားလည်သဘောပေါက်ရေးအတွက် စီးပွားရေးဆိုင်ရာ အကျိုးစီးပွားများနှင့် ပထဝီနိုင်ငံရေးဆိုင်ရာ သတိပေးချက်များကြား ရှုပ်ထွေးသော အပြန်အလှန်ချိတ်ဆက်မှုများကို လေ့လာဆောင်ရွက်သွားရန်လိုအပ်သည်။ ၎င်းကိစ္စရပ်များသည် နိုင်ငံ၏ နိုင်ငံရေးနှင့် စီးပွားရေးအခင်းအကျင်းတို့အပေါ် မတူကွဲပြားမှုများ ဖြစ်ပေါ်စေလျက်ရှိသည်။

နိုင်ငံရေးမျက်နှာစာ၌ ဘလ်ဂျီယံနှင့် တစ်သဘောတည်းရှိသည့် ယခင် ရှောလက်ဇ်အစိုးရအဖွဲ့သည် မဟာဗျူဟာမြောက်မှီခိုမှုများလျှော့ချရန် ရည်မှန်းထားလျက် စွန့်စားမှုလျှော့ချသည့် ချဉ်းကပ်မှုကို ချမှတ်ဆောင်ရွက်ခဲ့သည်။ ထိုသို့ လုပ်ဆောင်မှုကြောင့် ရိုက်ခတ်မှုများဖြစ်ပေါ်ခဲ့ပြီး တရုတ်နိုင်ငံရှိ စီမံကိန်းများအတွက် ရင်းနှီးမြှုပ်နှံမှုအာမခံချက်သည် ၂၀၂၂ ခုနှစ်တွင် ယူရို ၇၄၅ ဒသမ ၉ သန်းရှိခဲ့ရာမှ ၂၀၂၃ ခုနှစ်တွင် ယူရို ၅၁ ဒသမ ၉ သန်းထိ ကျဆင်းသွားခဲ့သည်။ ထိုသို့ကျဆင်းလာမှုကြောင့် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း(SME)များအပေါ် ဆိုးဆိုးရွားရွား သက်ရောက်မှုဖြစ်ပေါ်ခဲ့သည်။ တရုတ်နိုင်ငံရှိ ကုန်စည်ပြပွဲများတွင် အစိုးရကမကထပြုသည့် ပါဝင်ဆောင်ရွက်မှုသည် ၂၀၂၂ ခုနှစ်တွင် ၄၄ ခုရှိခဲ့ရာမှ ၂၀၂၃ ခုနှစ်တွင် ၃၀ ထိ ကျဆင်းသွားခဲ့သည်။

အဆိုပါ မဟာဗျူဟာရှိခဲ့သော်လည်း ညွှန့်ပေါင်းအစိုးရအဖွဲ့၏ ဆိုရှယ်ဒီမိုကရက်တစ်ပါတီ(SPD)နှင့် ခရစ်ယာန် ဒီမိုကရက်တစ်ယူနီယံ(CDU)တို့ကြား သဘောထားကွဲလွဲမှုများ ဆက်လက် ဖြစ်ပေါ်ခဲ့သည်။ ထို့ကြောင့် ညွှန့်ပေါင်းအစိုးရအဖွဲ့၏ လားရာကို ဆက်လက် စောင့်ကြည့်သွားရတော့မည်ဖြစ်သည်။ ဂျာမနီဝန်ကြီးချုပ်အသစ် Friedrich Merz သည်

တရုတ်နိုင်ငံကို ရုရှား၊ မြောက်ကိုရီးယား၊ အီရန်တို့နှင့် တစ်တန်းတည်းထားခဲ့သည်။ မကြာသေးမီက ညွှန့်ပေါင်းအစိုးရအဖွဲ့၏ သဘောတူညီချက်သည် လက်တွေ့အကျိုးမျှော်ဝါဒကို ထောက်ခံထားရှိပြီး မျှဝေထားသော အကျိုးစီးပွားများနှင့် ရင်ဆိုင်ရမည့် ကမ္ဘာလုံးဆိုင်ရာစိန်ခေါ်မှုများတွင် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ချက်ကို အသိအမှတ်ပြုထားသည်။

သို့သော် စီးပွားရေးဆိုင်ရာမျက်နှာစာ၌ ကုမ္ပဏီများနှင့် လုပ်ငန်းကဏ္ဍများကြား သိသာထင်ရှားသော မတူကွဲပြားမှုတစ်ရပ်ရှိနေသည်။ အကြီးစားကုမ္ပဏီကြီးများသည် တရုတ်နိုင်ငံတွင် လုပ်ငန်းလည်ပတ်မှုမြင့်တက်လျက်ရှိသည်။ အထူးသဖြင့် မော်တော်ကားနှင့် ဓာတုကဏ္ဍများတွင် လုပ်ငန်းလုပ်ဆောင်မှုမြင့်တက်လာလျက်ရှိသည်။ တရုတ်နိုင်ငံရှိ ဂျာမန်ကုန်သည်ကြီးများအသင်း၏ စစ်တမ်းအရ ဂျာမနီကုမ္ပဏီ ၉၂ ရာခိုင်နှုန်းသည် တရုတ်နိုင်ငံတွင် ဆက်လက်လည်ပတ်သွားရန် စီစဉ်ထားရှိပြီး လုပ်ငန်းလည်ပတ်မှုကို ဆက်လက်လုပ်ဆောင်သွားလိုသောဆန္ဒရှိနေသည်။

သာဓကအနေဖြင့် Volkswagen ကုမ္ပဏီသည် ဂျာမနီနိုင်ငံပြင်ပတွင် အကြီးစားသုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်း (R&D) ထူထောင်ရန် ဟီဖေးမြို့တွင် ယူရို ၂ ဒသမ ၅ ဘီလီယံ ရင်းနှီးမြှုပ်နှံလျက်ရှိသည်။ ထိုအတောအတွင်း BMW ကုမ္ပဏီသည် ရှန်းယန်စက်ရုံ၌ ယွမ် ဘီလီယံ ၂၀ ရင်းနှီးမြှုပ်နှံလျက်ရှိသည်။ Volkswagen နှင့် BASF ကဲ့သို့သော ကုမ္ပဏီကြီးများက တရုတ်နိုင်ငံတွင် ပြန်လည်ရင်းနှီးမြှုပ်နှံမှု လုပ်ဆောင်ခြင်းသည် စံချိန်တင်မြင့်တက်ခဲ့ပြီး မော်တော်ကားထုတ်လုပ်မှုကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုသည် ၂၀၁၀ ပြည့်နှစ်ကတည်းက သုံးဆမြင့်တက်လာပြီး ယူရို ၂၆ ဘီလီယံထိ ရှိလာခဲ့သည်။

ထိုသို့ စီးပွားရေးဆိုင်ရာ အကျိုးစီးပွားများ ဆက်လက်တိုးတက်လာမှုကို မကြာသေးမီကပြုလုပ်ခဲ့သည့် တရုတ်ဖွံ့ဖြိုးတိုးတက်မှုဖိုရမ်၌လည်း အထင်အရှားမြင်တွေ့ခဲ့ရသည်။ ၎င်းဖိုရမ်သို့ တရုတ်နိုင်ငံခေါင်းဆောင်များနှင့် ဂျာမနီအပါအဝင် အကြီးစားကုမ္ပဏီကြီးများ၏ CEO ၈၆ ဦး တက်ရောက်ခဲ့သည်။ သို့သော် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများသည် တရုတ်နိုင်ငံတွင် ၎င်း၏ပါဝင်ဆောင်ရွက်မှုနှင့်စပ်လျဉ်း၍ သတိထားဆောင်ရွက်လာလျက်ရှိသည်။ အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများသည် ကုန်ထုတ်လုပ်မှုလုပ်ငန်းစဉ်များအတွက် တရုတ်နိုင်ငံ၏ သွင်းအားစုများအပေါ် မှီခိုရလျက်ရှိသည်။ လက်ရှိအချိန်တွင် အပြီးသတ်ထုတ်လုပ်မည့်ကုန်စည်များနှင့်စပ်လျဉ်း၍ ယှဉ်ပြိုင်နေကြရပြီး တရုတ်နိုင်ငံ အပေါ် မှီခိုနေရမှုလျှော့ချရန် ကြိုးပမ်းလျက်ရှိသည်။

စိတ်ကူးစိတ်သန်းပြောင်းလဲခြင်း

ထိုသို့ မတူကွဲပြားသောပြောင်းလဲမှုများသည် စုစည်းမှုရှိသော တို့ပြန်မှုများလုပ်ဆောင်ရေး ဂျာမနီကို စိန်ခေါ်မှုများဖြစ်ပေါ်စေလျက်ရှိသည်။ အဆိုပါ စိန်ခေါ်မှုသည် ပိုမိုမြင့်တက်လာလျက်ရှိသည်။ အကြောင်းမူကား ထရန့်အစိုးရ၏ ကုန်သွယ်ရေးမူဝါဒကြောင့် ဂျာမနီ–အမေရိကန်ကုန်သွယ်မှုဆက်ဆံရေးတွင် ဆုတ်ယုတ်မှုအလားအလာများ ရှိနေသောကြောင့် ရှိရင်းစွဲမိတ်ဖက်များတွင် အကျိုးဖြစ်ထွန်းစေမည့် မိတ်ဖက်များ ရှာဖွေသွားရန် လိုအပ်လျက်ရှိသည်။ ထိုသို့လုပ်ဆောင်ရာ၌ တရုတ်နိုင်ငံနှင့် ကုန်သွယ်မှုလုပ်ဆောင်ခြင်းကြောင့် အကျိုးဖြစ်ထွန်းမှုရှိစေမည့်နယ်ပယ်များနှင့် ဂျာမနီ၏ ရေရှည်အကျိုးစီးပွားများကိုချည့်နဲ့စေမည့် နယ်ပယ်များကို ဆန်းစစ်အကဲဖြတ်သွားရန် လိုအပ်သည်။ စိန်ခေါ်မှုသည် ဟန်ချက်ထိန်းညှိမှုအပေါ်တွင် တည်မှီလျက်ရှိပြီး ဟန်ချက်ညီသော စီးပွားရေးလုပ်ငန်းများကြား ကုန်သွယ်မှုသည် အပြန်အလှန်အကျိုးဖြစ်ထွန်းစေနိုင်သည်။ ထို့ကြောင့် နိုင်ငံများအနေဖြင့် ပြိုင်ဆိုင်မှုရှိသော အကျိုးအမြတ်များနှင့်စပ်လျဉ်း၍ လိုက်လျောညီထွေရှိပြီးလက်တွေ့ကျသောလုပ်ဆောင်မှုများကို ဆက်လက်ထိန်းသိမ်းထားရှိရန် လိုအပ်သည်။

ဂျာမနီသည် တရုတ်နိုင်ငံကို စျေးကွက်အပြင် သေချာသောကဏ္ဍများရှိ ကျွမ်းကျင်မှုများအတွက်လည်း တိုးမြှင့်ရန်လိုအပ်လာလျက်ရှိသည်။ Volkswagen၊ Mercedes–Benz Groupနှင့် BMW ကုမ္ပဏီကဲ့သို့သော ဂျာမနီကားပြုလုပ်သူများသည် ၎င်းတို့၏ အခွန်သုံးပုံ တစ်ပုံကျော်ကို တရုတ်နိုင်ငံ၌ပေးဆောင်နေရပြီး တရုတ်နှင့်ယှဉ်ပြိုင်ထုတ်လုပ်နေသော ဂျာမနီကားလုပ်ငန်းကုမ္ပဏီ သုံးပုံ နှစ်ပုံခန့်သည် ဆန်းသစ်တီထွင်မှုတွင် ဦးဆောင်မှုအခန်းကဏ္ဍ၌ ရပ်တည်လျက်ရှိကြောင်း၊ အထူးသဖြင့် ဘက်ထရီနည်းပညာနှင့် ပေါင်းစပ်ယာဉ်တည်ဆောက်သည့် ဆော့ဖ်ဝဲနည်းပညာ၌ ဦးဆောင်မှုအခန်းကဏ္ဍတွင် ရပ်တည်လျက်ရှိကြောင်း အသိအမှတ်ပြုထားသည်။ တခြားတစ်ဖက်ကကြည့်လျှင် တရုတ်နိုင်ငံသည် လုပ်ငန်းလည်ပတ်မှုနှင့် စံနှုန်းသတ်မှတ်ချိန်များတွင် ဂျာမနီကိုစံတစ်ခုအဖြစ် ရှုမြင်ထားရှိသည်။ ထို့ပြင် တရုတ်သည် ဥရောပစျေးကွက်ကြီးကို ဝင်ရောက်ခွင့်ရရှိရန်အပြင် တိုးတက်ပြောင်းလဲဖြစ်ပေါ်နေသော ကမ္ဘာ့ပထဝီနိုင်ငံရေးအခင်းအကျင်းကို ရင်ဆိုင်ရာတွင်လည်း မဟာမိတ်များလိုအပ်လျက်ရှိသည်။

ထိုအကြောင်းတရားများကြောင့် နှစ်နိုင်ငံစလုံးသည် မတူကွဲပြားသောဆက်ဆံရေးအတွက် အုတ်မြစ်ချနိုင်မည်အခွင့်အလမ်းကို အမိအရဆုပ်ကိုင်ပြီး ကမ္ဘာလုံးဆိုင်ရာစီးပွားရေးတွင် နှစ်နိုင်ငံစီးပွားရေးကို အထောက်အကူဖြစ်စေမည့် လက်တွေ့ကျသည့် နယ်ပယ်များကို ရှာဖွေဆောင်ရွက်သွားရန်လည်း လိုအပ်လျက်ရှိသည်။ ချဉ်းကပ်မှုတစ်ခုလုပ်ဆောင်ခြင်းသည် တရုတ်နိုင်ငံ၏ဆန်းသစ်တီထွင်မှု အထူးသဖြင့် လျှပ်စစ်ကားအရောင်းကွင်းဆက်ကဲ့သို့သော ရည်မှန်းလုပ်ဆောင်သည့် ဆန်းသစ်တီထွင်မှု ကဏ္ဍများကို ဥရောပမြေပေါ်သို့ ဆောင်ကြဉ်းပေးနိုင်မည့် မိတ်ဖက်ဆက်ဆံရေးကို အားသစ်လောင်းစေမည်ဖြစ်သည်။ ထိုသို့လုပ်ဆောင်ရာတွင် အထူးစီးပွားရေးဇုန်များ သို့မဟုတ် လျှပ်စစ်ကားဘက်ထရီ သုတေသနပြုထုတ်လုပ်မှု၊ ဟိုက်ဒရိုဂျင်စွမ်းအင် သို့မဟုတ် AI အထောက်အကူပြု ကုန်ထုတ်လုပ်မှု အပါအဝင် အကြီးစားသုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများစွာ ပါဝင်သင့်သည်။

အဆိုပါ ပူးပေါင်းဆောင်ရွက်မှုများ၏ သာဓက တစ်ရပ်မှာ ဂျာမနီနိုင်ငံ Erfurt မြို့ရှိ Contemporary Amperex Technology Co., Limited (CATL) ကုမ္ပဏီ၏ ဘက်ထရီထုတ်လုပ်မှုစက်ရုံပင်ဖြစ်သည်။ ၎င်းစက်ရုံသည် ယူရို ၁ ဒသမ ၈ ဘီလီယံ ရင်းနှီးမြှုပ်နှံထားရှိပြီး နှစ်စဉ် ဘက်ထရီစွမ်းအား ၁၄ ဂီဂါဝပ်ထိ ထုတ်လုပ်သွားရန် ရည်မှန်းထားရှိသည်။ ၎င်းစက်ရုံသည် BMW နှင့် Volkswagen ကဲ့သို့သော အဓိကဖောက်သည်များကို စွမ်းအင်လိုအပ်ချက်ဖြည့်ဆည်းပေးခြင်းဖြင့် ဥရောပဒေသရှိ မော်တော်ကားစျေးကွက်၌ CATL ကုမ္ပဏီ၏ရပ်တည်ချက်သည် ဒေသခံမိတ်ဖက်များနှင့် ပူးပေါင်းဆောင်ရွက်မှုတွင် ပိုမိုခိုင်မာအားကောင်းစေလျက်ရှိသည်။

လွှမ်းခြုံဆိုရလျှင် ကမ္ဘာ့အဆင့်မီအင်ဂျင်နီယာများနှင့် အသိပညာများ တိုးတက်လျက်ရှိသော အင်စတီကျူးရှင်းများနှင့် ခိုင်မာအားကောင်းသော စံနှုန်းများအပါအဝင် ဂျာမနီ၏လုပ်နိုင်စွမ်းအားသည် စွမ်းဆောင်နိုင်စွမ်းရှိသည့် ပိုင်ဆိုင်မှုများကို ဆက်လက်ထိန်းသိမ်းထားလျက်ရှိသည်။ ထို့ကြောင့် အကျိုးဖြစ်ထွန်းမှုရရှိစေနိုင်သော ပူးပေါင်းဆောင်ရွက်ရမည့်နေရာနှင့် ကာကွယ်သွားရန်လိုအပ်သောနေရာတို့ကို ရှာဖွေသွားရန် အချိန်တန်နေပြီဖြစ်သည်။ စီးပွားရေးစွမ်းအား ဟန်ချက်သည် အပြောင်းအလဲဖြစ်ပေါ်လျက်ရှိသော်လည်း ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာအလားအလာရှိသော ပုံစံသစ်များလည်းရှိနေသည်။ မည်သို့ပင်ဆိုစေ နှစ်နိုင်ငံစလုံး အနေဖြင့် မဟာဗျူဟာမြောက် ပြန်လည်စတင်ရန် အချိန်တန်နေပြီဖြစ်သည့်အတွက် လက်တွေ့အကျိုးမျှော်ဝါဒဖြင့် ချီတက်သွားရတော့မည် ဖြစ်ပေသည်။

ကိုးကား

– A New Mindset for the China– Germany Economic Partnership by the Diplomat.

တောင်အာဖရိကနိုင်ငံတစ်ဝန်းတွင် ဆီးနှင်းများကျဆင်းမှုကြောင့် ယာဉ်မတော်တဆမှုများနှင့် ဓာတ်အားပြတ်တောက်မှုများဖြစ်ပွား

ပရီတိုးရီးယား ဇွန် ၁၁

တောင်အာဖရိကနိုင်ငံတစ်ဝန်းတွင် ဇွန် ၉ ရက်ကစပြီး ဆီးနှင်းများ ထူထပ်စွာကျဆင်းခဲ့ပြီး ဇွန် ၁၀ ရက်တွင် ဆီးနှင်းများကြောင့် လျှပ်စစ်ဓာတ်အားပြတ်တောက်မှုများဖြစ်ပေါ်ခဲ့သည့်အပြင် ယာဉ်ကြောပိတ်ဆို့ကာ ယာဉ်မတော်တဆမှုများစွာ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ထူထပ်စွာကျဆင်းခဲ့သည့် ဆီးနှင်းများကြောင့် ဒေသခံများအနေဖြင့် ပြင်းထန်သောအအေးဒဏ်ကို ခံစားနေရကြောင်း၊ ထို့ပြင် ဆီးနှင်းများထူထပ်စွာကျဆင်းမှုက မြင်ကွင်းများကို ဝေဝါးစေခြင်းကြောင့် နိုင်ငံ၏ မနီတိုးဘားခရိုင်ရှိ အန်တူးအဝေးပြေး လမ်းမကြီးတစ်လျှောက် ယာဉ်မတော်တဆမှုများ ဖြစ်ပွားခဲ့ပြီး အဆိုပါမတော်တဆမှုများအတွင်း လူငါးဦး သေဆုံးခဲ့ကြောင်း အိစတန်းကေ့ သယ်ယူပို့ဆောင်ရေးဌာနမှ ပြောရေးဆိုခွင့်ရှိသူ ယူနသီဘန်ကို့စ်က ပြောကြားခဲ့သည်။

တောင်အာဖရိက မိုးလေဝသဌာနက နိုင်ငံ၏ အရှေ့ပိုင်းဒေသများတွင် မိုးသည်းထန်စွာရွာသွန်းခြင်း၊ လေပြင်းတိုက်ခတ်ခြင်းနှင့် ဆီးနှင်းများ ကျဆင်းခြင်းသည် ယခုရက်သတ္တပတ်အတွင်း ဆက်လက်ဖြစ်ပေါ်နေမည် ဖြစ်သောကြောင့် ဒေသခံများကို သတိပြုနေထိုင်ကြရန် သတိပေးထားကြောင်း သိရသည်။

တောင်အာဖရိကနိုင်ငံသည် ဇွန်လမှ သြဂုတ်လအတွင်းနှင်းကျလေ့ရှိပြီး လက်ရှိတွင် အပူချိန်သည် သုညဒီဂရီစင်တီဂရိတ်ရှိကြောင်း၊ ယခုလလယ်တွင် အအေးပိုလာနိုင်သည်ဟု မိုးလေဝသဌာနက ခန့်မှန်းထားကြောင်း သိရသည်။

Ref : Sputnik News
Trs : KZ

ကနေဒါနိုင်ငံ ဂယ်လ်ဂါရီမြို့တွင် တောမီးလောင်ကျွမ်းမှုမှ ထွက်ပေါ်လာသည့် မီးခိုးငွေ့များကြောင့် လေထုညစ်ညမ်းမှုဖြစ်ပေါ်နေ

အော့တဝါ ဇွန် ၁၁

ကနေဒါနိုင်ငံ အယ်ဘာတ်တာပြည်နယ် ဂယ်လ်ဂါရီမြို့တွင် တောမီးလောင်ကျွမ်းမှုမှ ထွက်ပေါ်လာသည့် မီးခိုးငွေ့များဖုံးလွှမ်းမှုကြောင့် လေထုညစ်ညမ်းမှုများ ဖြစ်ပေါ်နေကြောင်း Environment Canada က သတိပေးချက် ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ဖြစ်ပေါ်နေသည့် လေထုညစ်ညမ်းမှုပမာဏသည် ကျန်းမာရေးကို ထိခိုက်စေနိုင်သည့် အဆင့်ဖြစ်သည့်အတွက် လေထုညစ်ညမ်းမှုဖြစ်ပေါ်ချိန် ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အယ်ဘာတ်တာပြည်နယ်နှင့် အနီးပတ်ဝန်းကျင်မှ ပြည်နယ်များတွင် တောမီးလောင်ကျွမ်းမှု အရှိန်ပြင်းထန်နေဆဲဖြစ်ပြီး မီးခိုးငွေ့များ ထပ်မံထွက်ပေါ်လာနိုင်သည့်အတွက် လေထုညစ်ညမ်းမှု အခြေအနေများ ပိုမိုဆိုးရွားလာနိုင်ကြောင်း Environment Canada က ထုတ်ပြန်ခဲ့သည်။

"တောမီးလောင်ကျွမ်းမှုကနေ ထွက်ပေါ်လာတဲ့ မီးခိုးငွေ့တွေကြောင့် လေထုညစ်ညမ်းမှုတွေ ဖြစ်ပေါ်နေပါတယ်။ မီးခိုးငွေ့တွေကြောင့် မြင်ကွင်းမရှင်းတဲ့ အခြေအနေမျိုးဖြစ်တဲ့အတွက် ယာဉ်မတော်တဆမှုတွေ ဖြစ်ပေါ်နိုင်တဲ့ အခြေအနေမျိုးဖြစ်တယ်။ လေထုညစ်ညမ်းမှုဟာလဲ ကျန်းမာရေးကို ထိခိုက်စေနိုင်တဲ့ အခြေအနေဖြစ်တဲ့အတွက် မလိုအပ်ဘဲ အပြင်ကို လှုပ်ရှားသွားလာတာမျိုး မလုပ်ကြဖို့ တိုက်တွန်းအပ်ပါတယ်။ ဂယ်လ်ဂါရီမြို့မှာ ဖြစ်ပေါ်နေတဲ့ လေထုညစ်ညမ်းမှု အခြေအနေဟာ ကျန်းမာရေးကို ဆိုးရွားစွာ ထိခိုက်စေနိုင်တဲ့ အခြေအနေဖြစ်ပါတယ်"ဟု Environment Canada မှ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Russia Today
Trs : Sai Sat

ဟာရီကိန်းရာသီအပြီးတွင် FEMA ကို တရားဝင် ဖျက်သိမ်းသွားမည်ဖြစ်ကြောင်း အိမ်ဖြူတော်အစိုးရထုတ်ပြန်

ဝါရှင်တန် ဇွန် ၁၁

အမေရိကန်သမ္မတ ဒေါနယ်ထရန့်သည် ဟာရီကိန်းမုန်တိုင်းရာသီအပြီးတွင် ဇွန် ၁ ရက်မှစတင်၍ သဘာဝဘေးဒဏ်သင့်ပြည်သူများကို ကူညီပံ့ပိုးပေးသော အမေရိကန် ဖက်ဒရယ်အရေးပေါ်စီမံခန့်ခွဲရေးအေဂျင်စီ(FEMA) ကို နိုဝင်ဘာ ၁ ရက်တွင် တရားဝင် ဖျက်သိမ်းသွားမည်ဖြစ်ကြောင်း အိမ်ဖြူတော်အစိုးရက ထုတ်ပြန်ကြေညာခဲ့သည်ဟု ယနေ့ သတင်းများတွင်ဖော်ပြထားသည်။

အိမ်ဖြူတော်အစိုးရအနေဖြင့် အမေရိကန်ဖက်ဒရယ်အရေးပေါ်စီမံခန့်ခွဲရေးအေဂျင်စီ(FEMA)ကို ငွေကြေးပံ့ပိုးနေမှု ဖြတ်တောက်သွားရန်ရည်ရွယ်၍ အဖွဲ့ကို ဖျက်သိမ်းသွားရန် စီစဉ်လာခြင်းဖြစ်ကြောင်း၊ သဘာဝဘေးဒဏ်သင့် ဒေသနှင့် ပြည်သူများကို ယခုနှစ် ဟာရီကိန်းမုန်တိုင်းရာသီအတွင်း ကူညီပံ့ပိုးမှုများကို အမေရိကန် ဖက်ဒရယ်အရေးပေါ်စီမံခန့်ခွဲရေးအေဂျင်စီ(FEMA)မှတစ်ဆင့် ကူညီပံ့ပိုးပေးသွားမည်ဖြစ်သော်လည်း ဟာရီကိန်း မုန်တိုင်းရာသီအပြီး အမေရိကန်ဖက်ဒရယ်အရေးပေါ်စီမံခန့်ခွဲရေးအေဂျင်စီ(FEMA)ကို ဖျက်သိမ်းပြီးနောက် သဘာဝဘေးဒဏ်သင့် ပြည်သူများနှင့် ဒေသများကို ဖက်ဒရယ်အစိုးရက တိုက်ရိုက်ကူညီပံ့ပိုးမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်းသိရသည်။

"ကျွန်တော်တို့ အစိုးရအဖွဲ့ အနေနဲ့ သိသာကွဲပြားတဲ့ဆောင်ရွက်ချက်တွေနဲ့ အလုပ်လုပ်နေပါတယ်။ ကျွန်တော်တို့ရဲ့ အဓိကမူဝါဒကတော့ ဘတ်ဂျက်ငွေနည်းနည်းပဲထွက်အောင် လုပ်ဆောင်သွားမယ်။ သဘာဝဘေးဒဏ်သင့် ပြည်သူတွေနဲ့ ဒေသတွေကို ကူညီပံ့ပိုးတဲ့အခါမှာလဲ ကြားခံအဖွဲ့အစည်းမထားတော့ဘဲ တိုက်ရိုက်ကူညီပံ့ပိုးသွားမယ်။ ကူညီပံ့ပိုးမှုတွေအားလုံးဟာ အမေရိကန်သမ္မတရုံးကနေပဲ အားလုံးတိုက်ရိုက်သွားမှာဖြစ်ပါတယ်။ သမ္မတရုံးကနေ တိုက်ရိုက်ကူညီပံ့ပိုးတဲ့ နေရာမှာ တာဝန်ယူနိုင်တဲ့အဖွဲ့အစည်းတွေ သမ္မတရုံးမှာရှိပါတယ်"ဟု အမေရိကန်သမ္မတ ဒေါနယ်ထရန့်က ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Sputnik News
Trs : Sai Sat

ဗြိတိန်နိုင်ငံက ဂေဟစနစ်ကာကွယ်ရေးအတွက် ရေအောက်သတ္တဝါများကို ကာကွယ်သွားရန် ပိုက်ကွန်အသုံးပြုငါးဖမ်းခြင်းကို ဆက်လက်တားမြစ်မည်

လန်ဒန် ဇွန် ၁၁

ဗြိတိန်နိုင်ငံသည် ဂေဟစနစ်ကာကွယ်ရေးအတွက် ဗြိတိန်တော်ဝင်မင်းသား ဝီလီယံက ပြင်သစ်နိုင်ငံ နိုက်စ်မြို့တွင် ဇွန် ၉ ရက်မှ ၁၃ ရက်ထိ ကျင်းပနေသည့် U.N. Ocean Conference တွင် သမုဒ္ဒရာဇရိယာများကို ကာကွယ်သွားရန် ကမ္ဘာ့နိုင်ငံအသီးသီးမှ အစိုးရအဖွဲ့များနှင့် စီးပွားရေးလုပ်ငန်းရှင်များကို တိုက်တွန်းပြောကြားခဲ့ပြီးနောက် သဘာဝပတ်ဝန်းကျင် ဝန်ကြီးဌာနက ရေလုပ်ငန်းများတွင် ပိုက်ကွန်များ အသုံးပြုခြင်းကို ဆက်လက်တားမြစ်သွားမည် ဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်ဟု ဇွန် ၁၀ ရက် သတင်းများတွင် ဖော်ပြထားကြောင်း သိရသည်။

ဗြိတိန်နိုင်ငံ၏ ရေဇရိယာ စတုရန်းကီလိုမီတာ ၁၈၀၀၀ အတွင်း ငါးဖမ်းပိုက်ကွန်များ အသုံးပြုခြင်းကို တားမြစ်ထားပြီး ၎င်းတားမြစ်ချက် အတိုင်းပင် ဆက်လက်ကျင့်သုံးသွားမည်ဖြစ်ကြောင်း သဘာဝပတ်ဝန်းကျင် ဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်။

"ရေအောက်ကြမ်းပြင်ထိ ငါးဖမ်းပိုက်ကွန်တွေချပြီး ငါးဖမ်းတာဟာ ဂေဟစနစ်ကို ပျက်စီးစေတယ်။ ရေအောက်သတ္တဝါတွေရဲ့ အနာဂတ်အတွက် အန္တရာယ်ရှိတဲ့ လုပ်ရပ်ဖြစ်ပါတယ်။ ဒါကြောင့် ရေလုပ်ငန်းမှာ ငါးဖမ်းပိုက်ကွန်တွေအသုံးပြုတာကို ဆက်လက်တားမြစ်သွားမှာ ဖြစ်ပါတယ်"ဟု သဘာဝပတ်ဝန်းကျင် ဝန်ကြီးစတိဖ်ရိဒ်က ပြောကြားခဲ့သည်။

ဗြိတိန် တော်ဝင်မင်းသား ဝီလီယံက နိုင်ငံတကာမှ ခေါင်းဆောင်များကိုသမုဒ္ဒရာဇရိယာများ ကာကွယ်သွားရန် တိုက်တွန်းမှုများပြုလုပ်နေသကဲ့သို့ ဗြိတိန်အာဏာပိုင်အဖွဲ့အစည်းကလည်း ဗြိတိန်နိုင်ငံအတွင်းရှိ ရေဇရိယာများကို ကာကွယ်စောင့်ရှောက်သွားရန် အရှိန်မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သဘာဝပတ်ဝန်းကျင် ဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်။

Ref : Sputnik News
Trs : Sai Sat

ရုရှားနိုင်ငံတောင်ပိုင်း ရော့တော့ဒေသတွင် မိုးခေါင်ရေရှားမှုပြဿနာကြောင့် စပါးစိုက်ပျိုးရေးလုပ်ငန်းများ ထိခိုက်လာ

မော်စကို ဇွန် ၁၁

ရုရှားနိုင်ငံတောင်ပိုင်း စပါးအဓိကထွက်ရှိရာ ရော့တော့ဒေသတွင် မိုးခေါင်သည့်ပြဿနာဖြင့် ရင်ဆိုင်နေရပြီး မိုးခေါင်မှုကြောင့် စပါးစိုက်ပျိုးရေးလုပ်ငန်းများ ထိခိုက်နစ်နာမှုများရှိလာကြောင်း ရော့တော့ဒေသဆိုင်ရာ အုပ်ချုပ်ရေးမှူးက ဇွန် ၁၀ ရက်တွင် ပြောကြားခဲ့ကြောင်း ယနေ့ သတင်းများအရ သိရသည်။

လက်ရှိတွင် ရော့တော့ဒေသ၌ မိုးခေါင်မှုကြောင့် စပါးစိုက်ခင်းများ ပျက်စီးဆုံးရှုံးမှုရှိခဲ့သည့်အတွက် ဒေသအာဏာပိုင်များက စိုက်ခင်း ပျက်စီးခဲ့သည့်ပမာဏပေါ် မူတည်ပြီး တောင်သူများကို လျော်ကြေးပေးသွားရန် စီစဉ်နေကြောင်း၊ ရော့တော့ဒေသသည် စပါးအများဆုံးစိုက်ပျိုးထွက်ရှိသည့် ဒေသဖြစ်ပြီး မိုးခေါင်မှုကြောင့် အထွက်နှုန်းကျဆင်းမှုသည် ပြည်တွင်း ဆန်ဖူလုံမှုကို ထိခိုက်စေနိုင်ကြောင်း၊ မိုးခေါင်ကာ အပူလွန်ကဲခြင်းက စိုက်ပျိုးရေး လုပ်ငန်းများတွင် အခက်အခဲများစွာဖြစ်စေကြောင်း ရော့တော့ဒေသဆိုင်ရာ အာဏာပိုင်များက ပြောကြားခဲ့သည်။

"စပါးတွေ စတင်စိုက်ပျိုးကတည်းက တောင်သူတွေအနေနဲ့ ရာသီဥတုလွန်ကဲမှုပြဿနာကို ရင်ဆိုင်ခဲ့ကြရပါတယ်။ စိုက်ပျိုးရေးလုပ်ငန်းတွေ အဆင်မပြေဖြစ်အောင်ထိ ရေရရှိမှုခက်ခဲခဲ့သလို အပူရှိန်လဲ ပြင်းထန်ခဲ့ပါတယ်။ ဒါကြောင့် အဲဒီဒေသမှာရှိတဲ့ ခရိုင်အလိုက်ကို မိုးခေါင်မှုအရေးပေါ် အခြေအနေ သတ်မှတ်လိုက်တာပါ"ဟု ရော့တော့ဒေသအာဏာပိုင်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူ ယူရီဆလျူဆာက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Russia Today
Trs : KZ

သစ်ပင်စိုက်ပါ တို့ကမ္ဘာ
သာယာလှပ စိမ်းမြမြ

ကျောရိုးမဲ့ရေသတ္တဝါဗောင်းခရု၏သဘာဝနှင့် အသုံးဝင်ပုံ

ခရု၏သဘာဝ

ခရုသည် ကမ္ဘာအနှံ့ ပတ်ဝန်းကျင်အနေအထား အမျိုးမျိုးဖြစ်ကြသည့် ဖြစ်၊ ချောင်း၊ မြောင်း၊ အလွန်နက်ရှိုင်းသည့် ပင်လယ်၊ ကုန်းမြေနှင့် သဲကန္တာရတို့တွင် နေထိုင်ကျက်စားကြသည်။ ခရုမျိုးစိတ်ပေါင်းသိန်းဂဏန်းထိပင် ရှိနိုင်ကြောင်း ပညာရှင်များ ခန့်မှန်းကြသည်။ အချို့ခရုမျိုးစိတ်များသည် အပင်စားသတ္တဝါများဖြစ်ပြီးအချို့သည် အစုံစားသတ္တဝါများဖြစ်ကြသည်။ အရွယ်အစားမှာလည်း အမျိုးမျိုးရှိပါသည်။ အလွန်သေးငယ်သော အရွယ်အစားမှ စကာ အာဖရိကတိုက်အချို့ခရုမျိုးသည် ၁၅ လက်မ အရွယ်ထိကြီးပြီး အချို့ပင်လယ်ခရုမျိုးများသည် ၃၅ လက်မထိပင် ကြီးမားကြကြောင်း လေ့လာသိရှိရပါသည်။ ခရုတွင် အထီးအမအင်္ဂါနှစ်မျိုးစလုံးပါရှိပြီး မိတ်လိုက်၍သော်လည်းကောင်း၊ အလိုအလျောက်သော်လည်းကောင်း မျိုးအောင်ကြသည်။ တစ်ကြိမ်လျှင် ဥပေါင်း ၁၀၀ မှ ၄၀၀ ထိ ဥနိုင်ကြပါသည်။

ခရုအမျိုးအစားများ

ခရုအမျိုးမျိုးပါဝင်သောခရုမျိုးပေါင်းစုကြီး တစ်ခုလုံးကို ကိုယ်ခန္ဓာပျော့သောသတ္တဝါမျိုးဟု အဓိပ္ပာယ်ဖော်ပြသည်။ ခရုမျိုးပေါင်းစုတွင်ခရု၊ယောက်သွား၊ ကမာ၊ ပက်ကျိတို့သာမက၊ ကင်းမွန်၊ ဘဝဲစသော သတ္တဝါများလည်းပါဝင်သည်။ ထိုသတ္တဝါများ၌ မျိုးသောအားဖြင့် ကိုယ်ခန္ဓာကို ဖုံးအုပ်ကာကွယ်ထားသော အခွံမာများရှိကြသော်လည်း အချို့တွင် လုံးဝမပါချေ။ အချို့တွင်ပါပြန်သော်လည်း သေးငယ်၍ သော်လည်းကောင်း၊ ကိုယ်ထဲ၌ နစ်မြုပ်၍သော်လည်းကောင်းရှိတတ်သည်။ အခွံပါရှိသော်လည်း ခရုလုံးကဲ့သို့ အခွံတစ်ခုတည်းပါရှိသော ခရုမျိုးဖြစ်ကခွံထီးခရုဟူ၍လည်းကောင်း ယောက်သွားကဲ့သို့ အခွံနှစ်ခြမ်းစပ်ရှိပါက အခွံစုံခရုဟူ၍လည်းကောင်း ခေါ်သည်။ အခွံပါသည်ဖြစ်စေ၊မပါသည်ဖြစ်စေ အခွံဖြစ်ပေါ်ဖန်တီးပေးနိုင်သော အပေါ်ယံအရေခွံ တစ်ထပ်သည်အားလုံးမှာပင်ပါရှိကြ၏။ ရေငန်တွင် ခရုမျိုးပေါင်းစုံကိုတွေ့ရ၏။ သို့သော် ရေချိုနှင့်ကုန်းပေါ်တွင်နေသော ခရုမျိုးလည်းရှိသေးသည်။

ကမ္ဘာအရပ်ရပ်၌ ခရုမျိုးပေါင်း ၈၅၀၀၀ ခန့်မျှရှိ၍ ၎င်းတို့ကို အောက်ပါအတိုင်းမျိုးပေါင်း ၅ မျိုး ခွဲခြားထားသည်။ ၎င်းတို့မှာ

- ဝမ်းဗိုက်ဖြင့်သွားသောခရုမျိုး
- အခွံစုံခရုမျိုး
- ဦးခေါင်းတွင်ခြေထောက်ပေါက်သော ရေငန်ခရုမျိုး
- မာသောအခွံရှိသောရေငန်ခရုမျိုး
- ဆင်စွယ်နှင့် ပုံသဏ္ဌာန်တူသောအခွံရှိခရုမျိုးတို့ရှိကြသည်။

ထိုခရုမျိုးပေါင်း ၅ မျိုးတွင်ပါဝင်သော ဝမ်းဗိုက်ဖြင့်သွားသော ခရုအမျိုးအစားဖြစ်သည့် ဗောင်းခရုအကြောင်းကို ဖော်ပြပါမည်။

ဗောင်းခရု

ဗောင်းခရုဆိုသည်မှာ ပက်ကျိ၊ ကမာ၊ ယောက်သွား၊ ခုံးတို့ကဲ့သို့အုပ်စုတွင် ပါဝင်ကြပြီး ကျောရိုးမဲ့ရေသတ္တဝါများဖြစ်ကြသည်။

ဗောင်းခရုအလှကုန်ပစ္စည်း

ထိုင်းနိုင်ငံတွင် ဗောင်းခရုအပါအဝင် ခရုများမှ ထွက်ရှိသည့် အကျိအချွဲထုတ်ယူသည့်လုပ်ငန်းကြောင့် ဝင်ငွေတိုးလျက်ရှိကြောင်း သိရှိရသည်။ ခရု၏ အကျိအချွဲမှ ကော်လျင်ဓာတ်သည် အနာလိမ်းဆေး၊ နေလောင်ခံအလှဆီ၊ အလှပြင်ဆီပစ္စည်းများကိုဖော်စပ်ရာတွင် အသုံးပြုနိုင်ကြောင်း၊ လယ်သမားတစ်ဦးသည် ခရုကောင်ရေ ၁၀၀၀ မှ တစ်လလျှင် ဒေါ်လာ ၃၂၀ မှ ၆၅၀ ထိပင် ဝင်ငွေရရှိနိုင်ကြောင်း သိရသည်။

ဗောင်းခရုအသုံးဝင်ပုံ

ဗောင်းခရု အသားကိုစားရသည်မှာ အိစက်နူးညံ့လွန်းပြီး အရသာသည် ဝက်သားနှင့်တူသည်။ ဗောင်းခရုအသားစျေးမှာ စျေးကြီးသကဲ့သို့ ဗောင်းခရုအခွံသည်လည်း ရောင်းတန်းဝင်တန်ဖိုးကြီးသည်။ ဗောင်းခရုခွံကို ပန်းချီကားများ ဖန်တီးရာမှာ သုံးကြသကဲ့သို့ ကြယ်သီး၊ ဆံညှပ်စသည့်လက်မှုအနုပညာ ဖန်တီးရန်အတွက် အသုံးပြုကြသည်ဟု သိရသည်။ ဆေးဖော်စပ်ရာတွင်လည်း သုံးကြသည်။ ဆီးအောင့်ဝေဒနာရှင်များအနေဖြင့် ဆီးအောင့်ပါက ဗောင်းခရုခွံကို သွေးပြီးဆီးခုံပေါ် ခပ်ထူထူလေးလိမ်းခြင်းဖြင့် သက်သာစေနိုင်သည်။

ဗောင်းခရုခွံဖြစ်ပေါ်လာပုံ

ဗောင်းခရုကိုယ်၏ ကျောမှစိမ့်၍ ထွက်လာသော အရည်သည် စစ်၍ခြောက်သွားသောအခါ ခရုခွံဖြစ်လာသည်။ ထိုအခွံများတွင် အဓိကပါဝင်သော ပစ္စည်းတို့မှာ ထုံးကျောက်၊ မြေဖြူ၊ စကျင်ကျောက်စသည်တို့၏ အရင်းခံပစ္စည်းဖြစ်သော ကယ်လဆီယမ်ကာဗွန်နိတ်ပင်ဖြစ်သည်။ ထို့ကြောင့် ခရုခွံများကို မီးပြင်းတိုက်လျှင် ထုံးရစမြဲဖြစ်၏။ ခရုကောင်ကြီးမားလာလေလေ၊ အခွံလည်းထူလာလေလေဖြစ်သည်။

အာဟာရပြည့်ဝသည့်ဟင်းလျာ

ဗောင်းခရုတွင် ပရိုတီန်း၊ သံဓာတ်၊ ဗီတာမင် B-12၊ မဂ္ဂနီဆီယမ်၊ ဆီလီယမ်နှင့် Omega-3 တို့ပါဝင်သည်။ အဆီဓာတ်နည်းပြီး ကိုလက်စထရောပါဝင်မှုနည်းပါးသဖြင့် ကျန်းမာရေးအတွက် အလွန်ကောင်းမွန်ကြောင်း လေ့လာသိရှိရသည်။ မြန်မာနိုင်ငံအပါအဝင် အာရှနိုင်ငံများတွင်လည်း ရေးကတည်းကပင် ခရုကို နည်းအမျိုးမျိုးဖြင့် ချက်ပြုတ်စားသောက်ကြသည်။ အာဖရိကနိုင်ငံအချို့တွင် Giant Snail ဟုခေါ်သော ခရုကြီးများကိုလည်း စားသုံးနေကြကြောင်း လေ့လာမှတ်သားရသည်။ ထို့ကြောင့် အချို့နိုင်ငံများတွင် ခရုမွေးမြူရေးကိုပင် စီးပွားဖြစ်လုပ်ကိုင်နေကြပြီဖြစ်သည်။

ဗောင်းခရုနှင့် ကျန်းမာရေး

ဗောင်းခရုဟင်းလျာသည် စားသောက်ဆိုင်များ၏ စားဖွယ်ဟင်းလျာများထဲတွင် လူကြိုက်များသော ဟင်းလျာတစ်ပွဲပင်ဖြစ်သည်။ ဗောင်းခရုကို ဗောင်းခရုသုပ်၊ ဗောင်းခရုချဉ်စပ်၊ ဗောင်းခရုဟင်းချိုဟူ၍ အမျိုးမျိုးချက်ပြုတ်စားသောက်ကြသည်။ ဗောင်းခရုကို ကြိုက်ကြသူများရှိသကဲ့သို့ တချို့မှာခရုနှင့် ဓာတ်မတည့်သော သူများလည်းရှိသည်။ သို့သော် ဗောင်းခရုစားခြင်း၏ ကျန်းမာရေးအကျိုးကျေးဇူးများစွာရှိသည်။

❖ဗောင်းခရုသည် ဗီတာမင် B-12 ကြွယ်ဝသောအစားအစာတစ်ခုဖြစ်သောကြောင့် အာရုံကြောအားကောင်းဖို့အတွက်လည်း ကူညီပေးနိုင်မည်ဖြစ်ပါသည်။ သွေးပေါင်ချိန်ထိန်းညှိရန်၊ နှလုံးအားကောင်းရန်နှင့် အရိုးများသန်မာရန်အတွက် မဂ္ဂနီဆီယမ်ဓာတ်သည် မရှိမဖြစ်လိုအပ်သည်။ ထို့ကြောင့် မဂ္ဂနီဆီယမ်ဓာတ်ကြွယ်ဝသော အစားအသောက်တစ်ခုကို ဖြည့်စွက်စာအနေဖြင့်စားမည်ဆိုလျှင် ဗောင်းခရုမှာအကောင်းဆုံးဖြစ်သည်။ ကိုယ်ခန္ဓာတွင် Selenium ဓာတ်များစွာမလိုအပ်သော်လည်း ခုခံအားစနစ်နှင့်ကိုယ်တွင်းဆဲလ်များ ထိခိုက်ခြင်းကို ကာကွယ်ပေးရန်အတွက် Selenium သည် ထိုက်သင့်သလောက်ရှိရမည်ဖြစ်သည်။❖

ပရိုတင်းဓာတ် ကြွယ်ဝခြင်း

ပင်လယ်စာတို့၏ ထုံးစံအတိုင်း ဗောင်းခရုသည် ကယ်လိုရီပါဝင်မှုနည်းသော ပရိုတင်းဓာတ်ကြွယ်ဝသည့် အသားတစ်မျိုးဖြစ်သည်။ ထို့ကြောင့် ကိုယ်အလေးချိန် လျှော့ချနေသူများ၊ ကြွက်သားတက်အောင်လုပ်နေသော သူများအတွက် စားပေးသင့်သော အသားတစ်မျိုးပဲဖြစ်သည်။ ပင်လယ်စာများ အားလုံးထဲမှာမှ ခရုသည်ပရိုတင်းဓာတ်အကြွယ်ဝဆုံးဖြစ်သည်။

သံဓာတ် ကြွယ်ဝခြင်း

ဗောင်းခရုသည် သံဓာတ်အကြွယ်ဝဆုံးအစားအစာများထဲမှ တစ်ခုဖြစ်သည့်အတွက် သံဓာတ်ချို့တဲ့ပြီး သွေးအားနည်းရောဂါခံစားနေရသူများအတွက် အလွန်သင့်တော်သည့် အစားအစာတစ်ခုဖြစ်ပါသည်။

ဗီတာမင် B-12 ကြွယ်ဝခြင်း

ဗောင်းခရုသည် ဗီတာမင် B-12 ကြွယ်ဝသော အစားအစာတစ်ခုဖြစ်သောကြောင့် အာရုံကြောအားကောင်းဖို့အတွက်လည်း ကူညီပေးနိုင်မည်ဖြစ်ပါသည်။ သွေးပေါင်ချိန် ထိန်းညှိရန်၊ နှလုံးအားကောင်းရန်နှင့် အရိုးများသန်မာရန်အတွက် မဂ္ဂနီဆီယမ်ဓာတ်သည်မရှိမဖြစ်လိုအပ်သည်။ ထို့ကြောင့် မဂ္ဂနီဆီယမ်ဓာတ်ကြွယ်ဝသော အစားအသောက်တစ်ခုကို ဖြည့်စွက်စာအနေဖြင့် စားမည်ဆိုလျှင် ဗောင်းခရုမှာ အကောင်းဆုံးဖြစ်သည်။ ကိုယ်ခန္ဓာတွင် Selenium ဓာတ်များစွာ မလိုအပ်သော်လည်း ခုခံအားစနစ်နှင့် ကိုယ်တွင်းဆဲလ်များ ထိခိုက်ခြင်းကို ကာကွယ်ပေးရန်အတွက် Selenium သည် ထိုက်သင့်သလောက်ရှိရမည်ဖြစ်သည်။ဗောင်းခရုတွင် ကိုယ်တွင်းလိုအပ်ချက်စနစ်နှင့် ကိုက်ညီသော Selenium ပါဝင်သည့်အတွက် စားပေးသင့်သည်။

နှလုံးအတွက် အမှန်တကယ်အရေးကြီးသော Omega-3 သည်ပင်လယ်စာတိုင်းတွင် ပါသကဲ့သို့ ဗောင်းခရုတွင်လည်း ကြွယ်ဝစွာပါသည့်အတွက် ဗောင်းခရုသည်နှလုံးအတွက် အကောင်းဆုံးအစားအစာတစ်ခုဖြစ်သည်။

အချုပ်အားဖြင့် ဆိုရသော်

ကျောရိုးမဲ့ရေသတ္တဝါဗောင်းခရုသည် သဘာဝ အားဖြင့် ထူးခြားလှသည့်အပြင် အရသာလည်းကောင်းမွန်၍ ကျန်းမာရေးအကျိုးကျေးဇူးလည်းများပြားလှသဖြင့် စားပေးသင့်သော ပင်လယ်စာဖြစ်ပါကြောင်း လေ့လာရေးသားလိုက်ရပါသည်။

ကိုးကား

- မြန်မာ့စွယ်စုံကျမ်းအတွဲ(၇)
- ငါးလုပ်ငန်းစာစဉ်အတွဲ(၁)၊အမှတ်(၃)
- Fish Base of Myanmar
- Inland Fisheries of Myanmar

နှင်းအိ(ရာမညမြေ)

ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်မည့်သူများအနေဖြင့် မလိုလားအပ်သော ဆုံးရှုံးမှုများမဖြစ်ပေါ်စေရေး သတ်မှတ်ချက်များနှင့်အညီဆောင်ရွက်ရန် တိုက်တွန်းနှိုးဆော်ခြင်း

၁။ ပြည်ပတွင် သွားရောက်လုပ်ကိုင်မည့်သူများအနေဖြင့် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ် (Passport for Job-PJ) လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC) လျှောက်ထားရယူခြင်းတို့မရှိဘဲ ပြည်ပအလည်အပတ်နိုင်ငံကူးလက်မှတ်(Passport for Visit-PV)ကိုသာ လျှောက်ထားရယူထားပြီး ပြည်ပအလုပ်အကိုင်ဗီဇာများရယူကာ လေကြောင်းခရီးဖြင့် ပြည်ပထွက်ခွာရန်ဆောင်ရွက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာက လေဆိပ်တွင်စိစစ်သည့်အခါ သတ်မှတ်ချက်များနှင့်မကိုက်ညီသည့်အတွက် ပြည်ပသို့ထွက်ခွာခွင့်မရခြင်းများကြောင့် လေယာဉ်လက်မှတ်ခအပါအဝင် အခြားသောကုန်ကျစရိတ်များ ဆုံးရှုံးရသည့်ဖြစ်စဉ်များ ဖြစ်ပေါ်လျက်ရှိပါသည်။

၂။ သို့ပါ၍ ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်လိုသူများအနေဖြင့် မလိုလားအပ်သည့် ဆုံးရှုံးနစ်နာမှုများမဖြစ်ပေါ်စေရေးအတွက် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ်(Passport for Job-PJ)လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC)လျှောက်ထားရယူခြင်းတို့အား ဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။ **အလုပ်သမားဝန်ကြီးဌာန**

MIA ကိုယ်ပိုင်ကျောင်းတွင် လုပ်ကိုင်ရန် ယာဉ်မောင်းဝန်ထမ်းခေါ်ယူခြင်း

- အမျိုးသား (၄)ဦး
- ယာဉ်မောင်းလိုင်စင်ရှိပြီး ယာဉ်ကို ကျွမ်းကျင်စွာ မောင်းနိုင်ရမည်။
- ဆက်ဆံရေးကောင်းမွန်ပြေပြစ်ရမည်။
- ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။
- လျှောက်ထားလိုသူများသည် အလုပ်လျှောက်လွှာ၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ အိမ်ထောင်စု လူဦးရေစာရင်းမိတ္တူ၊ လိုင်စင်ဓာတ်ပုံ (၁)ပုံတို့ကို အောက်ပါလိပ်စာသို့ လူကိုယ်တိုင်လာရောက် လျှောက်ထားနိုင်ပါသည်။

လိပ်စာ။ MIA ကိုယ်ပိုင်ကျောင်း ၅၉ လမ်းနှင့် လမ်း ၄၀ ထောင့် ရဲမွန်တောင်ရပ်ကွက်၊ မန္တလေးမြို့
ဖုန်း ၀၉-၇၇၀၀၂၂၂၁၁, ၀၉-၉၆၄၄၃၃၂၂

ဖခင်အမည်မှန်

စဉ်ကိုင်မြို့နယ်၊ ပလိပ်အခြေခံပညာအထက်တန်းကျောင်း Grade-12 တွင် ပညာသင်ကြားနေသော မချစ်စုဝေ၏ဖခင်အမည်မှန်မှာ ဦးဇာနည်ကျော်ထက် ဖြစ်ပါကြောင်း။

ဦးဇာနည်ကျော်ထက် (၉/စကန(နိုင်)၀၉၀၆၆၀၇)

အဖိုးတန် ရေချိုကို ချွေတာပါ

ဖခင်အမည်မှန်

စစ်ကိုင်းမြို့၊ IBEC ကျောင်း တတိယတန်းတွင် ပညာသင်ကြားနေသော မောင်သူရိန်ဇော်၏ ဖခင်အမည်မှန်မှာ မွေးဖွားစာရင်းအရ ဦးရဲထက် အောင်ဖြစ်ပါကြောင်း။

ဦးရဲထက်အောင်(၈/ပခက(နိုင်)၂၆၅၀၄၅)

ပျောက်ဆုံးကြောင်း

ဟုမ္မလင်းမြို့နေ ဒေါ်စိန်သန်း (၅/ဟမလ(နိုင်)၀၃၅၇၇၃)ဝယ်ယူ ထားသော ဒေါ်အိအိခိုင် အမည်ပေါက် 09-2031687 ၏ ဖုန်းကတ်နှင့် စာရွက်စာတမ်းများ ပျောက်သွားပါသဖြင့် အသစ်ပြန်လျှောက်ထားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်စိန်သန်း
(၅/ဟမလ(နိုင်)၀၃၅၇၇၃)

အမည်မှန်

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ အထက (၁၄)၊ Grade-7 တွင် ပညာသင်ကြားနေသော (ဘ) ဦးငြိမ်းချမ်းဦး၏သား မောင်အုံ့ဖုန်းမြတ်၏အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ မောင်အုံ့ဘုန်းမြတ်ဖြစ်ပါကြောင်း။ မောင်အုံ့ဘုန်းမြတ်

ပျောက်ဆုံးကြောင်း

ကွတ်ခိုင်မြို့၊ ရပ်ကွက်(၈)နေ မောင်လောဆီ (ခ) ဟူတဲ့ချိန် (ဘ) ဦးဟူအန်းမြင့်(၁၃/ကခန(နိုင်)၀၄၆၀၂)၏ နိုင်ငံကူးလက်မှတ် အမှတ်(MB-063242)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၄၀၀၀၃၆၈၈၈

ပျောက်ဆုံးကြောင်း

ရေတပ်ဦးစီးဌာန

လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ
လိုအပ်သည်ဟု ခံစားနေရပါက
သတင်းအချက်အလက်မျှဝေရာစင်တာသို့
ဆက်သွယ်နိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ပိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြှင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူ့အားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗဟဝါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ ရေအရင်းအမြစ်များတွင် မိုးကောင်းသောက်ရေ၊ဆည်ရေ၊မြစ်ချောင်းရေ၊ မြေအောက်ရေဟူ၍ ရှိပြီး စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများအတွက် လိုအပ်သည့်ရေကို မဖြစ်မနေရရှိအောင် ဆောင်ရွက်ပေးသွားရန်လို...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ် နိုဝင်ဘာ ၃၀ ရက်တွင် တွဲတေးမွေးမြူရေးဇုန် အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးစဉ် လမ်းညွှန်မှာကြားမှုမှ ကောက်နုတ်ချက်)

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ရေချိုထွက်ကုန် တန်ချိန် ၅၅၀၀၀၀ ကျော်မှ အမေရိကန်ဒေါ်လာ ၇၂၂ သန်းကျော်ရရှိခဲ့

ရန်ကုန် ဇွန် ၁၁

မြန်မာနိုင်ငံတွင် မွေးမြူရေးနှင့် စိုက်ပျိုးရေးကဏ္ဍကို ဟန်ချက်ညီဖွံ့ဖြိုးတိုးတက်စေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ပြည်တွင်းစားသုံးမှုနှင့် ပြည်ပပို့ကုန်အဖြစ် ရာသီမပြတ်မွေးမြူထုတ်လုပ်လျက်ရှိသည့် ရေချိုထွက်ကုန်များမှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်၌ ပြည်ပသို့ ရေချိုထွက်ကုန် တန်ချိန် ၅၅၀၀၀၀ ကျော်တင်ပို့မှုမှ

စာမျက်နှာ ၁၉ ကော်လံ ၁ ☆

ပြည်ပသို့တင်ပို့မည့် ငါးမြစ်ချင်းနှင့် ငါးခေါင်းပွများကို အအေးခန်းစက်ရုံသို့တင်ပို့ရန် ငါးမွေးကန်များတွင် ဖမ်းဆီး၍ ခြင်တွယ်နေမှုကို တွေ့ရစဉ်။

မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းနေခြင်းကြောင့် ဒေသအလိုက် နေရာကွက်၍ မိုးကြီးမည်

နေပြည်တော် ဇွန် ၁၁

ယနေ့ညနေ ၄ နာရီခွဲအချိန်တိုင်းထွာချက်များအရ ကပွလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းနေခြင်းကြောင့် လည်းကောင်း၊ အရှေ့ဘက်မှ ရွှေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း ယနေ့ညနေမှ ဇွန် ၁၇ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ရောဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် စာမျက်နှာ ၂၂ ကော်လံ ၁ ❑

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှူဦးစီးဌာန WRF မော်ဒယ်၏ ဇွန် ၁၁ ရက်မြန်မာစံတော်ချိန် ၆ နာရီခွဲအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ဇွန် ၁၂ ရက်မှ ၁၃ ရက်ထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ



အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

အာဆီယံ ယူ-၁၉ အမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲ အုပ်စု ဒုတိယပွဲစဉ်တွင် မြန်မာအသင်းက လာအိုအသင်းကို ခြောက်ဂိုး ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရရှိ

စာမျက်နှာ- ၉

အောင်သစ္စာဦးအထွေထွေအာမခံကုမ္ပဏီလိမိတက်

"ဆုံးရှုံးမှုအန္တရာယ်ဘေး မျှဝေခံစားပေးမှာ
အောင်သစ္စာဦး အာမခံပါ"

Hotline - 09-450450561, 09-450450562, 09-450450563